


# “ထုတ်ဖော်မှုအသစ်များနှင့် ဖိနှိပ်မှုအဟောင်းများ”

## မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ဖမ်းဆီး ထောင်ချနေမှု သံသရာအဆုံးသတ်ရေး

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် ကမ္ဘာ့လူသားတိုင်း လူ့အခွင့်အရေး ရရှိခံစားနိုင်ရန် ကမ္ဘာတဝန်းကြိုးပမ်းလှုံ့ဆော်နေသည့် လူပေါင်း ၇ သန်းကျော် ပါဝင်သော အဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ လူသားတိုင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများနှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ရရှိခံစားနိုင်စေရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွားရေးအကျိုးအမြတ်နှင့် ဘာသာရေး တို့မှ ကင်းလွတ်သောအဖွဲ့တစ်ခု ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လှူဒါန်းငွေများဖြင့် ရပ်တည်နေသော အဖွဲ့ဖြစ်သည်။

© အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ၂၀၁၆
ဤအစီရင်ခံစာပါအကြောင်းအရာများသည် Creative Commons အရ လိုင်စင်ယူထားပါသည်။
(ရည်ညွှန်းချက်ပေးခြင်း၊ စီးပွားဖြစ်မဟုတ်ခြင်း၊ ဆင့်ပွားအကျိုးအမြတ်မရှိခြင်းနှင့်
အပြည်ပြည်ဆိုင်ရာ ၄.၀) https://creativecommons.org/licenses/by-nc-nd/4.0/legalcode
နောက်ထပ်သိလိုပါက မိမိတို့၏ ဝက်ဆိုက် www.amnesty.org
မှ ခွင့်ပြုချက်များ စာမျက်နှာတွင် ကြည့်ပါ။
ပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ မဟုတ်ပဲ အခြားမူပိုင်ခွင့် ပိုင်ရှင်တစ်ဦးဦးကို
ရည်ညွှန်းခဲ့လျှင်မူ Creative Commons လိုင်စင်နှင့် အကျုံးမဝင်ပါ။

ပထမအကြိမ် - ၂၀၁၆ ပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် လီမီတက် မှ ထုတ်ဝေသည်။
Peter Benenson House, 1 Easton Street, London WC1X 0DW, UK

**အညွှန်း - ASA ၁၆ / ၃၄၃၀ / ၂၀၁၆_Burmese**
**မူရင်း - အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေ သည်။**
**amnesty.org**

**မျက်နှာဖုံး ဓာတ်ပုံ** - ဖိနှိပ်ချုပ်ချယ်သော ဥပဒေများဖျက်သိမ်း၍ နိုင်ငံရေးအရ ဖမ်းဆီးမှုများအဆုံးသတ်ရန်တောင်းဆိုသောစုဝေးပွဲ တခုတွင် ဆန္ဒပြသူတစ်ဦးက ပိုစတာစာတမ်းရေးသားနေစဉ်။ ရန်ကုန် ၅ ဇန်နဝါရီ ၂၀၁၃။
© စိုးသန်းဝင်း / AFP / Getty Images

# မာတိကာ


**၁။ အနှစ်ချုပ်**

**၂။ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချမှုများ သမိုင်းရှည်**

**၃။ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဖမ်းဆီးအကျဉ်းချမှုများ တိုးလာခြင်း**

၃.၁ ကာလရှည်ဖမ်းဆီး အကျဉ်းချခြင်းများ ပြန်လုပ်လာခြင်း

၃.၂ အဖွဲ့အစည်းများနှင့် လှုပ်ရှားမှုများကို အားနည်းအောင်လုပ်ခြင်း

၃.၃ ကြောက်ရွံ့မှုဖြစ်နေ ရှိနေအောင်ဖန်တီးထားခြင်း

၃.၄ အမျိုးသားရေးအုပ်စုများ၏ ဩဇာ

**၄ ဖိနှိပ်သော ဥပဒေမူပေါင်များ**

၄.၁ နိုင်ငံတကာဥပဒေမူပေါင် - လွတ်လပ်စွာပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များ

၄.၂ မြန်မာနိုင်ငံ၏ ဥပဒေမူပေါင်

**၅ နိုင်ငံရေးအရ ဖမ်းဆီး အကျဉ်းချနေမှု သံသရာ အဆုံးသတ်ရေး**

၅.၁ ခြွင်းချက်မရှိ ပြန်လွှတ်ပေးမှုများ

၅.၂ အလုပ်ဖြစ်သော ယုံကြည်ချက်အကျဉ်းသားရေးရာကော်မီတီ

၅.၃ ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေးအကျဉ်းသား ဟောင်းများအတွက် အကူအညီ

၅.၄ အခြားအကြံပြုချက်များ




↑ ဤအစီရင်ခံစာထဲတွင်ပါဝင်သော ယုံကြည်ချက်အကျဉ်းသားများနှင့် နိုင်ငံရေးအကျဉ်းသားများအား ချုပ်နှောင်ထားခဲ့၊ ချုပ်နှောင်ထားဆဲ ဖြစ်သော အကျဉ်းထောင်များရှိရာ မြို့များပြမြေပုံ။ © အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့

# ၁။ အနှစ်ချုပ်

"ခေတ်သစ် မြန်မာနိုင်ငံမှာ အရေးအပါဆုံး တိုးတက်မှု တစ်ခုကတော့
လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နဲ့ ဖွဲ့စည်းလှုပ်ရှားခွင့်တွေ ရရှိလာတာပဲ
ဖြစ်ပါတယ်။ မိမိရဲ့ အခွင့်အရေးကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးသူ
မည်သူတစ်ဦးတစ်ယောက်မှ ဖမ်းဆီးခံရတာ မရှိခဲ့ပါဘူး။"
၁၂-၈-၂၀၁၅ က နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် ၁

**"၂၀၁၂ နဲ့ ၂၀၁၃ ခုနှစ်တွေမှာ အခြေအနေတွေ တိုးတက်ကောင်းမွန်လာပြီး
ပျော့ပြောင်းလာသယောင် ရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၄-၂၀၁၅ ရောက်လာတော့
ကျောင်းသားတွေ၊ လယ်သမားတွေ၊ သမဂ္ဂအဖွဲ့ဝင်တွေ နဲ့ သတင်းသမားတွေ တရားစွဲခံရ၊
ထောင်ချခံရတာတွေ ရှိလာပါတယ်။ အဲဒါကြောင့် လူအများဟာ သူတို့လွတ်မြောက်ရေး၊
မိသားစုကို ထောက်ပံ့နိုင်ရေးတို့နဲ့ အလုပ်တွေ များကုန်ပါတယ်။"**
သက်သက်အောင်၊ နိုင်ငံရေးအကျဉ်းသူဟောင်း (ဇူလိုင်၊ ၂၀၁၅) ၂

ဆယ်စုနှစ်ငါးစုကြာ ဖိနှိပ်မှုနှင့် အာဏာရှင်စနစ်အောက်မှ ပွင့်လင်း လွတ်လပ်သော နိုင်ငံရေးစနစ်သို့ ဦးတည်ရင်း ပြီးခဲ့သည့် ငါးနှစ်အတွင်း လျှင်မြန်သော အပြောင်းအလဲများတွေ့ခဲ့ရသည့် မြန်မာနိုင်ငံတွင် အသစ်ရလာသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် စည်းရုံးလှုပ်ရှားခွင့် အခွင့်အရေးများ စိုးရိမ်စရာ ယိုယွင်းယိုင်နဲ့ လာသည့် အခြေအနေကို သက်သက်အောင်၏ ပြောပြချက်များက ဖော်ပြနေပါသည်။

သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းအစိုးရ တက်လာသည့် ၂၀၁၁ မတ်လမှ စတင်၍ မြန်မာနိုင်ငံတွင် အရေးပါသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့သည်။ ဤပြုပြင်ပြောင်းလဲမှုများနှင့်အတူ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများကို လေးစားလိုက်နာ အကာအကွယ်ပေးရေးအတွက် လုပ်ဆောင်ချက်များ

ရှိလာသည်ကိုလည်း တွေ့ခဲ့ရသည်။ ဤလုပ်ဆောင်ချက်များထဲမှ အဓိကကျပြီး တိုင်းပြည်ပြုပြင် ပြောင်းလဲရေးအမှတ်အသားအဖြစ် ရည်ညွှန်းပြောဆိုခံရသော လုပ်ရပ်တစ်ခုမှာ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ စုဝေးခွင့် စည်းရုံးလှုပ်ရှားခွင့် စသော အခွင့်အရေးများကို ကန့်သတ်ထားသော အချက်များကို ပယ်ဖျက်ပေးခဲ့ပြီး၊ နိုင်ငံရေးကို အကြောင်းပြု၍ ဖမ်းဆီး ထိန်းသိမ်း ထားသော ရာနှင့်ချီသည့်လူများကို ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ပြည်သူများက ၎င်းတို့၏ လွတ်လပ်သော အခွင့်အရေး အသစ်များကို စတင်အသုံးပြု လာသောအခါ အာဏာပိုင်များက လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောခွင့်များကို တစ်စထက်တစ်စ ပိုမိုတင်းကြပ် ဖိနှိပ်လာသည်ကိုလည်းတွေ့ရသည်။ ၂၀၁၄ နှစ်စမှ စတင်၍ လူရာပေါင်း များစွာကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြုလုပ်လာသော အမှုများဖြင့် ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထင်သလို ဖမ်းဆီးချုပ်နှောင်ခြင်း၊ ထောင်ချခြင်းများ ပြုလုပ်လာခဲ့သည်။ ဖမ်းခံရသူများထဲတွင် ကျောင်းသား ဆန္ဒပြသူများ၊ သတင်းသမားများ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၃ နှင့် အထူးသဖြင့် မြေယာနှင့် အလုပ်သမားအရေးဆောင်ရွက်သူများ ပါဝင်သည်။

ဤသို့ဖမ်းဆီးမှုများကို ၂၀၁၁ ခုနှစ်မတိုင်ခင်က ကျယ်ကျယ်ပြန့်ပြန့်သုံး၍ လူထောင်ပေါင်းများစွာကို ဖမ်းဆီးအကျဉ်းချခဲ့သော ဖိနှိပ်ချုပ်ချယ်သည့်၊ အဓိပ္ပါယ်ရှင်းလင်းမှုမရှိပဲ ကျယ်ပြန့်စွာ အကျိုးသက်ရောက်မှုရှိသည့် ဥပဒေများကို အသုံးချ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် ဤဥပဒေများကို အကြိမ်ကြိမ် ပြန်လည် အသုံးပြုလာခြင်း များကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့ကြီးက စိုးရိမ်ဖွယ်ရာ တွေ့ရှိခဲ့ရပြီး အသစ်တက်လာမည့် အစိုးရအနေနှင့် ယင်းဥပဒေများကို ပယ်ဖျက်ခြင်း သို့မဟုတ် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြန်လည်ရေးဆွဲခြင်းများပြုလုပ်သင့်ပါကြောင်း တိုက်တွန်းပါသည်။ ယင်းဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်းမရှိပဲ ဆက်ရှိနေသမျှ လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားတက်ကြွလှုပ်ရှားသူများ ဖမ်းဆီးအရေးယူခံရမည့် အန္တရာယ်ရှိနေမည်ဖြစ်သည်။

နောက်ထပ်စိုးရိမ်စရာ တစ်ခုမှာ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နေချိန်တွင် အသစ်ပြဋ္ဌာန်းလာသော ဥပဒေများကို အသုံးပြု၍ အစိုးရက လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားတက်ကြွ လှုပ်ရှား သူများကို ဖိနှိပ် ခြိမ်းခြောက်လာခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး ဥပဒေတို့မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်တို့ကို ပိုမိုလွတ်လပ်ခွင့်ပေးရန် ပြဋ္ဌာန်းခဲ့သည်ဆိုသော်လည်း၊ လူ့အခွင့်အရေး ကာကွယ် သူများနှင့် အခြားတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထောင်ချရာတွင် အသုံးပြုရန် ၎င်းတို့ကို လက်နက်အသစ် တစ်ခုသဖွယ် အသုံးချလာခြင်းမျိုးကိုလည်း တွေ့ခဲ့ရသည်။

အာဏာပိုင်များက ဥပဒေအသစ်နှင့်အဟောင်းများကို အသုံးပြု၍ ၎င်းတို့အပေါ် ဝေဖန်မှုများ၊ ငြိမ်းချမ်းစွာ ဆန့်ကျင်မှုများကို ဖိနှိပ်ခဲ့သလို လူ့အခွင့်အရေးကာကွယ်သူများနှင့်

အခြားတက်ကြွလှုပ်ရှားသူများကို ထောင်တွင်းနှစ်တာရှည်ထိန်းသိမ်းထားနိုင်အောင် အခြားသောနည်းလမ်းများကိုလည်း ပူးတွဲအသုံးပြုလာခဲ့သည်။ ယင်းနည်းလမ်းများထဲတွင် အမှုများကို အတွဲလိုက်စွဲဆိုခြင်း၊ ပြစ်မှုတစ်ခုထဲအတွက် စွဲချက်အများအပြားနှင့် စွဲဆိုခြင်းတို့အပြင် နောက်ပိုင်းတွင်အသုံးများလာသော နည်းလမ်းတစ်ခုမှာ ရုံးမတင်မီ အချိန်ကြာရှည်ထိန်းသိမ်း ထားနိုင်သော အာမခံ မပေးနိုင်သည့် အမှုမျိုးဖြင့် စွဲဆိုခြင်းများ ဖြစ်သည်။ ထို့အပြင် တက်ကြွလှုပ်ရှားသူခေါင်းဆောင်များ၊ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို ဦးဆောင်သူများကိုလည်း ၎င်းတို့၏ လှုပ်ရှားမှုများ အားပျော့သွားစေရန်ရည်ရွယ်၍ အာဏာပိုင်များက ၎င်းတို့ကို ပစ်မှတ်ထားပြီး ဖမ်းဆီးတရားစွဲဆိုခြင်းများပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီ အုပ်စုများ၏ ဖိအားကို အာဏာပိုင်များက မလွန်ဆန်နိုင်ပဲ ဘာသာရေးအရ သည်းခံမှုများထားကြရန် ထုတ်ဖော်ပြောဆိုသူများကိုလည်း နောက်ယှက်ခြင်း ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားတက်ကြွလှုပ်ရှားသူများကို ဆက်လက်ဖမ်းဆီး အကျဉ်းချနေမှုများကို ဖြေရှင်းရန်ကြိုးပမ်းချက်အချို့ အာဏာပိုင်များပြုလုပ်ခဲ့သော်လည်း ယင်းတို့မှာ စနစ်တကျ လုပ်ဆောင်မှုမျိုး မဟုတ်ပဲ အကျဉ်းသားအချို့အတွက်သာ လုပ်ဆောင်ခဲ့ ခြင်းမျိုး ဖြစ်သည်။ ထို့အပြင် ယင်းကဲ့သို့ဆောင်ရွက်မှုမျိုးကို အစိုးရက ၎င်းတို့အတွက် နိုင်ငံရေးအရ အကျိုးအမြတ်ရှိနိုင်သည့် အချိန်မျိုးတွင်သာ ပြုလုပ်လေ့ရှိပြီး နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ထင်သလိုဖမ်းဆီးထောင်ချနေနိုင်သော အခြေအနေကို စနစ်တကျ အခြေခံကျကျပြုပြင်ရန် ကြိုးပမ်းခဲ့ခြင်းမျိုး မဟုတ်ပေ။ လူများကို နိုင်ငံရေးအရ ချုပ်နှောင်ခြင်း အကျဉ်းချခြင်းများ အဆုံးသတ်သွားစေရန် ဥပဒေများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် ညီညွတ်အောင် ပြုပြင်သွားဖို့ မြန်မာအစိုးရအနေနှင့် လုပ်ဆောင် သွားရမည် ဖြစ်သည်။

ထို့အပြင် နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှုများကို ဖြေရှင်းရန် ၂၀၁၃ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြန်လည်ပြုပြင်ဖွဲ့စည်းခဲ့သော ကော်မီတီမှာလည်း လွတ်လပ်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ တာဝန်နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားမှုမရှိခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန် လုံလောက်သော ငွေကြေးထောက်ပံ့မှု မရှိခြင်းတို့ကြောင့် ထိရောက်သောကော်မီတီတစ်ခု ဖြစ်မလာခဲ့ပါ။ သို့ရာတွင် ပြည်တွင်းကရော နိုင်ငံတကာ အသိုင်းအဝိုင်းကပါ နိုင်ငံရေးဆန္ဒ လုံလုံလောက်လောက်ရှိခဲ့လျှင် ယင်းကဲ့သို့ ကော်မီတီတစ်ရပ်သည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး အတွက်သာမက ထင်သလိုဖမ်းဆီးထောင်ချမှုများ အဆုံးသတ် သွားစေရေး အတွက်ပါ အရေးပါသော လုပ်ငန်းစဉ်တစ်ရပ် အဖြစ် ဖြစ်လာနိုင်ပါသည်။ ယခုကဲ့သို့ အရေးပါသော အချိုးအကွေ့တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများသည် နိုင်ငံ၏ အနာဂါတ်အတွက် အရေးပါသောကဏ္ဍတွင် ရှိနေကြပါသည်။ သို့သော် ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံနေရလျှင် သို့မဟုတ် ၎င်းတို့၏ လှုပ်ရှားမှုအတွက် ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်ရှိနေလျှင် ဤ အရေးပါသော တာဝန်ကို ထမ်းဆောင်နိုင်မည် မဟုတ်ပေ။

## ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ နှင့် နိုင်ငံရေးအကျဉ်းသားများ

မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့်ဆက်နွယ်ပြီး မိမိတို့၏ လွတ်လပ်ခွင့်များဆုံးရှုံးရသူများကို ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ သို့မဟုတ် နိုင်ငံရေးအကျဉ်းသားများဟု ခေါ်ကြသည်။ ဤ အခေါ်အဝေါ်နှစ်မျိုးကို မကြာမကြာရောလျှက် အသုံးပြုတတ်ကြသော်လည်း ၎င်းတို့တွင် သီးခြားအဓိပ္ပါယ်များရှိပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် သုံးစွဲသော အခေါ်အဝေါ်များကို အစကတည်းက ခွဲခြားဖော်ပြထားရန် အရေးကြီးသည်ဟု ယူဆပါသည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများဆိုသူများမှာ လူတစ်ဦးသည် ၎င်း၏ နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် ၎င်းခံယူကိုင်စွဲထားသော ယုံကြည်ချက်တစ်ခုခုကြောင့်၊ တိုင်းရင်းသားဇစ်မြစ်၊ လိင်၊ အသားအရောင်၊ ဘာသာစကား၊ လူမျိုး၊ လူတန်းစား၊ စီးပွားရေးအခြေအနေ၊ မွေးဖွားရာ၊ လိင်စိတ် နှင့် အခြားအဆင့်အတန်းများကြောင့် ဖြစ်စေ၊ အကြမ်းဖက်သော နည်းလမ်းကို အသုံးမပြုပဲ အကြမ်းဖက်ခြင်း အမုန်းပွားစေခြင်းတို့ကို လှုံ့ဆော်မှုလည်း မလုပ်ပဲ ၎င်း၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အခြားသောလူ့အခွင့်အရေးများကို ရယူကျင့်သုံးခြင်းကြောင့် ဖြစ်စေ အကျဉ်းကျခံနေရသူများ၊ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခံနေရသူများကို ခေါ်ဆိုသည်။ ယုံကြည်ချက်ကြောင့် ကျခံနေရသော အကျဉ်းသားအားလုံးကို ချွင်းချက်မရှိ ချက်ခြင်းပြန်လွှတ်ပေးရမည် ဖြစ်ပြီး၊ ၎င်းတို့အပေါ်စွဲဆိုထားသော အမှုများ၊ ၎င်းတို့ ရင်ဆိုင်နေရသော အမှုအခင်းများကိုလည်း ရပ်ဆိုင်း ပယ်ဖျက်ပေးရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် မြန်မာနိုင်ငံနှင့်နိုင်ငံတကာတွင် လုပ်ကိုင်နေသော ၎င်း၏ လုပ်ငန်းများနှင့် ဆက်စပ်၍ ယုံကြည်ချက်ကြောင့် ကျခံနေရသော အကျဉ်းသားဟူသော အသုံးအနှုံးကို သုံးစွဲပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများတွင် နိုင်ငံရေးအကျဉ်းသားနှင့် ပတ်သက်ပြီး သဘောတူအဓိပ္ပါယ်ဖွင့်ဆိုချက် မရှိသေးပါ။ ဤအခေါ်အဝေါ်ကို နိုင်ငံရေးအကြောင်းဖြင့် ဖမ်းဆီးခံနေရသူ အကျဉ်းကျခံနေရသူများကို ဖော်ပြရန် ယေဘုယျအားဖြင့် သုံးနှုံးကြပါသည်။ ယုံကြည်ချက်ကြောင့် ကျခံနေရသော အကျဉ်းသားများနှင့် မတူသောအချက်မှာ နိုင်ငံရေးအကျဉ်းသားများသည် အကြမ်းဖက်နည်းလမ်းကို ကိုယ်တိုင်လည်းသုံး၊ အခြားသူများ သုံးစွဲကြရန်လည်း နှိုးဆော်ခဲ့နိုင်သလို၊ အမုန်းပွားရေးကိုလည်း လှုံ့ဆော်ခဲ့ နိုင်ပါသည်။ အချို့နေရာများတွင် ပြစ်မှုအသေးစားလေးများပင် ကျူးလွန်ခဲ့ကြနိုင်ပါသည်။ ယင်းပြစ်မှု ကလေးများကပင် ၎င်းအား နိုင်ငံရေးအရ အရေးယူခံရနိုင်စရာ အကြောင်းပြချက်များ ဖြစ်လာ တတ်ပါသည်။ မြန်မာနိုင်ငံတွင် လူထုအခြေပြုအဖွဲ့များနှင့် အခြားအဖွဲ့များက နိုင်ငံရေးအကျဉ်းသားဟူသော အခေါ်အဝေါ်ကို သုံးစွဲတတ်ကြပြီး ယင်းအခေါ်အဝေါ်ကို အစိုးရက အသိအမှတ်ပြုလာရန်လည်း လှုံ့ဆော်လှုပ်ရှားနေကြပါသည်။ [၄]

ယခု အစီရင်ခံစာတွင် နိုင်ငံရေးအကျဉ်းသားဆိုသော အသုံးအနှုန်းကို အကျဉ်းကျ ထောင်ကျနေသော အကျဉ်းသားတစ်ဦး၏ အမှုတွင် ထူးခြား ကြီးမားသောနိုင်ငံရေး

အသွင်သဏ္ဍာန်ပါဝင်နေခြင်း၊ နိုင်ငံရေးက ၎င်း၏ လုပ်ဆောင်ချက်များအား စေ့ဆော်ပေးခဲ့ခြင်း၊ ၎င်း၏ လုပ်ဆောင်ချက်များ၊ အာဏာပိုင်များက ၎င်းအား အကျဉ်းချထားသော ရည်ရွယ်ချက်တို့ကို မူတည်ပြီး သုံးနှုန်းပါသည်။ သို့ရာတွင် ဤကဲ့သို့ သုံးနှုန်းခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၎င်းအား ချက်ခြင်း ချွင်းချက်မရှိပြန်လွှတ်ပေးသင့်သော ယုံကြည်ချက်ကြောင့်ကျခံနေရသော အကျဉ်းသားတစ်ဦးအဖြစ် မသတ်မှတ်ပေ။

## အကြံပြုချက်များ

သမ္မတဦးသိန်းစိန် မတ်လ ၂၀၁၁ တွင်အာဏာရလာချိန်မှ စ၍ မြန်မာနိုင်ငံတွင်း အရှိန်အဟုန်နှင့် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များနှင့် ပတ်သက်ပြီး လွတ်လပ်ခွင့်များပိုရရန် ပြုပြင်ပြောင်းလဲမှုများ ရှိခဲ့သော်လည်း ယင်းပြောင်းလဲမှုများမှာ ကျယ်ပြန့်မှု ရှိသင့်သလောက်မရှိခဲ့သည့်အပြင် လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားတက်ကြွလှုပ်ရှားသူအများကို ၎င်းတို့၏ အခွင့်အရေးကို ရယူသုံးစွဲယုံမျှဖြင့် ဖမ်းဆီးအကျဉ်းချမှုများ ဆက်လက်ရှိနေခြင်းက အပြောင်းအလဲကို ကြီးစွာသော အဟန့်အတားဖြစ်စေခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရ ၂၀၁၆ မတ်လအကုန်တွင် အာဏာရလာတော့မည်ဖြစ်သည်။ ဤအချိန်သည် စိတ်ထင်တိုင်းဖမ်းဆီးအကျဉ်းချနေမှုများကို ရပ်တန့်သွားအောင် လုပ်ရန်နှင့် တစ်နိုင်ငံလုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များ ရရှိအောင် လုပ်ဆောင်ပေးနိုင်ရန် အခွင့်ကောင်းတစ်ခု ဖြစ်ပေသည်။

ဤရည်မှန်းချက်ဖြင့် အသစ်တက်လာမည့် အစိုးရ ချက်ခြင်းလုပ်ဆောင်သင့်သည့် တိကျသည့် ခြေလှမ်းများမှာ --

- မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးယုံဖြင့် ဖမ်းဆီးချုပ်နှောင်ခံနေရသူများအားလုံးကို ချက်ခြင်း ချွင်းချက်မရှိ လွှတ်ပေးရန်၊ ဤအခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးခဲ့သည့် အတွက် ထောင်ဒဏ်ကျခံရနိုင်သည့် စွဲချက်များရင်ဆိုင်နေရသူများ အပေါ်စွဲဆိုထားသည့် အမှုများအားလုံး ရုပ်သိမ်းရန်၊ မိမိတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးခဲ့သည့်အတွက် အမှုစွဲဆို အရေးယူခံခဲ့ရသူများအာလုံး၏ ပြစ်မှုမှတ်တမ်းများအား ပယ်ချက်ပေးရန်၊ အထက်ပါ သတ်မှတ်ချက်များတွင် မပါဝင်သော်လည်း နိုင်ငံရေးအရ တရားစွဲဆိုခံခဲ့ရသော သို့မဟုတ် တရားမျှတသော တရားစီရင်မှုမရခဲ့သောသူများ အားလုံး၏ အမှုများကို ပြန်လည်သုံးသပ်၍ ပြန်လည်လွှတ်ပေးသင့်သူလား၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ မျှတသော တရားစီရင်ရေး

စံညွှန်းများနှင့် အညီ မျှတသောတရားစီရင်ရေး ချက်ခြင်းပြန်လည် ရထိုက်သူလား ဆိုသည်များကို ဆုံးဖြတ်ပေးရန်

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို ချိုးဖောက်နေသော ဥပဒေများ အာလုံးကို ပြန်ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည် သုံးသပ်၍ ပြင်ဆင်ခြင်း၊ ယင်း ဥပဒေများထဲတွင် ရာဇဝတ်မှု ဥပဒေပါပြဌာန်းချက်များ၊ ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေ၊ ၁၉၀၈ တရားမဝင်အဖွဲ့အစည်းများ ဥပဒေ၊ ၂၀၁၃ ဆက်သွယ်ရေး ဥပဒေ၊ ၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိအောင် လုပ်ဆောင်ရန်၊ ယင်းဥပဒေများအား နိုင်ငံတကာစံချိန်နှင့် ကိုက်ညီအောင် ပြင်ဆင်ရန် ရှိနေသေးသော အချိန်တွင် ယင်းဥပဒေပါ ပြဌာန်းချက်များအရ တစ်စုံတစ်ဦးကိုမျှ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း မပြုလုပ်ရန် နှင့်
- မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးယုံဖြင့် တရားစွဲဆိုခံနေရသော သို့မဟုတ် ၎င်းတို့၏ လွတ်လပ်ခွင့်ကို အဆုံးရှုံးခံနေရသော လူအားလုံး၏ အမှုများကို ပြန်လည်သုံးသပ်ရန် တာဝန်ပေးထားသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံ နေရသူများရေးရာ ကော်မီတီကို ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ကော်မီတီအသစ်တစ်ခု ဖွဲ့ရန်၊ ကော်မီတီ၏ တာဝန်မှာ ယုံကြည်ချက်အကျဉ်းသားများ ပြန်လည်လွတ်မြောက် လာစေရန်နှင့် ၎င်းတို့အပေါ်စွဲဆိုချက်များ ပယ်ဖျက်ပေးနိုင်ရန် ဖြစ်သည်။ တစ်ဖန် စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်နေမှုများ အဆုံးသတ်စေရန် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းအသီးသီးသို့ အကြံပြုချက်များ တင်ပြရန်၊ ကော်မီတီသည် လွတ်လပ်စွာ၊ ထိရောက်စွာ နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက် နိုင်စေရန် စီစဉ်လုပ်ဆောင်ပေးရန်

## အစီရင်ခံစာ ပြုစုခဲ့သော နည်းလမ်းများ

၂၀၁၃ ဒီဇင်ဘာလတွင် သမ္မတကကြေညာခဲ့သော လူအများအပြားကို လွှတ်ပေးခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့် နောက်ပိုင်း ၂၀၁၄ ခုနှစ်အစမှ စတင်၍ စိတ်ထင်သလို (ဥပဒေနှင့် မညီညွတ်သော) ဖမ်းဆီးထိန်းသိမ်းမှုများ ၅ နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ကန့်သတ်မှုများကို အဓိကထားပြီး အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကွင်းဆင်း လူတွေ့မေးမြန်းမှုများကို အခြေခံ၍ ပြုစုထားသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ကာလကြာမြင့်စွာကပင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဆောင်ရွက်နေခဲ့သော ဥပဒေနှင့်မညီသောဖမ်းဆီးမှုများနှင့် နိုင်ငံရေးအရ အကျဉ်းချမှုများကို လေ့လာစောင့်ကြည့်မှတ်တမ်းတင်သော လုပ်ငန်းအပေါ်လည်း အခြေပြုထားပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ကန့်သတ်မှုများကို လေ့လာစောင့်ကြည့်မှု လုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင်ပါရှိသော တွေ့ရှိချက်များမှာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၁၅ ဇွန်လနှင့် ဇူလိုင်လများတွင် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော ခရီးစဉ်များကို အဓိက အခြေပြုထားခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ်များသည် ရန်ကုန်နှင့် မန္တလေးမြို့များသို့သွားရောက်၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် သူများ၊ တက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများ၊ သတင်းသမားများ၊ လူထုအခြေပြုအဖွဲ့များမှ ပုဂ္ဂိုလ်များ နှင့် အကျဉ်းကျခံနေရသူများ၏ ဆွေမျိုးများ စုစုပေါင်း ၇၁ ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မေးမြန်းမှုများကို အင်္ဂလိပ်လို သို့မဟုတ် အင်္ဂလိပ်ဘာသာပြန်ဖြင့် မြန်မာလို ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူအားလုံးကို မေးမြန်းရခြင်း၏ရည်ရွယ်ချက်နှင့် ၎င်းတို့ဆီမှ ရရှိသော အချက်အလက်များအား မည်ကဲ့သို့ အသုံးပြုမည်ဆိုသည်ကို အသိပေးပြောကြားခဲ့ပါသည်။ ၎င်းတို့ဖြေကြားပေးမှုများအတွက် အခကြေးငွေတစ်စုံတစ်ရာ ပေးခဲ့ရခြင်းမရှိပါ။ လုံခြုံရေးကြောင့် အချို့သူများကို တယ်လီဖုန်းဖြင့်သာ မေးမြန်းခဲ့ရပါသည်။ တယ်လီဖုန်း၊ အီးမေးလ်တို့နှင့် ဆက်သွယ်မေးမြန်းမှုများကို အစီရင်ခံစာ ထုတ်ဝေချိန် အထိ ပြုလုပ်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့များ(NGOs) မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC)၊ ကုလသမဂ္ဂ (UN) နှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံတမန်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။ နောက်ဆုံးတွင် ဤအစီရင်ခံစာသည် နိုင်ငံရေးအမှုဖြင့် ဖမ်းဆီးခံနေရသူများအား လိုက်ပါဆောင်ရွက်ပေးနေသောရှေ့နေများနှင့် ပုံမှန်အဆက်အသွယ်များ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များနှင့်ဆိုင်သော နေ့စဉ် သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာမှုများ၊ မြန်မာနိုင်ငံမှ ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာချက်များ၊ မြန်မာနှင့်ထိုင်းနိုင်ငံများသို့ ယခင်ရောက်ခဲ့သော ခရီးစဉ်များ ၆ နှင့် အခြား

ပညာရပ်ဆိုင်ရာစာတန်းများကို အသေးစိတ်လေ့လာချက်များကိုလည်း အခြေပြုရေးသားထားခြင်း ဖြစ်ပါသည်။

၂၀၁၅ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မိမိတို့သုတေသနပြုလေ့လာတွေ့ရှိချက် များမှ ပေါ်ပေါက်လာသော အသေးစိတ် မေးခွန်းတစ်စုံစီပါသော စာ ခုနစ်စောင်ကို မြန်မာအာဏာပိုင်များထံပေးပို့ခဲ့ပါသည်။ စာများကို သမ္မတရုံး၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံ နေရသူများရေးရာ ကော်မီတီဥက္ကဌ၊ ပြည်ထဲရေးဝန်ကြီး၊ ရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကော်မီတီ နှင့် ဥပဒေကြမ်းကော်မီတီများသို့ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီ ၈ ရက်နေ့ မတိုင်မီ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံချက်နှင့်ပေးပို့ခဲ့ပါသည်။ [၇] ယခုအထိ မည်သည့်ပြန်ကြားချက်မျှ မရရှိခဲ့ပါ။

ဤအစီရင်ခံစာအတွက် မိမိတို့၏ ကိုယ်စားလှယ်များကို တွေ့ဆုံပြီး သတင်းအချက်အလက်များ ဝေမျှပေးခဲ့သူ ပုဂ္ဂိုလ် အဖွဲ့အစည်းများအားလုံးကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် မိမိတို့၏ အခွင့်အရေးများချိုးဖောက်ခံနေရသူများ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့် ကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား မိမိတို့အကြောင်းများပြောပြကြပြီး မိမိတို့၏ စိုးရိမ်ပူပန်မှုများကို အများသိအောင်ပြုလုပ်ပေးရန် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ယုံကြည်စွာ ပြောပြခဲ့မှုများကို အထူးကျေးဇူး တင်ရှိပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူ တစ်ဦးက သဘောတူခွင့်ပြုသည့်အခါ ၎င်းတို့၏ အမည်ရင်းများကို သုံးစွဲထားပါသည်။ သို့မဟုတ်ပါက အမည်ရင်းများနှင့် ၎င်းတို့မည်သူမည်ဝါ ဆိုသည်ကို သိရှိနိုင်သောအချက်များကို လုံခြုံရေးနှင့် အချက်အလက်ထိန်းသိမ်းရေး ရည်ရွယ်ချက်နှင့် ချန်လှပ်ထားခဲ့ပါသည်။

## ၂။ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချမှုများ သမိုင်းရှည်
## ၂.၁။ စစ်အစိုးရများ လက်အောက်မှ အမှောင်နေ့များ

"တကယ်တော့ မြန်မာနိုင်ငံမှာ လွတ်လပ်စွာတွေးခေါ်ခွင့်၊ စိတ်ကူးကို ထုတ်ဖော်ခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်ဆိုတဲ့ လွတ်လပ်ခွင့် ဘာမှမရှိပါဘူး။ စစ်အစိုးရက အလုံးစုံသောအာဏာကို သုံးပြီး အတိုက်အခံတွေကို နှုတ်ဆိတ်နေအောင်လုပ်၊ သူတို့နဲ့ သဘောကွဲလွဲသူတွေကို အပြစ်ပေးတာတွေ လုပ်နေတာပါ။ လူတွေက အကြောက်တရားနဲ့ နေနေကြရပြီး သူတို့ဖြစ်ဖြစ် မိသားစုဝင်တစ်ယောက်က ဖြစ်ဖြစ် တစ်ခုခု ပြောမိ လုပ်မိရင်၊ အထူးသဖြင့်နိုင်ငံရေးနဲ့ ပတ်သက်ရင် ရဲနဲ့ထောက်လှမ်းရေးက ဖမ်းဆီးစစ်ဆေးတာ ခံရနိုင်ပါတယ်။"

မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် (ဖေဖော်ဝါရီ ၁၉၉၇) ၈

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းအာဏာသိမ်းခဲ့ချိန်ကစပြီး နှစ်ပေါင်း ၅၀ နီးပါးကြာအောင် မြန်မာပြည်သူများသည် ၎င်းတို့၏ အခြေခံ အခွင့်အရေးများကို တင်းကြပ်ပိတ်ပင်သော အာဏာရှင်အစိုးရ အဆက်ဆက်၏ အုပ်ချုပ်မှုအောက်တွင်နေခဲ့ရပါသည်။ အတိုက်အခံများနှင့် မြန်မာနိုင်ငံတွင်းမှ အမျိုးမျိုးသော တိုင်းရင်းသားများ အပါအဝင်လူပေါင်း ထောင်သောင်းချီ၍ နိုင်ငံတွင်းမှ ထွက်ပြေးကာ နိုင်ငံခြားတိုင်းပြည်များတွင် ခိုလှုံခဲ့ကြသည်။ ကျန်နေခဲ့သူများမှာ တိုင်းပြည်အတွင်း ဆိုးဝါးနေသော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ လူအများအပြားမှာ အုပ်ချုပ်သူများနှင့် အာဏာရှိသူများ၏ လက်အောက်တွင် မိမိတို့၏ အခွင့်အရေးများစွာ ချိုးဖောက်ခြင်းကို ခံခဲ့ကြရသည်။ ၉

ဤသို့ချိုးဖောက်မှုများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ပိတ်ပင်တားဆီးထားခြင်းတွင် အထင်အရှားတွေ့ရသည်။ နိုင်ငံရေးလှုပ်ရှားမှုများကို ဖိနှိပ်ထားပြီး မီဒီယာကိုလည်း တင်းတင်းကြပ်ကြပ်ဆင်ဆာလုပ်ထားသည်၊ လူထုစုဝေးပွဲများကို တင်းကြပ်စွာကန့်သတ်ထားပြီး လုံးဝပိတ်ပင်ထားခြင်းမျိုးလည်း ရှိသည်။ အာဏာပိုင်များက ဥပဒေကို အသုံးပြု၍ လူထုအကြား ဆွေးနွေး ပြောဆိုမှုကို ကန့်သတ်ရုံသာမက တိုင်းပြည်အတွင်းနှင့် ပြည်တွင်းပြည်ပ သတင်းစီးဆင်းမှုများကိုပါ တားမြစ်ပိတ်ပင်ထားသည်။

အစိုးရကိုဝေဖန်မှုများ၊ အစိုးရမူဝါဒများနှင့် လုပ်ရပ်များကို ဝေဖန်မှုများ မလုပ်နိုင်အောင် နိုင်ငံရေးအရ ဖမ်းဆီးမှုများကို နိုင်ငံရေးဖိနှိပ်မှု၏ အဓိက လက်နက်တစ်ခုအဖြစ်အသုံးပြုခဲ့သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးပါတီဝင်များ၊ သတင်းသမားများ၊ စာရေးဆရာများ၊ ရှေ့နေများ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် သီလရှင်များ၊ ဆရာ ဆရာမများ၊ ပညာရှင်များနှင့် အခြားသူများ အစရှိသော လူပေါင်းထောင်ပေါင်း များစွာသည် ဖမ်းဆီး၊ ချုပ်နှောင်၊ တရားစွဲဆိုပြီး ထောင်ချခံခဲ့ကြရသည်။ ဖမ်းဆီးထောင်ချသည့် ပုံစံများ ပြောင်းလဲလာခဲ့ပြီး နိုင်ငံရေး

အကျဉ်းသားများကို ပြန်လွှတ်ပေးခြင်းများ ရံဖန်ရံခါရှိခဲ့သော်လည်း လူထုကို ဖိနှိပ်သည့် အနေအထားမှာမူ ယခင်ပုံစံအတိုင်း ဆက်ရှိ နေခဲ့သည်။ [၁၀]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် အသင်းအပင်းဖွဲ့စည်းခွင့်များကို ကန့်သတ်သည့် စကားလုံးအဓိပ္ပါယ် ကျယ်ဝန်းသည့် ဥပဒေများကို အသုံးပြု၍ နိုင်ငံရေးအရ ချုပ်နှောင်ဖမ်းဆီး ထားသူများကို စွဲချက်များတင်ပြီး နှစ်ရှည် ထောင်ဒဏ်များချခဲ့သည်။ ယင်းဥပဒေများ ယနေ့အထိ ဆက်တည်ရှိ နေသေးသည်ဆိုသည့် အချက်ကို သတိပြုမိကြရန် အရေးကြီးပါသည်။ နိုင်ငံရေးအရ ဖမ်းဆီးထားသူများကို စွဲဆိုစီရင်သော တရားစီရင်မှုများ သည်လည်း မျှတသော စီရင်မှုဆိုင်ရာ နိုင်ငံတကာစံချိန်များနှင့် ကိုက်ညီမှုမရှိပေ။  နိုင်ငံရေးအရ ချုပ်နှောင်ခံနေရသူများကို မကြာခဏ ဆိုသလိုပင် တံခါးပိတ် တရားရုံးများတွင် တရားစီရင်ခဲ့ပြီး ၎င်းတို့အတွက် ရှေ့နေများငှားရမ်းခုခံခွင့်လည်းမရကြပေ၊ ခုခံလျှောက်လဲ နိုင်လောက်အောင် လုံလောက်သော ပြင်ဆင်ချိန်များလည်း မရကြပေ။ ဤတရားစီရင်မှုများမှာ အကျဉ်းချုပ်စီရင်ခြင်းမျိုးလည်း ဖြစ်တတ်ပြီး အချိန်တိုအတွင်းတွင် ပြီးစီးသွားလေ့ရှိသည်။ နိုင်ငံရေးအမှုများတွင် သက်သေခေါ်ယူခွင့်မရတတ်သကဲ့သို့ အယူခံခွင့်လည်း မရတတ်ပေ။ အထူးသဖြင့် နိုင်ငံရေးအမှုများနှင့် ပတ်သက်လျှင် တရားစီရင်ရေးတွင် စစ်ဖက်မှ ခြိမ်းခြောက် ဖိအားပေးမှုများကြောင့် လွတ်လပ်မှု ကင်းမဲ့ခဲ့ပါသည်။ [၁၁]

နိုင်ငံရေးအကျဉ်းသားများ အပါအဝင် အကျဉ်းကျခံနေရသူများကို နှိပ်စက်မှုများ ညှင်းပမ်းမှုများမှာ အလေ့အထကြီးတစ်ခု အဖြစ် ရှိနေခဲ့သည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လက်ခံရရှိခဲ့သော သတင်းများအားလုံးက တူညီစွာဖော်ပြခဲ့သော အချက်များအရ နိုင်ငံရေးအကျဉ်းသားများအား ၎င်းတို့၏ အကျဉ်းခန်းထဲတွင် ခြေကျင်းခတ်၍ထားခြင်း၊ အလင်းရောင် မရပဲနေရခြင်း၊ မခံသာသော ပုံစံများဖြင့် နာရီပေါင်းများစွာကြာအောင် နေခိုင်းခြင်း၊ ဆေးဝါး၊ အစားအသောက်မရခြင်း၊ ဆေးကြောစရာ ရေမရခြင်း၊ ခွေးများထားသော အခန်းကျဉ်းလေးထဲတွင် ရက်ပေါင်းများစွာ ထားခြင်းတို့ ပြုလုပ်သည်။ အချို့အမျိုးသမီး နိုင်ငံရေးအကျဉ်းသူများသည် ထောင်ထဲတွင် ရှိနေစဉ် အဓမ္မပြုကျင့်ခံရခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်စော်ကားမှု၊ အကြမ်းဖက်မှု၊ အနှောက်အယှက်ပေးမှု၊ လိင်ပိုင်းဆိုင်ရာ ကျူးကျော်မှုများနှင့် နှိပ်စက်ညှင်းပမ်းမှုများ ပြုလုပ်ခံခဲ့ကြရသည်။[၁၂] နာမည်ကြီး တက်ကြွလှုပ်ရှားသူများနှင့် 'အန္တရာယ်ပေးနိုင်သူ' ဟု ယူဆသူများကို မကြာခဏဆိုသလို တစ်ဦးတည်းသီးခြားခွဲ၍ ချုပ်နှောင်ထားတတ်သည်။[၁၃] အကျဉ်းသားအချို့ကို အလုပ်စခန်းများသို့ပို့၍ အလုပ်ကြမ်းများ လုပ်စေသည်။ ရက်ရက်စက်စက် လူမဆန် လူ့ဂုဏ်သိက္ခာနှင့်မညီသော ပြစ်ဒဏ်ပေးမှုများခံရ၍ အများအပြား အသက်မရှင်ကြပေ။[၁၄]

အကျဉ်းထောင်များထဲတွင် အခြေအနေများမှာ ဆိုးဝါးလှသည်။ လူများပြည့်ကျပ်နေခြင်း၊ အစားအသောက်မပြည့်စုံခြင်း၊ သန့်ရှင်းသော သောက်ရေမရခြင်း၊ တစ်ကိုယ်ရေသန့်စင်မှု နှင့် လုံလောက်သော ဆေးဝါးကုသမှု မရရှိခြင်းတို့ ဖြစ်သည်။ နှိပ်စက်မှုနှင့် အခြားအမျိုးမျိုးသော ညှင်းပမ်းမှုများကြောင့် ဖြစ်စေ၊ လုံလောက်သော ဆေးဝါးကုသမှု မရရှိ၍ဖြစ်စေ

အကျဉ်းသားအများအပြား အသက်ဆုံးခဲ့ကြရသည်။ [၁၅] သို့ရာတွင် တာဝန်ရှိသူများ အရေးယူခံရခြင်းမျိုးမှာ ရှားပါးလှသည်။ ဤကဲ့သို့ တာဝန်ရှိသူများ တာဝန်ခံရခြင်းမရှိပဲ လွတ်မြောက်နေသည့် အစဉ်အလာမှာ မြန်မာနိုင်ငံတွင် ယနေ့တိုင်တွေ့နေရဆဲ ဖြစ်သည်။

ထောင်တွင်းအခြေအနေဆိုးဝါးမှုကြောင့် နိုင်ငံရေးအကျဉ်းသားများသည် မိသားစုနှင့် မိတ်ဆွေများယူလာပေးသော အစားအသောက်နှင့် ဆေးဝါးများကို ထောင်ကပေးသော မလုံလောက်သည့် ရိက္ခာပေါ်တွင် ဖြည့်တင်း စားသုံးကြရသည်။ မကြာမကြာဆိုသလို အာဏာပိုင်များက အကျဉ်းသားများကို ဝေးလံသောဒေသများသို့ ပြောင်းရွှေ့လိုက်ကြသဖြင့် မိသားစုထံမှ ရနေသော အထောက်အပံ့များပြတ်တောက် သွားရသည်။[၁၆] ဤလုပ်ရပ်မှာ အကျဉ်းသားများ၏ စိတ်ဓာတ်ကို ရိုက်ချိုးရန်ကြိုးပမ်းချက် တစ်ခုဖြစ်သည်ဟု အကျဉ်းသားဟောင်းများက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကိုပြောပြကြသည်။

၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲနောက်ပိုင်း ပထမဆုံးအကြိမ်ပြန်ကျင်းပသော ရွေးကောက်ပွဲများ ပြုလုပ်သည့် ၂၀၁၀ ခုနှစ်အထိ အခြေအနေများက တိုးတက်ကောင်းမွန်လာခြင်း မရှိသေးပေ။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် သောမတ်အိုပေးကင်တားနားက ယခုကဲ့သို့ မှတ်ချက်ပေးခဲ့သည်။ "*မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အရေအတွက် အများအပြားရှိနေခြင်းက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့် စသော အခြေခံအခွင့်အရေးများ မရှိပဲ ဖြစ်နေခြင်းကို ပြနေသည်။*"[၁၇]

## သမ္မတ ဦးသိန်းစိန်က သူပေးခဲ့သော ကတိများအား ဖောက်ဖျက်ခြင်း

> **"ကျွန်တော် ကတိပေးပါတယ်။ ဒီနှစ်ကုန်ရင် မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ တစ်ယောက်မှ မရှိစေရတော့ပါဘူး။"**

၂၀၁၃ ဇူလိုင်လ ၁၅ ရက်နေ့က သမ္မတဦးသိန်းစိန် လန်ဒန် Chatham House တွင် ပြောခဲ့သောစကား

၂၀၁၀ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သော လူအများဝေဖန်မှုကို ခံခဲ့ရသည့် ရွေးကောက်ပွဲများအပြီးတွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရ ၂၀၁၁ ခုနှစ်တွင် တက်လာခဲ့သည်။ ယခင်အခြေအနေများအတိုင်း မပြောင်းမလဲပဲ ရှိလိမ့်မည်ဟု လူအများအပြားက  စိုးရိမ်ခဲ့ကြသည်။ သို့သော် အများအံ့အားသင့် ရလောက်မောင်ပင် အစိုးရသစ်သည် စစ်တပ်က လုံးလုံးလျားလျား ကျောထောက်နောက်ခံပေးထားဆဲ ဖြစ်သော်လည်း အရေးပါသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အလျင်အမြန်ပြုလုပ်လာခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊

ငြိမ်းချမ်းစွာ စုဝေးခွင့် အသင်းအပင်းဖွဲ့စည်းခွင့်များကို ကန့်သတ်ထားမှုများ အားလုံးမဟုတ်သော်လည်း အချို့ကို လျှော့ပေါ့ပေးလာခဲ့သည်။

အပြောင်းအလဲများထဲမှ တစ်ခုမှာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများအပေါ် ကန့်သတ်မှုဖြေလျှော့ပေးခဲ့ခြင်း ဖြစ်သည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုများ ပြုလုပ်နိုင်ရေးရည်ရွယ်ချက်ဖြင့် ၂၀၁၁ ဒီဇင်ဘာလတွင် ပါလီမန်က ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၈ တစ်ခါက ပြင်းပြင်းထန်ထန် ကန့်သတ်ခဲ့သော၊ သို့မဟုတ် လုံးဝပိတ်ပင်ထားခဲ့သော လှုပ်ရှားမှုမျိုး အချို့နေရာများတွင် ပြုလုပ်ခွင့်ရလာခဲ့သည်။ အခြားဖြေလျှော့ပေးလာမှုများမှာ ပုံနှိပ်မထုတ်ဝေမီ ဆင်ဆာကို တင်ရသော စနစ်ကိုဖျက်သိမ်းပေးလိုက်သဖြင့် မီဒီယာများသည် ၎င်းတို့၏ စာမူများကို ပုံမနှိပ်မီ စာပေစိစစ်ရေးအဖွဲ့ကို တင်ပြစရာ မလိုတော့ပေ၊ နိုင်ငံခြားသတင်းထောက်များနှင့် ပြည်ပရှိ အတိုက်အခံများအတွက် ပြည်ဝင်ခွင့် ကန့်သတ်ထားမှုများကိုလည်း လျှော့ပေးခဲ့သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို ပြန်လွှတ်ပေးရန် နိုင်ငံတကာက တောင်းဆိုဖိအားပေးမှုများတိုးလာသဖြင့် သမ္မတဦးသိန်းစိန်က ၂၀၁၁ မေလတွင် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာပြီး နိုင်ငံရေးအကျဉ်းသား သုံးလေးဆယ်ခန့် ပြန်လွတ်လာခဲ့သည်။ အောက်တိုဘာလတွင် ဒုတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ကြေညာပြီး နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်လွတ်မြောက်လာခဲ့သည်။ ယနေ့အထိ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်သက်သာခွင့်ပေါင်း အကြိမ်၂၀ဖြင့် နိုင်ငံရေး အကျဉ်းသား ၁၁၀၀ ကျော်[၁၉] ကို ပြန်လွှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ [၂၀] အကျဉ်းသားပြန်လွှတ်ပေးမှု အများစုမှာ နိုင်ငံရေးအရ အရေးပါသော ဖြစ်ရပ်များ မတိုင်ခင်ကလေးတွင် ပြုလုပ်တတ်ပြီး နိုင်ငံရေးအရ အကျိုးအမြတ်အများဆုံးရရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကြောင်း ထင်ရှားစေပါသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် အသင်းအပင်းဖွဲ့စည်းခွင့်များကို ကန့်သတ်ထားမှုများကို ဖြေလျှော့ပေးလိုက်သည့်အခါ လူထုက ဤအခွင့်အရေးများကို အရယူလာကြပြီး လွတ်လပ်မှု၊ တရားမျှတမှုနှင့် တာဝန်ခံမှုများအတွက် ပို၍တောင်းဆိုလာကြသည်။ နိုင်ငံရေးအရ ဖမ်းဆီးမှုများ လုံးဝရပ်တန့် မသွားသော်လည်း ဖမ်းဆီးမှု ပုံစံများကမူ ယခင်နှင့် ကွာခြားလာခဲ့သည်။ လှုပ်ရှားတက်ကြွသူများ အဖမ်းခံရဆဲ ဖြစ်သော်လည်း ၎င်းတို့အပေါ်စွဲဆိုသော စွဲချက်များနည်းပါးလာခဲ့သည်၊ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့် ဥပဒေသစ်အရသာ စွဲဆိုမှုများ ရှိလာသည်။ ထောင်ဒဏ်ပြစ်ဒဏ်များလည်း ယခင်ထက် ကာလတိုလာခဲ့သည်။ ရံဖန်ရံခါ ကျူးလွန်သူများကို ထောင်ဒဏ်မချပဲ ငွေဒဏ်လောက်နှင့် ပြီးစီးသွားခဲ့သည်။ စာနယ်ဇင်းနှင့် အင်တာနက်လွတ်လပ်ခွင့်များ ပိုရလာသည့်အတွက် နိုင်ငံရေးအရဖမ်းဆီးမှုများနှင့် ပတ်သက်လျှင် သတင်းရရှိရန် ပိုမိုလွယ်ကူလာသည်။ အကြီးမားဆုံး အပြောင်းအလဲ တစ်ခုမှာ နိုင်ငံရေး အကျဉ်းသမားများအပေါ် ဆက်ဆံပုံဖြစ်သည်။  အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ သုတေသနပြုချက်အရ အကျဉ်းသားများအား စစ်အစိုးရလက်ထက် မှာကဲ့သို့ ပုံမှန် နှိပ်စက်ညှင်းပမ်းမှုများ မရှိတော့ပေ။

၂၀၁၃ ဇူလိုင်လတွင် သမ္မတ ဦးသိန်းစိန်က ၎င်း၏အစိုးရသည် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အားလုံးကို ပြန်လွှတ်ပေးရန် ရည်ရွယ်ကြောင်းကြေညာပြီး နှစ်ကုန်ချိန်တွင်

တစ်ဦးမှ အကျဉ်းထောင်ထဲတွင် မရှိစေရဟု ပြောခဲ့သည်။[၂၁] ၂၀၁၃ ဒီဇင်ဘာ ၃၀ ရက်နေ့တွင် သမ္မတက ကျယ်ပြန့်သော လွတ်ငြိမ်းသက်သာခွင့်ကို ကြေညာပြီး ၂၀၁၃ ဒီဇင်ဘာ ၃၁ ရက်နေ့နှင့် ယင်းနေ့မတိုင်ခင်တွင် ကျူးလွန်ခဲ့သောအမှုများအတွက် ဖိနှိပ်သော ဥပဒေခုနစ်မျိုးအရ အပြစ်ရှိကြောင်း စီရင်ချက်ချခံထားရသူ၊ တရားရင်ဆိုင်နေရသူ၊ စုံစမ်းစစ်ဆေးခံနေရသူများ အားလုံးကို လွှတ်ပေးကြောင်း ကြေညာခဲ့သည်။ ယင်း လွတ်ငြိမ်းသက်သာခွင့်ကြောင့် တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူ တော်တော်များများ ပြန်လွတ်လာပြီး အချို့မှာလည်း ၎င်းတို့စွဲဆိုခံထားရသော အမှုများ ပြန်ရုပ်သိမ်းပေးခြင်းခံခဲ့ရသည်။ ထောင်ချ၊ ပြန်လွှတ်၊ ပြန်ဖမ်းဆိုသော သံသရာအဆုံးသတ်တော့မည်ဟု မျှော်လင့်ချက်များလည်း မြင့်မားခဲ့သည်။

သို့ရာတွင် မကြာခင်မှာပဲ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရ သူများ အားလုံးနှင့် နိုင်ငံရေးအကျဉ်းသားများ အားလုံး ပြန်လွတ် မလာကြကြောင်း သိလာရသောအခါ ယင်းမျှော်လင့်ချက်များ ပျက်ပြားခဲ့ရသည်။[၂၃] လွတ်ငြိမ်းသက်သာခွင့် ကြေညာပြီး ရက်ပိုင်း အတွင်းမှာပင် နောက်ထပ်ဖမ်းဆီးမှုများ ပြန်လုပ်လာသည် ကိုလည်း တွေ့ခဲ့ရသည်။ ယင်းအချိန်မှစ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် အသင်းအပင်းဖွဲ့စည်းခွင့်များကို ငြိမ်းချမ်းစွာ ကျင့်သုံးကြသူများ ရာနှင့်ချီ၍ ဖမ်းဆီး ချုပ်နှောင် အကျဉ်းချခံခဲ့ရပြီး မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ မျိုးဆက်သစ်တစ်ရပ် ပေါ်လာခဲ့သည်။[၂၄]

၂၀၁၄ ခုနှစ် နှစ်စမှ စတင်၍ နိုင်ငံရေးအရ ဖမ်းဆီး ချုပ်နှောင် အကျဉ်းချမှုများ ပို၍တိုးလာကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက်များအရ စိုးရိမ်စဖွယ် တွေ့ခဲ့ရသည်။ စစ်အစိုးရလက်ထက်က အသုံးပြုခဲ့သော ဖိနှိပ်သည့် ဥပဒေများကို ပြန်သုံးလာရုံမက လွတ်လပ်စွာစုဝေးခွင့်ဥပဒေနှင့် ဆက်သွယ်ရေးဥပဒေကဲ့သို့သော ဥပဒေအသစ်များကို အသုံးပြုပြီးလည်း အရေးယူမှုများ ပြုလုပ်လာသည်။ ဤဥပဒေများပြန်သုံးခြင်းနှင့်အတူ ငြိမ်းချမ်းစွာလှုပ်ရှားသူများကို ကာလတာရှည်ထိန်းသိမ်းထားသည့် နည်းဗျူဟာကိုလည်း အာဏာပိုင်များက ကျင့်သုံးလာသည်။ မတ်လအကုန်တွင် တက်လာမည့် အန်အယ်ဒီအစိုးရလက်ထက်တွင် ဤအလေ့အထကို ပြောင်းပစ်ရန် အရေးကြီးသည့် အခွင့်ကောင်းတစ်ခု ဖြစ်လာပါမည်။

## အရှက်သစ်တစ်ခုရောက်လာပြီလား။ နိုင်ငံရေးအရဖမ်းဆီးထောင်ချနေမှု သံသရာကို ရပ်တန့်နိုင်ဖို့ အခွင့်ကောင်း

> **"ဒီမိုကရေစီနိုင်ငံတစ်ခုမှာ နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိသင့်ပါဘူး။"**

ဒေါ်အောင်ဆန်းစုကြည် (၂၀၁၅ နိုဝင်ဘာ အာရ်အက်ဖ်အေနှင့် အင်တာဗျူး)[၂၅]

မြန်မာနိုင်ငံတွင် လူအများအာရုံစိုက်ခဲ့ကြသော အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ၈ရက်နေ့တွင်ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်ဒီ)က အပြတ်အသတ်အနိုင်ရခဲ့သည်။ ပါလီမန်အသစ်ကို ၂၀၁၆ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး အစိုးရအဖွဲ့သစ်သည် ၂၀၁၆ မတ်လအကုန်တွင် အာဏာကို စတင်ရယူမည့် အစီအစဉ် ရှိနေပါသည်။

ရွေးကောက်ပွဲကာလမှ စတင်ပြီး အန်အယ်ဒီ ခေါင်းဆောင်အများအပြားက လာမည့်အစိုးရ သစ်လက်ထက်တွင် နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှုအရေးကို အထူးဦးစားပေးကိစ္စတစ်ရပ်အဖြစ် ကိုင်တွယ်သွားမည်ဟု ပြောကြပြီး မိမိတို့၏ အခွင့်အရေးကို ငြိမ်းချမ်းစွာကျင့်သုံးကြသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန်အယ်ဒီအစိုးရလက်ထက်တွင် ဖမ်းဆီးခြင်းပြုလုပ်မည် မဟုတ်ဟုလည်း ပြောပါသည်။[၂၆] ရွေးကောက်ပွဲပြီးကာစ သံတမန်များနှင့်တွေ့ဆုံရာတွင်လည်း ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများကို ဆက်လက်ဖမ်းဆီးနေခြင်းသည် တိုင်းပြည်၏ ဒီမိုကရေစီအပြောင်းအလဲနှင့် ကိုက်ညီဆီလျော်မှု မရှိကြောင်း ပြောခဲ့သည်ဟု သိရပါသည်။[၂၇]

ယခုလို ပြောကြားချက်များကို ကြိုဆိုရမည်ဖြစ်သော်လည်း လက်တွေ့ အကောင်အထည် ဖော်နိုင်ပါမည်လား ဆိုသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထူးစိုးရိမ်မိပါသည်။ ပြစ်ချက်များရှိနေသော မြန်မာ့ ၂၀၀၈ အခြေခံဥပဒေအရ ရဲတပ်ဖွဲ့ နှင့် ရဲသတင်းတပ်ဖွဲ့၊ တရားစီရင်ရေးအပိုင်း စီမံခန့်ခွဲမှု၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တို့ကို ကွပ်ကဲရသော ပြည်ထဲရေးဝန်ကြီးဌာနသည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ဆက်ရှိနေပါသည်။ ဤကဲ့သို့ အရေးပါသော ဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးဌာနတို့အပေါ် အာဏာမရှိသော အန်အယ်ဒီ အစိုးရအနေနှင့် ငြိမ်းချမ်းသော တက်ကြွလှုပ်ရှားသူများနှင့် အစိုးရကို ဝေဖန်သူများကို ဖမ်းဆီးထောင်ချနေမှုများ ရပ်တန့်သွားအောင် မည်ကဲ့သို့ဆောင်ရွက်နိုင်မည် ဆိုသည်မှာ မရှင်းလင်းလှပါ။

သို့သော် အသစ်တက်လာမည့်အစိုးရအတွက် အခွင့်အလမ်းကောင်းကြီးတစ်ခုတော့ရှိပါသည်။ ယင်းမှာ ငြိမ်းချမ်းစွာလှုပ်ရှားသူများကို ဖမ်းဆီးထောင်ချရာတွင် အသုံးပြုနေသော ဥပဒေများထဲမှ အဓိကအချက်များကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ ဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် ညီညွတ်ဆီလျော်အောင်

ပြုလုပ်နိုင်လျှင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ဖမ်းဆီးအရေးယူနေမှု သံသရာ အဆုံးသတ်သွားစေရန်အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာပါလိမ့်မည်။

# ၃။ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချမှုများ တိုးတက်များပြားလာခြင်း

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှုများ အကြိမ်တော်တော်များများ ရှိခဲ့သော်လည်း ပြီးခဲ့သည့် နှစ်နှစ်အတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများနှင့် အစိုးရကိုဝေဖန်သူများအပေါ် အာဏာပိုင်များ၏ သဘောထား တင်းမာလာသည်ကို တွေ့ခဲ့ရသည်။ ဝေဖန်သူများ၏ အသံများ ပိုကျယ်လောင်လာသည်နှင့်အမျှ အာဏာပိုင်များကလည်း ကျောင်းသားဆန္ဒပြသူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် အထူးသဖြင့် မြေယာအရေး၊ အလုပ်သမားအရေးလှုပ်ရှားသူများကို ဦးတည်ပစ်မှတ်ထား၍ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ တရားစွဲဆို ထောင်ချခြင်းများကို တိုး၍ပြုလုပ်လာခဲ့သည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံရေးအရဖမ်းဆီးချုပ်နှောင်မှုများ ပြန်စလာလုပ်လာချိန်တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကလည်း ဖမ်းဆီးထောင်ချမှု အသစ်များကို အသေးစိတ်လေ့လာမှု စတင်ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏တွေ့ရှိချက်များအရ ပြီးခဲ့သည့် နှစ်နှစ်အတွင်း မြန်မာအာဏာပိုင်များသည် နိုင်ငံရေးအရ ဖမ်းဆီးအရေးယူထောင်ချမှုများကို တိုး၍ပြုလုပ်လာသဖြင့် လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားလှုပ်ရှားတက်ကြွသူအဖွဲ့များ အားနည်းသွားစေပြီး ၎င်းတို့ကြားတွင် အကြောက်တရားများ တိုးပွားလာစေခဲ့ကြောင်း တွေ့ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ သုတေသနပြုချက်များအရ ချမှတ်သောထောင်ဒဏ်ပြစ်ဒဏ်များမှာလည်း ဦးသိန်းစိန်အစိုးရ တက်လာကာစထက်စာလျှင် အများအားဖြင့် ပိုရှည်လာသည်ကို တွေ့ရပါသည်။ အချို့အမှုများတွင် အာဏာပိုင်များသည် ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒီအုပ်စုများ ကြေနပ်စေရန် ဘာသာရေးအရ သည်းခံစိတ်များရှိလာရေး ထုတ်ဖော်ပြောဆိုသူများကို ဖမ်းဆီး အနှောက်အယှက်ပေးမှုများလည်း ပြုလုပ်ခဲ့သည်။

# ၃.၁။ ကာလရှည်ချုပ်နှောင် ထောင်ဒဏ်ချမှုများ ပြန်ပေါ်လာခြင်း

ပြီးခဲ့သော စစ်အစိုးရများလက်ထက်တွင် နိုင်ငံရေးအရ ဖမ်းဆီးထောင်ချခံရသူများကို ဆယ်စုနှစ်ချီသော နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်းမှာ မြင်တွေ့နေကျပုံစံတခု ဖြစ်ခဲ့သည်။ သမ္မတဦးသိန်းစိန်အစိုးရ တက်လာကစနှစ်များတွင် လူ့ခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကို တရားစွဲဆိုမှုများ ဆက်ရှိနေခဲ့သော်လည်း စွဲချက်များ နည်းပါးသွားပြီး ပြစ်ဒဏ်များမှာလည်း သက်တမ်းပိုတိုလာခဲ့ပါသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ် အစမှ စတင်၍ အာဏာပိုင်များသည် နည်းလမ်း အဟောင်းများ ပြန်သုံးလာသလို အသစ်များကိုလည်း အသုံးပြုလာခဲ့သည်။ လုပ်ရပ်တစ်ခုအတွက် စွဲချက်အမျိုးမျိုးစွဲတင်ခြင်း၊ လုပ်ရပ်တစ်ခုထဲအပေါ် မြို့နယ်အများက တရားစွဲဆိုခြင်း၊ အာမခံမပေးနိုင်သော အမှုမျိုးဖြင့် စွဲဆိုခြင်းများဖြစ်သည်။ ဤနည်းအားဖြင့် လူ့အခွင့်အရေးလှုပ်ရှားသူများ၊ တက်ကြွလှုပ်ရှားသူများသည် အကျဉ်းထောင်များထဲတွင် ကာလတာရှည် နေကြရတော့သည်။

## စွဲချက်အမျိုးမျိုးနှင့် စွဲဆိုခြင်း

၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် လူ့အခွင့်အရေးလှုပ်ရှားမှုများသူများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ဖမ်းဆီးတရားစွဲဆိုခံရသောအခါ အများအားဖြင့် အသစ်ပြဋ္ဌာန်းလိုက်သော ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေ တစ်ခုထဲနှင့်သာ စွဲဆိုခံကြရတတ်သည်။ သို့သော် ၂၀၁၄ ခုနှစ်အစမှ စတင်၍ လူအများကို စွဲချက်တစ်ခုထဲမဟုတ်တော့ပဲ ၎င်းတို့၏ လုပ်ရပ်တစ်ခုထဲအပေါ် စွဲချက်အမျိုးမျိုးနှင့်စွဲဆိုခြင်းများ ပြန်လည် ပြုလုပ်လာကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ရှိခဲ့သည်။ ထို့အပြင် ထောင်ဒဏ်ပြစ်ဒဏ်များချမှတ်သောအခါတွင်လည်း တရားသူကြီးက အတိအကျမဆုံးဖြတ်ပေးခဲ့လျှင် ပြစ်ဒဏ်ကို တစ်ဆက်တည်းကျခံရသဖြင့် ကာလရှည် ထောင်ဒဏ်များ ကျခံလာကြရပါသည်။ [၂၈]

အထူးသဖြင့် ငြိမ်းချမ်းသော ဆန္ဒပြပွဲများတွင် ပါဝင်ကြသော လှုပ်ရှားသူများသည် နိုင်ငံ၀န်ထမ်းကို အနှောက်အယှက် ပေးသည်ဆိုသော နောက်ထပ်ပုဒ်မများနှင့် ရင်ဆိုင်ကြရသည်။ ဤပုဒ်မများတွင် နိုင်ငံ၀န်ထမ်းအား ၎င်း၏တာဝန်များ ထမ်းဆောင်ခြင်း မပြုနိုင်အောင် နာကျင်စေခြင်း (ရာဇဝတ်မှု ဥပဒေ ပုဒ်မ ၃၃၂)၊ အပြင်းအထန်နာကျင်စေခြင်း (ပုဒ်မ ၃၃၃)၂၉ နှင့် အဓိကရုဏ်းတစ်ခု တရားမဝင်အစုအဝေးတစ်ခုကို တားဆီးဖို့ကြိုးပမ်းသည့် နိုင်ငံ၀န်ထမ်းအား တိုက်ခိုက်ခြင်း၊ တိုက်ခိုက်ရန် ခြိမ်းခြောက်ခြင်း နှင့် ဟန့်တားခြင်း (ပုဒ်မ ၁၅၂) တို့ ပါဝင်သည်။ [၃၀] ဥပမာ စစ်ကိုင်းတိုင်း လက်ပန်းတောင်းတောင်ကြေးနီသတ္တုတွင်းတွင် လုံခြုံရေးတပ်ဖွဲ့များက အင်အားအလွန်အကျံသုံးခဲ့သည်ဆိုပြီး ၂၀၁၄ ဒီဇင်ဘာ ၂၉ ရက်နေ့က ပြုလုပ်ခဲ့သော ငြိမ်းချမ်းသည့် ကန့်ကွက်ဆန္ဒပြမှုတွင် ပါဝင်ခဲ့သည့်အတွက် ရွေးကောက်ပွဲဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နုခိုင်ကို ရာဇဝတ်မှုပုဒ်မအမျိုးမျိုးနှင့် စွဲဆို ခဲ့သည်။ သူ့အားစွဲဆိုသော အမှုများတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ပျက်ပြားအောင် ဆူပူလှုံ့ဆော်မှု (ပုဒ်မ ၅၀၅ ခ)၊ နိုင်ငံ၀န်ထမ်းတစ်ဦးအား ၎င်း၏တာဝန်ကို မထမ်းရွက်နိုင်အောင် တားဆီးဟန့်တားမှု (ပုဒ်မ ၃၅၃)၊ ညစ်ညမ်းသောပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီချင်းများသီဆိုမှု (ပုဒ်မ ၂၉၄)၊ အဓိကရုဏ်းကို နှိမ်နင်းရန်ကြိုးစားသော ပြည်သူ့ဝန်ထမ်းကို တိုက်ခိုက်နှောက်ယှက်မှု (ပုဒ်မ ၁၅၂) နှင့် ရှုန်းရင်းဆန်ခတ်မှု (ပုဒ်မ ၁၄၇) တို့ပါဝင်သည်။ ယင်းစွဲဆိုချက်များကို သူကျူးလွန်ခဲ့သည် ဆိုသော အထောက်အထားများ မရှိခဲ့ပါ။ ဆန္ဒပြမှုတွင် ပါဝင်ခဲ့မှုဖြင့် ဤ စွဲချက် ပုဒ်မများအရ သူသည် ထောင်ဒဏ် ပြစ်ဒဏ် ကိုးနှစ်နှင့် ကိုးလအထိ ကျခံရနိုင်ဖွယ်ရှိနေပါသည်။

အကြမ်းဖက်မှု ကျူးလွန်ခြင်းမရှိ၊ အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းမရှိကြောင်း ယုံကြည်ရသည့် သတင်းရင်းမြစ်များက ပြောပြခဲ့သည့် အမှုမျိုးတွင်လည်း ဤစွဲချက်များကို အသုံးပြုခဲ့သည်ကို တွေ့ရသည်။ သာဓက တစ်ခုမှာ ၂၀၁၃ ခုနှစ်က ရခိုင်ပြည်နယ်တွင် အစိုးရကလူဦးရေစာရင်း ကောက်ယူချိန်တွင် ရိုဟင်ဂျာဟုအမည်ခံယူခွင့် မပေးသည်ကို ကန့်ကွက်ဆန္ဒပြကျင်းပခဲ့သော ရိုဟင်ဂျာလေးဦးကို ၂၀၁၅ ခုနှစ် မတ်လက ထောင်ဒဏ် ငါးနှစ်မှ ရှစ်နှစ်အထိ ချမှတ်ခဲ့ခြင်းဖြစ်သည်။[၇၁] ယင်းသို့ ကန့်ကွက်မှုများကြောင့် အစိုးရက လူဦးရေစာရင်းကောက်ယူမှုကို ရပ်ဆိုင်းလိုက်ရပါသည်။[၇၂]

မြန်မာ လူ့အခွင့်အရေးရှေ့နေတစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြချက်မှာ

> "နိုင်ငံဝန်ထမ်းပုဒ်မကို နိုင်ငံရေးအမှုတွေမှာပဲ သုံးတယ်၊ အမြဲလိုလိုလည်း သုံးတယ်။ လူတွေ နောက်ထပ် မလုပ်ရဲအောင်ပေ့ါ။ ဆန္ဒပြပွဲတစ်ခုထဲမှာပါလို့ စွဲချက် ငါးခုလောက်နဲ့ ရင်ဆိုင်ရနိုင်တယ်။ အဲဒီအခါကျတော့ သူတို့ ဆန္ဒပြချင်သေးလား၊ လှုပ်ရှားချင်သေးလားဆိုတာ စဉ်းစားလာကြတယ်။ အဖမ်းခံရပြီး ထောင်ထဲမှာ အကြာကြီးနေရမှာကို ကြောက်တော့ မလုပ်ခင်တော်တော်လေး စဉ်းစားလာကြရတာပေ့ါ။"[၃၃]

စွဲချက်စာရွက်များတွင် အမှုအမျိုးမျိုးတပ်ပြီး စွဲဆိုခြင်းဖြင်း တက်ကြွလှုပ်ရှားသူများကို အကျဉ်းထောင်ထဲတွင် ကာလတာရှည်ထည့်ထားခြင်းမှာလည်း မြန်မာအာဏာပိုင်များ အသုံးပြုသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

## မြို့နယ်အများတွင် စွဲချက်အများနှင့် ရင်ဆိုင်ရခြင်း

ဦးသိန်းစိန် အစိုးရလက်ထက်တွင် နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှု အများတွင် တွေ့ရတတ်သည့် ပုံစံတစ်ခုမှာ တက်ကြွလှုပ်ရှားသူများကို မြို့နယ်အသီးသီးတွင် စွဲချက် အကြိမ်ကြိမ် တင်ခြင်းဖြစ်သည်။ ဤနည်းဖြင့် ထောင်ဒဏ်နှစ်ရှည် ချမှတ်နိုင်သည်။ ဤနည်းလမ်းကို ငြိမ်းချမ်းစွာဆန္ဒပြသူများကို စွဲဆိုရာတွင်အဓိက အသုံးပြုကြောင်းတွေ့ရသည်။ ဆန္ဒပြပွဲတစ်ခုတွင် ဖြတ်သန်းသွားရသော မြို့နယ်အသီးသီးကအာဏာပိုင်များက ဆန္ဒပြသူများအား ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေပါ ပုဒ်မများနှင့် စွဲဆိုကြသည်။

ဥပမာ လူ့အခွင့်အရေးလှုပ်ရှားသူ ကရင်အမျိုးသမီး နော်အုန်းလှကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က တရုတ်သံရုံးရှေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုတစ်ခုအတွက် မြို့နယ် ခြောက်ခုက စွဲချက်ခြောက်ခု စွဲတင်ခဲ့သည်။ နော်အုန်းလှသည် ပြီးခဲ့သည့် ရက်သတ္တပတ်က လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းတွင် ရဲက အင်အားအလွန်အကျွံ သုံးခဲ့သည်ကို စုံစမ်းစစ်ဆေးပေးရန် အခြားသူ ၁၀၀ ခန့်နှင့်အတူ ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။ ဒဂုံမြို့နယ်တရားရုံးက သူ့ကို ရာဇဝတ်မှု ပုဒ်မအမျိုးမျိုးနှင့် စွဲဆိုခဲ့သလို ခွင့်ပြုချက်မရှိပဲ ဆန္ဒပြခဲ့မှုဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေ ပုဒ်မ ၁၈ အရလည်း စွဲဆိုခဲ့ပြီး သူ့အား ထောင်ဒဏ် လေးနှစ်နှင့်လေးလ ပြစ်ဒဏ်ချခဲ့ပါသည်။

သို့သော် နော်အုန်းလှသည် ဆန္ဒပြပွဲအတွင်း မြို့နယ်အချို့ကိုလည်း ဖြတ်သန်းသွားခဲ့သဖြင့် အခြားမြို့နယ်ငါးခု ဖြစ်သော ကျောက်တံတား၊ ပန်းပဲတန်း၊ လသာ၊ အလုံ နှင့် လမ်းမတော်မြို့နယ်များကလည်း သူ့ကို ပုဒ်မ ၁၈ ဖြင့် စွဲဆိုခဲ့ကြသည်။ ပုဒ်မ ၁၈ စွဲချက်တစ်ခုအရအမြင့်ဆုံး ပြစ်ဒဏ်မှာ ထောင်ဒဏ် ခြောက်လ ဖြစ်သည်။ မြို့နယ်လေးခုမှ တရားရုံးများက သူ့ကို ထောင်ဒဏ်လေးလစီ ချမှတ်ခဲ့သဖြင့် သူ့ထောင်ဒဏ်မှာ နောက်ထပ် ၁၆ လ ပိုရှည်သွားခဲ့သည်။ ထို့ကြောင့် စုစုပေါင်းလျှင် နော်အုန်းလှသည် ဒီဇင်ဘာလ ၂၉ ရက်နေ့က ဆန္ဒပြမှုတစ်ခုထဲ အတွက် ထောင်ဒဏ် ငါးနှစ်နှင့်ရှစ်လ ချမှတ်ခံခဲ့ရပါသည်။[၃၄]

ပြစ်မှုတစ်ခုထဲအတွက် မြို့နယ်အများတွင်တရားစွဲဆို အရေးယူခြင်းသည် မြန်မာ့ရာဇဝတ်မှုကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ အထူးသဖြင့် ပုဒ်မ ၁၈၂ နှင့်ဆန့်ကျင်နေပါသည်။[၃၅] ဤပြဋ္ဌာန်းချက်အရ ပြစ်မှုတစ်ခုကို ဒေသအများတွင်တစ်ဆက်တည်း ကျူးလွန်ပါက ယင်းပြစ်မှုကျူးလွန်ရာဒေသတစ်ခုခုအတွက် အာဏာသက်ရောက်သော တရားရုံးတစ်ရုံးက ဤအမှုကို စီရင်နိုင်သည်ဟု ဆိုထားပါသည်။ ယခုအစီရင်ခံစာအတွက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လေ့လာသုံးသပ်ခဲ့သော အမှုများတွင် တရားရုံးများက အထက်ပါ ပြဋ္ဌာန်းချက်ကို လစ်လျူရှုပြီး ပြစ်မှုကျူးလွန်ခဲ့သော ဒေသတိုင်းက တရးရုံးများက အမှုဖွင့်စီရင်ပိုင်ခွင့်ရှိသည်ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုကာ ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် တရားသူကြီးများက ပြစ်ဒဏ်ကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်မချခဲ့လျှင် ပြစ်ဒဏ်များကို တစ်ဆက်တည်း ကျခံကြရပါသည်။[၃၆] ပြစ်ဒဏ်တစ်ခုထဲအတွက် အာဏာပိုင်များက စွဲချက်အမျိုးမျိုးနှင့် စွဲဆိုကြသည့်အတွက် ပြစ်ဒဏ်များစုပေါင်းလိုက်လျှင် နှစ်ရှည်ထောင်ဒဏ်များ ဖြစ်သွားလေ့ရှိပါသည်။

အာဏာပိုင်များက ဤနည်းလမ်းကို လူ့အခွင့်အရေးကာကွယ်သူများ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုကို ခေါင်းဆောင်သူများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ထောင်ထဲတွင်နှစ်ရှည်ထည့်ထားရန် ရည်ရွယ်ချက်တစ်ခုဖြင့် ပြုလုပ်နေပုံရပါသည်။

ဤသို့ပြုလုပ်နေခြင်းကို လူ့အခွင့်အရေးရှေ့နေများက ဥပဒေကြောင်းအရ တရားရုံးများတွင် ကန့်ကွက်တင်ပြကြသော်လည်း တရားသူကြီးများက တုံ့ပြန်ခြင်းမရှိခဲ့ကြဟု ရှေ့နေများက အပြည်ပြည်ဆိုင်ရ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြကြပါသည်။ ရှေ့နေတစ်ဦးက ယခုကဲ့သို့ ပြောခဲ့ပါသည်။ "ဥပဒေထဲမှာ အဲဒီလို မပါဘူးလို့ တရားသူကြီးကို ပြောတာပေါ့။ ဒါပေမယ့် တရားသူကြီးတွေက ဘာမှ ပြန်မပြောကြဘူး၊ သူတို့ကို အထက်က ပေးတဲ့ အမိန့်အတိုင်းပဲ လိုက်လုပ်နေကြတယ်။"[၃၇]

**တရားရုံး ၁၁ ခုက အမှု ၁၁ခု၊ ကိုထင်ကျော်၏ အမှုတွဲ**

**ကိုထင်ကျော်သည် လူထုအခြေပြုအဖွဲ့တစ်ခုဖြစ်သော စဉ်ဆက်မပြတ်ဒီမိုကရေစီရေးလှုပ်ရှားမှုအဖွဲ့ (MDCF) ၏ ခေါင်းဆောင်ဖြစ်သည်။ သူသည် ယခု ထောင်ဒဏ် ၁၃ နှစ်နှင့် ၁၀ လ ကျခံနေရသည်။**

၂၀၁၄ ဧပြီလနှင့် မေလများတွင် ကိုထင်ကျော်သည် ရန်ကုန်မြို့တွင်းရှိ မြို့နယ်များတွင် အစိုးရကို ဝေဖန်ပြီး လွှတ်တော်ကိုယ်စားလှယ်များ နှုတ်ထွက်ပေးရန်တောင်းဆိုသော စာများ လိုက်လံဝေငှခဲ့သည်။ မေလ ၅ ရက်နေ့ နံနက် ၉ နာရီက တောင်ဥက္ကလာတွင် စာများဝေနေစဉ်တွင် အဖမ်းခံရပြီး ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅ (ခ) အရ တရားစွဲဆိုခံခဲ့ရသည်။

သို့သော် ကိုထင်ကျော်ကို တောင်ဥက္ကလာတစ်မြို့နယ်ထဲတွင် တရားစွဲခြင်း မဟုတ်ပဲ ၎င်းစာများဝေခဲ့သော မြို့နယ်၁၁ခု စလုံးတွင် စွဲဆိုခဲ့သည်။ ထို့ကြောင့် ၂၀၁၄ခုနှစ် ဇွန်လ ၂၃

ရက်နှင့် အောက်တိုဘာ ၃၀ ရက်အတွင်းတွင် ကိုထင်ကျော်ကို မြို့နယ် ၁၁ ခုမှ တရားရုံးများက စစ်ဆေးခဲ့ပြီး စာဝေခဲ့သည့် ပြစ်မှုဖြင့် ပုဒ်မ ၅၀၀ (ခ) အရ စုစုပေါင်းထောင်ဒဏ် ၁၂ နှစ်နှင့် ခြောက်လ ချမှတ်ခဲ့သည်။[၃၈]

သူ့ကို ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မှုဖြစ်စေ့လည်း ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေ ပုဒ်မ ၁၈ အရ ပြစ်ဒဏ်များ ချမှတ်ခဲ့သည့်အတွက် ယခုအခါ ရန်ကုန်အင်းစိန်ထောင်တွင် စုစုပေါင်းထောင်ဒဏ် ၁၃ နှစ်နှင့် ခြောက်လ ကျခံနေရပါသည်။

## အာမခံမပေးနိုင်သော အမှုများဖြင့်စွဲဆိုခြင်း

**"ပုဒ်မ ၅၀၅ (ခ)နဲ့ စွဲဆိုခံရတဲ့သူတွေ ပိုများလာပါတယ်။ သူတို့က (အာဏာပိုင်တွေက) တက်ကြွလှုပ်ရှားသူတွေ ထွက်ပြီး လှုပ်ရှားမှုတွေ ဆက်မလုပ်စေချင်ဘူး၊ ဒါကြောင့်ထောင်ထဲမှာပဲ ဆက်ထည့်ထားလို့ရအောင် အာမခံမပေးတဲ့ အမှုတွေနဲ့ စွဲတာပေါ့။"**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အဖွဲ့ဝင်
ယုံကြည်ချက်ကြောင့်အကျဉ်းချခံခဲ့ရသူတစ်ဦး [၃၉]

၂၀၁၄ ခုနှစ် အစမှ စတင်၍ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅ (ခ)ပါ လှုံ့ဆော်မှု စွဲချက်နှင့် စွဲဆိုခံရသူ အရေအတွက် တရှိန်ထိုးတက်လာခြင်းကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က တွေ့ရှိခဲ့ပါသည်။ လွန်ခဲ့သော စစ်အစိုးရလက်ထက် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ငြိမ်းချမ်းစွာနိုင်ငံရေးလှုပ်ရှားသူများနှင့် အတိုက်အခံများအား အကျဉ်းချရာမှာ ပုဒ်မ ၅၀၅(ခ)ကို ပုံမှန်ဆိုသလို သုံးစွဲခဲ့သည်။[၄၀] သို့သော် ပြုပြင်ပြောင်းလဲမှုများ အစပြုခဲ့သည် ပထမနှစ်များအတွင်း (၂၀၁၁-၂၀၁၃) ဤပုဒ်မကို အသုံးပြုမှု နည်းပါးခဲ့သည်။

ပုဒ်မ ၅၀၅(ခ)မှာ အာမခံမပေးနိုင်သည့် ပြစ်မှုဖြစ်သည်။[၄၁] မြန်မာဥပဒေတွင် ပုဒ်မ ၅၀၅(ခ) အပါအဝင်အခြား အာမခံမရသော အမှုများနှင့် စွဲဆိုခံရသူများသည် ချုပ်နှောင်ထားခံရမည် ဖြစ်သည်။ သို့သော် အသက် ၁၆ နှစ်အောက် လူငယ်များ၊ အမျိုးသမီးများ၊ မကျန်းမမာဖြစ်နေသူများနှင့် သေဒဏ်နှင့် ထောင်ဒဏ်တစ်သက် ကျခံရနိုင်သည့် ပြစ်မှုများ မကျူးလွန်ခဲ့ဟု ယုံကြည် ရလျှင် နောက်ပိုင်းတွင် အာမခံပေး၍ ရနိုင်သည်။[၄၂]

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ လေ့လာချက်အရ ၅၀၅(ခ)နှင့် စွဲဆိုခံထားရသူများကို တရားသူကြီးက အာမခံ ပေးလေ့မရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် အာဏာပိုင်များသည် ဤပုဒ်မကို အသုံးပြုခြင်းဖြင့် လှုပ်ရှားတက်ကြွသူများကို တရားရင်ဆိုင်နေရသော ကာလတလျှောက် လမ်းပေါ်ထွက်မလာနိုင်အောင် တားဆီးနိုင်မည် ဖြစ်သည်။

ဥပမာ ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်များ ဖြစ်ကြသော **ပိုင်ရဲထွန်း၊ ဇေယျာလွင်၊ နန်းလင်း၊ မင်းသူကျော်**နှင့် **ရဲဇာနည်ထွန်း**တို့သည် လွှတ်တော်ထဲတွင် ၂၅ ရာခိုင်နှုန်း နေရာယူထားကြသော တပ်မတော်သား ကိုယ်စားလှယ်များနှုတ်ထွက်ပေးရန် ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြပွဲအပြီးတွင် ၎င်းတို့အားလုံးအား ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေ ပုဒ်မ၁၉ ပါ ဆန္ဒပြခွင့်ပြုမိန့်ပါ အချက်အလက်များကို ချိုးဖောက်သည်ဆိုသော စွဲချက်ဖြင့် စွဲဆိုခဲ့သည်။ ဆန္ဒပြပွဲကို ဦးဆောင်စီစဉ်ခဲ့ပြီး ဆန္ဒပြပွဲတွင် မိန့်ခွန်းများလည်း ပြောကြားခဲ့ကြသော ပိုင်ရဲထွန်း၊ နန်းလင်းနှင့် ဇေယျာလွင်တို့ကို ပုဒ်မ ၅၀၅(ခ) ပါ လှုံ့ဆော်မှုဖြင့်ထပ်မံ စွဲဆိုခဲ့ပြီး ချက်ခြင်းဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ သုံးဦးစလုံးကို ယခု အင်းစိန်ထောင်တွင် ထိန်းသိမ်းထားပြီး ကျောက်တံတားနှင့် ပန်းဘဲတန်းတရားရုံးများတွင် အမှုရင်ဆိုင်နေရပါသည်။

ဆန္ဒပြပွဲများကို ဦးဆောင်သူများ၊ အဖွဲ့အစည်းများနှင့် လှုပ်ရှားမှုများကို ဦးဆောင်သူ ခေါင်းဆောင်များမှာ ၅၀၅(ခ)နှင့် စွဲဆိုခံရနိုင်ချေ ပိုများကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ လေ့လာချက်များက ပြဆိုနေပါသည်။ (ခေါင်းဆောင်များကို ဦးတည်ပစ်မှတ်ထားပုံအကြောင်းကို အောက်ပါအခန်း တွင်ကြည့်ပါ)

ပုဒ်မ ၅၀၅(ခ) သည် အာမခံမပေးနိုင်သော ပုဒ်မများအနက် အသုံးအများဆုံးသော ပုဒ်မတစ်ခုဖြစ်သော်လည်း နိုင်ငံရေးအရ ဖမ်းဆီးအရေးယူမှုများတွင် အသုံးပြုတတ်သော အခြား စိုးရိမ်စရာ ဖိနှိပ်ချုပ်ခြယ်သည့် ဥပဒေများလည်း ရှိသေးကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က တွေ့ရှိရပါသည်။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၅(က) (ဘာသာသာသနာညှိုးနွမ်းအောင် ပြုလုပ်မှု) နှင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) (ဆက်သွယ်ရေးကွန်ယက်တစ်ခုကို အသုံးပြု၍ အသရေဖျက်မှု) တို့မှာလည်း အာမခံ မရနိုင်သော ပြစ်မှုများ ဖြစ်သဖြင့် ယင်းတို့ကို အသုံးပြု၍ တက်ကြွလှုပ်ရှားသူများကို တရားရုံးမတင်မီနှင့် အမှုစစ်ဆေးနေစဉ်ကာလများအတွင်း ထိန်းသိမ်းထားနိုင်ပါသည်။

## ၃.၂။ အဖွဲ့အစည်းများနှင့် လှုပ်ရှားမှုများကို အားနည်းစေခြင်း

မြန်မာအာဏာပိုင်များသည် နိုင်ငံရေးအရ ရည်ရွယ်ချက်ဖြင့် ဖမ်းဆီးအကျဉ်းချမှုများကို အတိုက်အခံလှုပ်ရှားမှုများနှင့် လူ့အခွင့်အရေး လှုပ်ရှားမှုများကို သိသိသာသာ အားနည်းသွားစေရန် လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် လှုပ်ရှားမှုခေါင်းဆောင်များကို ဦးတည်ပစ်မှတ်ထားခဲ့သည်။ ဤခေါင်းဆောင်များ၏ အမှုများကို တရားရုံးကစစ်ဆေးရာတွင် လပေါင်းများစွာ ကြာတတ်သဖြင့် ၎င်းတို့၏ အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ မလုပ်နိုင်ပဲ ပြတ်တောက်သွားတတ်ပါသည်။ အချို့အမှုများတွင် အာဏာပိုင်များက အဖွဲ့အစည်းတစ်ခုလုံးနှင့် အဖွဲ့ဝင်အားလုံးကို နိုင်ငံရေးအရ စွဲဆိုသော အမှုများဖြင့် တရားစွဲဆိုတတ်သဖြင့် ၎င်းတို့၏ လှုပ်ရှားမှုများအားနည်းသွားရပြီး လုံးဝရပ်ဆိုင်းသွားရသည်အထိဖြစ်လာပါသည်။

# ခေါင်းဆောင်များကို ပစ်မှတ်ထားခြင်း

**“ရဲတွေက မေးခွန်းတွေအများကြီးမေးတယ်၊ ဆန္ဒပြပွဲကို ဘယ်သူဦးဆောင်တာလဲ၊ လူတွေကို ဘယ်သူလှုံ့ဆော်တာလဲ ဆိုတာ ထပ်ခါထပ်ခါမေးတယ်၊ မျိုးမင်းမင်းနဲ့ နိုင်ဌေးလွင်တို့ရဲ့ ဓာတ်ပုံတွေကို ပြပြီး ဆန္ဒပြပွဲကို သူတို့နောက်က စီစဉ်တာလားလို့ မေးတယ်။ အခုတော့ ကျွန်တော်တို့ခေါင်းဆောင်တွေလည်း ထောင်ထဲမှာ၊ ဆန္ဒပြလို့ အလုပ်သမားတချို့လည်း အလုပ်ထုတ်ခံလိုက်ရပြီ၊ ကျွန်တော်တို့လည်း နောက်ထပ် ပြဖို့ အစီအစဉ်မရှိတော့ဘူး။ လူတွေက ကြောက်သွားကြတယ်။”**

၂၀၁၅ နှစ်ဆန်းက ရွှေပြည်သာစက်မှုဇုံတွင်ဖြစ်ပွားခဲ့သော အလုပ်သမားဆန္ဒပြပွဲများနှင့်သပိတ်မှောက်မှုများအပြီး ရဲကခေါ်ယူစစ်ဆေးခံခဲ့ရသော အလုပ်သမားတစ်ဦးက အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကို ပြောပြချက်မှ။ [၄၃]

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ လေ့လာချက်အရ လှုပ်ရှားမှုများ အဖွဲ့များ ခေါင်းဆောင်များမှာ နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှုများ ပြုခံရရန် ပိုနီးစပ်သည်ကို တွေ့ရသည်။ ဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရကို ဝေဖန်သော အဖွဲ့အစည်းများမှ ခေါင်းဆောင်ပိုင်းကို အာဏာပိုင်များက ရွေးပြီး ပစ်မှတ်ထားခဲ့ ပုံမျိုးတွေ့ရသည်။ ဥပမာ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲကဲ့သို့ လှုပ်ရှားမှု တစ်ခုကြောင့် လူအများအပြား အဖမ်းခံရသည့်အထဲတွင် ခေါင်းဆောင်များမှာ ထောင်နှစ်ရှည်ကျခံရနိုင်သည့် စွဲချက်မျိုးနှင့်စွဲဆိုခံရ တတ်ပြီး အာမခံမရပဲလည်း အမှုကို ရင်ဆိုင်ရတတ်ပါသည်။

### ခေါင်းဆောင်များကို ပစ်မှတ်ထားခြင်း

**မြန်မာနိုင်ငံတွင် ဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရကို ဝေဖန်သော အဖွဲ့အစည်းများ၊ တရားမျှတမှုနှင့် တာဝန်ခံမှုတို့အတွက် တောင်းဆိုလှုပ်ရှားမှုများမှ ခေါင်းဆောင်ပိုင်းသည် ပစ်မှတ်ထား၍ ဖမ်းဆီးခံရပြီး ကျန်သာမန်အဖွဲ့ဝင်များထက် ပို၍ ပြင်းထန်သော အပြစ်ပေးမှုများနှင့် ရင်ဆိုင်ရတတ်သည်။**

စဉ်ဆက်မပြတ်ဒီမိုကရေစီရေးလှုပ်ရှားမှု **(MDCF)** အဖွဲ့မှ ခေါင်းဆောင် **ကိုထင်ကျော်**သည် ငြိမ်းချမ်းစွာဆန္ဒပြပြီး အစိုးရကိုဝေဖန်သော စာများဝေခဲ့မှုနှင့် ထောင်ဒဏ် ၁၃ နှစ်နှင့် ဆယ်လကျခံနေရသည်။[၄၄] ကျန်အဖွဲ့ဝင်များလည်း အလားတူ ပြစ်မှုဖြင့် အဖမ်းခံရပြီး ထောင်ဒဏ် ချမှတ်ခံရသော်လည်း ကိုထင်ကျော်ကဲ့သို့ စွဲချက် အများအပြားနှင့် ရင်ဆိုင်ရခြင်း ထောင်ဒဏ်နှစ်ရှည်ချခံရခြင်းမျိုး မရှိပေ။ ကိုထင်ကျော် ယခုအခါ အင်းစိန်ထောင်တွင် ရှိနေပါသည်။

**ရိုဟင်ဂျာခေါင်းဆောင်များ ဖြစ်သော ဦးဘသာ၊ ဦးကျော်မြင့်**နှင့် ၎င်း၏သား **ကိုလှမြင့်**တို့မှာ ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့က ရာဇသတ်ကြီး ဥပဒေပါ ရုန်းရင်းဆန်ခတ်မှုဖြင့် ထောင်ဒဏ် ရှစ်နှစ်ချမှတ်ခံခဲ့ရသည်။ **ဦးကျော်ခင်**ဆိုသူကိုလည်း တရားရုံးက ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့သည်။ ၎င်းတို့လေးဦးမှာ ၂၀၁၃ ခုနှစ်က ရခိုင်ပြည်နယ်တွင် အစိုးရကလူဦးရေစာရင်း ကောက်ယူချိန်တွင် ရိုဟင်ဂျာဟုအမည်ခံယူခွင့် မပေးသည်ကို ကန့်ကွက်ဆန့်ကျင် ခဲ့သောကြောင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ ယင်းကန့်ကွက်မှုများကြောင့် လူဦးရေစာရင်းကောက်ယူသည့် လုပ်ငန်းလည်း

ရပ်ဆိုင်းသွားရသည်။  ယင်းတို့လေးဦးသည် အကြမ်းဖက်မှု ကျူးလွန်ခြင်းလည်းမရှိ၊ အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းမရှိကြောင်း ယုံကြည်ရသည့် သတင်းရင်းမြစ်များက အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကို ပြောပြခဲ့သည်။ ၎င်းတို့မှာ ရိုဟင်ဂျာလူမျိုးအမည်ကို အသိအမှတ်ပြုရန်တောင်းဆိုလှုပ်ရှားနေသော ၎င်းတို့ အသိုင်းအဝိုင်းအတွင်းတွင် ဩဇာရှိသည့် ခေါင်းဆောင်များ ဖြစ်သဖြင့် ပစ်မှတ်ထားခံရခြင်း ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယုံကြည်ပါသည်။ ၂၀၁၅ ဇူလိုင် ၃၀ ရက်နေ့က သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ၎င်းတို့အားလုံး လွတ်မြောက်လာခဲ့ကြပါသည်။

**ဦးစိန်သန်း**သည် စစ်တပ်က မိချောင်းကန်ရှိ ၎င်းတို့၏မြေများကို သိမ်းဆည်းထားမှုကို ကန့်ကွက်ဆန္ဒပြပြီး မြေများပြန်ပေးရန်နှင့် ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးရန်တောင်းဆို လှုပ်ရှားမှု၏ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဦးစိန်သန်းကို ၂၀၁၄ ဇူလိုင်လ ၃၁ ရက်နေ့က ဖမ်းဆီးကာ ငြိမ်းချမ်းစွာဆန္ဒပြမှုများကို ဦးဆောင်ခဲ့သည့်အတွက် ထောင်ဒဏ် နှစ်နှစ်ချမှတ်ခဲ့သည်။ မိချောင်းကန်မှ အခြားဆန္ဒပြသူ ၂၇ ဦး လည်း ဖမ်းဆီးထောင်ချ ခံရသော်လည်း ဦးစိန်သန်းကဲ့သို့ စွဲချက်အများအပြားနှင့် မရင်ဆိုင်ရသလို ဦးစိန်သန်းကဲ့သို့ ထောင်နှစ်ရှည်လည်း မချခံကြရပေ။ ဦးစိန်သန်းသည် ၂၀၁၅ ဇူလိုင် ၃၀ ရက်နေ့က သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့ပါသည်။

ရွှေပြည်သာစက်ရုံမှ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များ ဖြစ်သော **မျိုးမင်းမင်း**နှင့် **နိုင်ဌေးလွင်**၊ အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများ ဖြစ်သော **နိုင်ဇော်ကြည်ဝင်း**နှင့် **သူဇော်ကြည်ဝင်း**တို့သည် ၂၀၁၅ ခုနှစ်က ထောင်ဒဏ် နှစ်နှစ်မှ နှစ်နှစ်ခွဲအထိ ချမှတ်ခံခဲ့ရသည်။ ၎င်းတို့သည် နှစ်ဆန်းက ရန်ကုန် ရွှေပြည်သာစက်မှုဇုံရှိ အထည်ချုပ်စက်ရုံ အလုပ်သမားများ သပိတ်မှောက် ဆန္ဒပြမှုကို စီစဉ်ပြီး အားပေးကူညီခဲ့မှုဖြင့် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။ ၎င်းတို့ အဖမ်းခံခဲ့ရပြီးနောက် အလုပ်သမားဆန္ဒပြပွဲများလည်း ရပ်တန့် သွားခဲ့သည်။ လေးဦးစလုံး အင်းစိန်ထောင်အတွင်းတွင် ရှိနေကြပါသည်။

မန္တလေးတိုင်း မတ္တရာမြို့နယ်မှ လယ်သမားတစ်ဦးဖြစ်သော **ကိုရဲရင့်အောင်**သည် အခြားလယ်သမား ၄၀ ခန့်နှင့်အတူ ၂၀၁၅ ဧပြီလက တရားစွဲဆိုခံခဲ့ရသည်။ ၁၉၈၀ ပြည့်လွန်နှစ်များက အာဏာပိုင်များက သိမ်းဆည်းသွားသည်ဆိုသော ၎င်းတို့၏ လယ်မြေများပေါ်တွင် ဝင်ရောက်ထွန်ယက်ရန်ကြိုးစားသည့် ထွန်တုံးတိုက်ပွဲ ဆင်နွှဲမှုကြောင့် စွဲချက်တင်ခံရခြင်း ဖြစ်သည်။ လယ်သမားများ၏ အမှု တရားရုံးတွင် ဆက်ကြားနာနေချိန်မှာပင် ဆန္ဒပြမှုကို ဦးဆောင်ခဲ့သူများ ဖြစ်သည့် ကိုရဲရင့်အောင်နှင့် အခြားသုံးဦးတို့ အဖမ်းခံရပြီး ခွင့်ပြုချက်မရှိပဲ ဆန္ဒပြမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) လှုံ့ဆော်မှုဖြင့် ထောင်ဒဏ်တစ်နှစ်နှင့် လေးလစီ ချမှတ်ခံခဲ့ရသည်။ ဤစွဲချက်အပိုများကြောင့် ခေါင်းဆောင်လေးဦးမှာ အကျဉ်းထောင်ထဲရောက်သွားကြပြီး လယ်သမားများ၏ ဆန္ဒပြလှုပ်ရှားမှုလည်း အားပျော့သွားရသည်။

ခေါင်းဆောင်များကို ပစ်မှတ်ထား၍ ဖမ်းဆီးထောင်ချသော နည်းလမ်းသည် ငြိမ်းချမ်းသော ဆန္ဒပြမှုများ၊ အစိုးရကို အတိုက်အခံပြုမှုများကို ဖြိုခွဲရာတွင် လွန်စွာထိရောက်သော နည်းလမ်းတစ်ခု ဖြစ်ကြောင်းတွေ့ရသည်။ ဆန္ဒပြ လှုပ်ရှားမှု တစ်ခု သို့မဟုတ် အစိုးရကို ဝေဖန်သောအဖွဲ့အစည်းတစ်ခု၏ နောက်ကွယ်မှ မောင်းနှင်အားကို ဖယ်ရှားလိုက်သောအခါ အာဏာပိုင်များသည် ယင်းအဖွဲ့အစည်းများနှင့် ပါဝင်လှုပ်ရှားသူများ၏ လှုပ်ရှားမှုကို အလျင်အမြန် ထိထိရောက်ရောက် ဟန့်တားလိုက်နိုင်ကြသည်။ ခေါင်းဆောင်များ မရှိလျှင် စည်းရုံးလှုပ်ရှားနိုင်မှုများ ရပ်တန့်သွားတတ်လေသည်။

MDCF အဖွဲ့ဝင်တစ်ဦးက

> "*ကျွန်တော်တို့ခေါင်းဆောင် (ကိုထင်ကျော်)လည်း ထောင်ထဲရောက်နေတော့ လောလောဆယ်မှာတော့ ဘာလှုပ်ရှားမှုမှ မလုပ်ပါဘူး၊ ကျွန်တော်တို့က တရားရုံးရောက်နေတဲ့ အဖွဲ့ဝင်တွေရဲ့ ရုံးချိန်းသွားရတာနဲ့ ထောင်ထဲရောက်နေသူတွေအတွက် ထောင်ဝင်စာပို့ရတာနဲ့ မအားကြတော့ပါဘူး။*"[၄၅]

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) မှာလည်း နိုင်ငံရေးအရ စွဲဆိုသော စွဲချက်တွေနဲ့ အဖွဲ့ဝင်တွေ အများအပြား အဖမ်းခံရသူခံရ၊ အာမခံနဲ့ နေရသူနေရဖြစ်နေရတဲ့ အခြေအနေကို အဖွဲ့ဝင်တစ်ယောက်က ရှင်းပြခဲ့ပါတယ်။

> "ဗကသအဖွဲ့ဝင်တွေ အများကြီးထောင်ထဲရောက်နေတော့ ကျွန်တော်တို့ လှုပ်ရှားမှုလည်း အားလျော့သွားတယ်၊ တချို့လည်း ဗကသထဲဝင်ဖို့ ကြောက်နေကြတယ်၊ ကျွန်တော်တို့ကို ဖမ်းချင်ရင် ခေါင်းဆောင်တွေကို ဖမ်းမယ်ဆိုတာ သိပါတယ်။ ကျွန်တော်တို့ လှုပ်ရှားမှုကို အားပျော့သွားအောင် ခေါင်းဆောင်တွေကို ပစ်မှတ်ထားတာပေါ့။"[၄၆]

ထို့အပြင် ဖမ်းဆီးမှုများကြောင့် တက်ကြွလှုပ်ရှားသူများအကြားတွင် စိုးရိမ်မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့၏ လှုပ်ရှားမှုများကို လျှော့ချခြင်း သို့မဟုတ် အဖမ်းခံရနိုင်ချေနည်းသော ပုံစံသို့ ပြောင်းလဲ လှုပ်ရှားခြင်းများ ဖြစ်ပေါ်လာစေပါသည်။

## လှုပ်ရှားမှုများကို ပစ်မှတ်ထားခြင်း

မြန်မာအာဏာပိုင်များသည် ၎င်းတို့ အစိုးရကိုဝေဖန်သော အဖွဲ့အစည်းများနှင့် ဆက်နွယ်မှုရှိသော၊ သို့မဟုတ် ဆက်နွယ်မှု ရှိသည်ဟု ၎င်းတို့က ယူဆသော၊ လှုပ်ရှားတက်ကြွသူ တစ်ဦးဦးနှင့် ဆက်နွယ်ပတ်သက်သော၊ အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများတွင် ပါဝင်သော၊ အာဏာပိုင်များမနှစ်သက်သော လှုပ်ရှားမှုများ လုပ်ဆောင်သည်ဟု ၎င်းတို့ ယူဆသော သူများကို ပစ်မှတ်ထားဖမ်းဆီးတတ်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယုံကြည်ပါသည်။

အထူးသဖြင့် ၂၀၁၄ စက်တင်ဘာလက အတည်ပြုခဲ့သော အမျိုးသားပညာရေးဥပဒေသည် ပညာရေးလွတ်လပ်ခွင့်ကို ကန့်သတ်သည်ဟုဆိုကာ ပြုလုပ်ခဲ့သော ကျောင်းသားဆန္ဒပြပွဲများနှင့် ဆက်နွယ်မှု ရှိခဲ့သူများ ကိစ္စတွင် ထင်ရှားပါသည်။[၄၇] ဆန္ဒပြပွဲများသည် ၂၀၁၄ နှစ်ကုန်ခန့်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ၂၀၁၅ မတ်လ ၁၀ ရက်နေ့တွင် ပဲခူးတိုင်း လက်ပံတန်းမြို့တွင် ရဲက အင်အားသုံးဖြိုခွဲခံခဲ့ရသော်လည်း ဆက်၍ ဖြစ်နေခဲ့သည်။ ယင်းဖြိုခွဲမှုအတွင်း ကျောင်းသား ၁၀၀ ကျော်ကို ရဲက ဖမ်းဆီးခဲ့ပြီး ၈၁ ယောက်ကို ရာဇဝတ်မှုစွဲချက်အသီးသီးဖြင့် တရားစွဲဆိုခဲ့ပါသည်။

ဆန္ဒပြပွဲကို ဖြိုခွဲခဲ့ပြီးသည့် ရက်ပိုင်း လပိုင်းအတွင်းတွင် အာဏာပိုင်များသည် ယင်းဆန္ဒပြပွဲများနှင့် ပတ်သက်ခဲ့သူများကို စနစ်တကျစီစဉ်၍ အပြစ်ပေးမှုများ ပြုလုပ်ခဲ့ပါသည်။ အခြားကျောင်းသား ဆန္ဒပြသူများ၊ ခေါင်းဆောင်များ၊ ထောက်ခံ ဝန်းရံပေးသူများ အများအပြား အဖမ်းခံရပြီး ကျောင်းသားဆန္ဒပြပွဲကို ထောက်ခံကြောင်း ပြသခဲ့သည့် လူ့အခွင့်အရေးကာကွယ်သူများ၊ ရှေ့နေများမှာ ထောက်လှမ်းရေးက စောင့်ကြည့်ခြင်း ခြိမ်းခြောက်အနှောက်အယှက် ပေးခြင်းများ ခံခဲ့ရသည်။[၄၈] အဖမ်းခံခဲ့ရသူ အများအပြားမှာ အချုပ်အနှောင်ခံနေရပြီး အချို့မှာလည်း အာမခံနှင့် လွတ်မြောက်နေကာ အားလုံးလိုလိုသည် ရာဇဝတ်မှု ပုဒ်မအမျိုးမျိုးဖြင့်တရားစွဲဆို ခံထားကြရပါသည်။

ကျောင်းသားများ ဆန္ဒပြခဲ့ရာတွင် မတူညီသောအချိန်များတွင် မတူညီသောနေရာများ၌ မတူညီသော အကြောင်းအရာများအပေါ် အခြေပြု၍ ပြခဲ့ကြခြင်းများ ရှိသော်လည်း ၎င်းတို့ကို စွဲဆိုသော ပုဒ်မများမှာ အပြောင်းအလဲ မရှိပါ။ အာဏာပိုင်များက ရာဇသတ်ကြီး ဥပဒေမှ တူညီသော ပုဒ်မများကိုသာ အသုံးပြုခဲ့ကြသည်။ တချို့အမှုများတွင် ယင်းရာဇဝတ်မှု စွဲချက်များအပေါ်ထပ်ဆောင်း၍ ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေအရပါ ထပ်မံစွဲဆိုခဲ့သည်ကို တွေ့ရသည်။ အဖမ်းခံရသူများသည် ကျောင်းသားဆန္ဒပြပွဲများတွင် ပါဝင်မှု၊ သို့မဟုတ် ပါဝင်ခဲ့သည်ဟု ယူဆခံရမှုများကြောင့် ပစ်မှတ်ထားခံရပြီး ယခုကဲ့သို့ ဖမ်းဆီးတရားစွဲဆိုမှုမျိုးမှာ အားလုံးကို စုပေါင်းပြစ်ဒဏ်ပေးခြင်းမျိုး သက်ရောက်နေမည်လားဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က စိုးရိမ်မိပါသည်။

ကျောင်းသားလှုပ်ရှားမှုကို ဖြိုခွဲခဲ့ပြီး တစ်နှစ်ကြာလာချိန်အထိ အာဏာပိုင်များက ကျောင်းသားခေါင်းဆောင်များကို ဆက်လက်၍ စွဲချက်များတင်နေသည်ကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က စိုးရိမ်မိပါသည်။ ၂၀၁၆ ခု ဖေဖော်ဝါရီလတွင် အနည်းဆုံးကျောင်းသားခေါင်းဆောင် သုံးဦးကို ၂၀၁၄ နှစ်ကုန်နှင့် ၂၀၁၅ ခုနှစ်များအတွင်း ခွင့်ပြုချက်မရှိပဲ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မှုဖြင့် နောက်ထပ်စွဲချက်များ ထပ်တင်ခဲ့ပါသည်။[၄၉]

၂၀၁၆ ခုနှစ်တွင် ငြိမ်းချမ်းစွာ ဆက်လက်ဆန္ဒပြခဲ့ကြသော ကျောင်းသားများ ကိုလည်း စွဲချက်များထပ်တင်ခဲ့သည်။ ကျောင်းသားဆန္ဒပြပွဲများ တစ်နှစ်ပြည့်သည့် အထိမ်းအမှတ် အဖြစ် ၂၀၁၆ ဇန်နဝါရီလက မန္တလေးတွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသော ကျောင်းသားလေးဦးကိုလည်း ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေအရ ပုဒ်မအသီးသီးဖြင့် တရားစွဲဆိုထားပါသည်။[၅၀]

## ကျောင်းသားလှုပ်ရှားမှုအား ဖြိုခွဲခြင်း

**မတူညီသော အချိန် မတူညီသောနေရာများတွင် မတူညီသော အကြောင်းအရာကို အခြေပြု၍ ပြုလုပ်ခဲ့သော ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး ကျောင်းသားခေါင်းဆောင်များ၊ သမဂ္ဂအဖွဲ့ဝင်များနှင့် ၎င်းတို့ကို ထောက်ခံအားပေးသူများကို ရာဇဝတ်မှု ဥပဒေပါ တူညီသော ပုဒ်မများဖြင့် စွဲဆိုခဲ့သည်။ ယင်းပုဒ်မများမှာ ၁၄၃၊ ၁၄၅၊ ၁၄၇[၅၁] နှင့် ၅၀၅ (ခ) တို့ ဖြစ်သည်။**

အမျိုးသားပညာရေး ဥပဒေကို ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြနေကြသော ကျောင်းသားများထဲမှ ပဲခူးတိုင်း **လက်ပံတန်းမြို့တွင် ဖမ်းဆီးခံရသူ ၈၁ ဦး**၊ ကျောင်းသားများသည် ဖေဖော်ဝါရီလမှ စတင်ချီတက်ဆန္ဒပြနေကြကာ ရန်ကုန်သို့ချီတက်လာစဉ် အာဏာပိုင်များနှင့် ဆွေးနွေးပွဲ မပြေလည်ရာက ရဲများက အကြမ်းဖက် ဖြိုခွဲခြင်းကို ခံခဲ့ရသည်။ ၎င်းတို့အားလုံးကို ရာဇသတ်ကြီး ဥပဒေပါ ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅ (ခ) တို့နှင့် စွဲဆိုထားပြီး ပဲခူးတိုင်း သာယာဝတီအကျဉ်းထောင်တွင် ချုပ်နှောင်ခံထားရပါသည်။[၅၂]

၂၀၁၅ မတ်လ ၁၀ ရက်နေ့က ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည့်အတွက် ဖမ်းဆီးတရားစွဲဆို ခံထားရသည့် **ကျောင်းသားနှင့် သမဂ္ဂအဖွဲ့ဝင် ခြောက်ဦး။** လက်ပံတန်းတွင် ကျောင်းသားများ ယင်းနေ့အစောပိုင်းက အကြမ်းဖက်ဖြိုခွဲခံခဲ့ရသည်ကို ကြားသိ၍ နေ့လယ် ၂ နာရီခွဲတွင် လှည်းတန်းလမ်းဆုံးတွင် စုဝေးပြီး မြို့ထဲသို့ ချီတက်ရန် ပြင်ဆင်ရာမှ အဖမ်းခံရသည်။ ၎င်းတို့အားလုံးကိုလည်း ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅ (ခ) တို့နှင့် စွဲဆိုထားပြီး သုံးဦးမှာ အမှုရင်ဆိုင်နေရစဉ်အတွင်း အင်းစိန်ထောင်တွင် အချုပ်အနှောင် ခံနေရပါသည်။

လက်ပံတန်းတွင် အဖမ်းခံလိုက်ရသော ကျောင်းသားများကို ပြန်လွှတ်ပေးရန် မန္တလေးတိုင်း မြင်းခြံမြို့တွင်၂၀၁၅ မတ်လ ၂၇ ရက်က ဆန္ဒပြတောင်းဆိုခဲ့ကြသော **ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ စုစုပေါင်း ခြောက်ယောက်**ကို မတ်လ ၂၇ ရက်မှ ၃၀ ရက်များအတွင်း ဖမ်းဆီးခဲ့သည်။ ခြောက်ယောက်စလုံးကို ၂၀၁၆ ဇန်နဝါရီလ ၂၈ ရက်နေ့က မြင်းခြံမြို့နယ်တရားရုံးက ပုဒ်မ ၁၄၃၊ ၁၄၅ နှင့် ၅၀၅ (ခ) တို့ အရ ထောင်ဒဏ် ကိုးလစီချမှတ်ခဲ့သည်။ ပြစ်ဒဏ်များ အချိန်စေ့သဖြင့် ငါးယောက်ပြန်လွတ်လာခဲ့ပြီး[၅၃] တစ်ယောက်မှာ အခြားဆန္ဒပြမှုများအတွက် နောက်ထပ် စွဲချက်များနှင့် ရင်ဆိုင်နေရသေးသဖြင့် အာမခံဖြင့်ရှိနေပါသည်။

၂၀၁၅ ဇွန်လ၂၉ ရက်နေ့က ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သော **မန္တလေးမှ ကျောင်းသားလေးဦး** ဇူလိုင်လအတွင်းတွင် အဖမ်းခံခဲ့ရသည်။ ဆန္ဒပြမှုအတွင်း ၎င်းတို့က ရတနာပုံတက္ကသိုလ် ဆိုင်းဘုတ်ပေါ်တွင် စစ်တပ်လွှမ်းမိုးသော ပါလီမန်ကို ဝေဖန်သော၊ ဖမ်းဆီးခံ ကျောင်းသားများကို ပြန်လွှတ်ပေးရန်၊ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုသော စာသားများကို မှုတ်ဆေးဖြင့် ရေးသားခဲ့သည်။ ၂၀၁၅ အောက်တိုဘာ ၉ ရက်နေ့က ၎င်းတို့အား ပုဒ်မ ၁၄၃ နှင့် ၅၀၅(ခ)၊ ငြိမ်းချမ်းစွာ စုဝေးခွင့် ဥပဒေ ပုဒ်မ ၁၈ တို့ဖြင့် ထောင်ဒဏ်တစ်နှစ်စီ ပြစ်ဒဏ်ချခဲ့သည်။ တရားသူကြီးက ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချခဲ့သဖြင့် အမိန့်မချမီထောင်ထဲနေခဲ့ရသော ရက်များကို နှုတ်ပြီး ပြစ်ဒဏ်ခြောက်လစီသာ ကျခံရမည်

ဖြစ်သည်။ သုံးဦးမှာ ပြစ်ဒဏ်ရက်စေ့သည့် ၂၀၁၅ ဒီဇင်ဘာ ၂၂ ရက်နေ့က ပြန်လွတ်လာခဲ့ပြီး ကျန်တစ်ဦးမှာ ၂၀၁၆ ဇန်နဝါရီလ ၂၂ ရက်နေ့က သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လွတ်လာခဲ့ပါသည်။

အခြားသော အစိုးရမဟုတ်သည့်အဖွဲ့များနှင့် အဖွဲ့အစည်းများသည်လည်း ပစ်မှတ်ထား ဖမ်းဆီးခံရမှုများ ရှိနေသော်လည်း[၅၄] သတင်းသမားများနှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်နေသူများမှာ စုပေါင်းပြစ်ဒဏ်ချခံရနိုင်သည့် အန္တရာယ်မျိုးနှင့် အများဆုံးရင်ဆိုင်နေကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက်များအရ တွေ့ရှိရသည်။[၅၅]

## ဘိုင်မွန်းတည့်နေ သတင်းသမားများ

အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား ကြားဖြတ်အစိုးရအဖြစ်ရွေးချယ် တင်မြှောက်ခဲ့ကြသည်ဆိုသော သတင်းကို ၂၀၁၄ ဇူလိုင်လတွင် ပုံနှိပ်ဖော်ပြခဲ့သော ဘိုင်မွန်းတည့်နေဂျာနယ်မှ မီဒီယာသမား ငါးဦးကို ၂၀၁၄ အောက်တိုဘာလတွင် ထောင်ဒဏ်ချမှတ်ခဲ့သည်။ သတင်းထောက် ကျော်ဇောဟိန်း၊ စီမံခန့်ခွဲမှုအယ်ဒီတာ ဝင်းတင်၊ အယ်ဒီတာချုပ် သူရအောင်၊ ရုံးအဖွဲ့မှူး ယဉ်မင်းထွန်းနှင့် ထုတ်ဝေသူ ကျော်မင်းခိုင်တို့ကို လှုံ့ဆော်မှုဖြင့် ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်ခံခဲ့ရသည်။ အမှုဆောင်အယ်ဒီတာ ရဲမင်းအောင်နှင့် ဂျာနယ်ပိုင်ရှင် အိအိစံတို့ကိုလည်း အာဏာပိုင်များက ခေါ်ယူစစ်မေးခဲ့ပြီး သက်သေမလုံလောက်သဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ဖမ်းခံထားရသူအားလုံး ၂၀၁၅ ဇူလိုင်လက သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်နှင့် ပြန်လည် လွတ်မြောက်လာခဲ့ကြပါသည်။

## ယူနတီအပတ်စဉ်စာစောင်မှ မီဒီယာသမားများ

ဓာတုလက်နက်စက်ရုံရှိနေသလား ဟူသော သတင်းဆောင်းပါး ရေးသားခဲ့မှုနှင့် ယူနတီစာစောင်မှ သတင်းသမား ငါးဦးကို ၂၀၁၄ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများက ဖမ်းဆီးခဲ့သည်။ သတင်းထောက်များ ဖြစ်သော လူမော်နိုင်၊ ရာဇာဦး၊ ပိုင်သက်ကျော်၊ စည်သူစိုး နှင့် အမှုဆောင်အရာရှိချုပ် ဦးတင့်ဆန်းတို့ကို ဖမ်းဆီးခဲ့ပြီး အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့သည်။ နောက်ပိုင်း အယူခံတွင် ထောင်ဒဏ်ကို ခုနစ်နှစ်အထိ လျှော့ခဲ့သည်။ ၎င်းတို့အား ပခုက္ကူထောင်တွင် ထိန်းသိမ်းထားသည်။ အာဏာပိုင်များက ယူနတီဂျာနယ်မှ နောက်ထပ် သတင်းထောက်တစ်ယောက်နှင့် သတင်းထောက်လူမော်နိုင်၏ ဇနီးတို့ကိုလည်း ဖမ်းဆီးစစ်မေးခဲ့ပြီး အထောက်အထား မခိုင်လုံသဖြင့် ပြန်လွှတ်ပေးခဲ့ပါသည်။

## ဒေးလီးအလဲဗင်း သတင်းသမားများ

ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစား လုပ်ခဲ့သည်ဆိုသော သတင်းဆောင်းပါး တစ်ပုဒ် ရေးသားထုတ်ဝေခဲ့သည့် အတွက် ၂၀၁၄ ဇန်နဝါရီလက ဒေးလီးအလဲဗင်း သတင်းသမားငါးဦးကို ရာဇဝတ်မှုမြောက်သော အသရေဖျက်မှု စွဲချက်ဖြင့် တရားစွဲဆို ခံခဲ့ရသည်။ စွဲဆိုခံရသူများမှာ အမှုဆောင်အရာရှိချုပ် သန်းထွတ်အောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး သိန်းမြင့်၊

အယ်ဒီတာချုပ် ဝေဖြိုး၊ ဒုတိယ အယ်ဒီတာချုပ် မြတ်သစ် နှင့် ဆောင်းပါးရှင် အမှုဆောင်အယ်ဒီတာ နေထွန်းနိုင်တို့ ဖြစ်သည်။ ၂၀၁၅ ဇွန်လတွင် ဒေးလီးအလဗင်း သတင်းစာက ယင်းအမှုအကြောင်း ရေးသားဖော်ပြခဲ့မှု အတွက် ရုံးတော်ကို မထေမဲ့မြင်ပြုမှု [၅၆] ဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက အစောပိုင်းက တရားစွဲဆိုခံနေရသူ ငါးဦးအပါအဝင် ဒေးလီးအလဲဗင်း မီဒီယာသမား ၁၇ ဦးကို ထပ်မံတရားစွဲဆိုခဲ့သည်။ သတင်းစာ၏ ဆောင်းပါးသည် ရုံးတော်၏ ကြားနာမှုအပေါ် ဖိအားပေးရာရောက်သည်ဟု ပြန်ကြားရေးဝန်ကြီးဌာနက တိုင်ကြားခဲ့သည်။ ၂၀၁၅ ဒီဇင်ဘာ၂၄တွင် တရားစွဲခံရသူ ၁၇ ဦးစလုံး ရုံးတော်ကို မထေမဲ့မြင်ပြုမှုဖြင့် အပြစ်ရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ပြီး တစ်ဦးကို ဒဏ်ငွေ ကျပ်သုံးသောင်းစီ ပေးဆောင်စေရန်၊ မပေးနိုင်ပါက ထောင်ဒဏ်တစ်လစီ ကျခံစေရန် အမိန့်ချခဲ့သည်။ ၎င်းတို့က ယင်းအမိန့်ကို အယူခံဝင်ထားကြပါသည်။ ဤအစီရင်ခံစာ ထုတ်ဝေချိန်အထိ အသရေဖျက်မှုဖြင့် စွဲဆိုထားသောအမှုမှာ တရားရုံးတွင် ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်သည်။

အထက်ပါ အမှုမျိုးတွင် အာဏာပိုင်များက ပြဿနာဖြစ်သော သတင်း၊ သတင်းဆောင်းပါး ရေးသားသူကိုသာ တရားစွဲဆိုခြင်းမဟုတ်ပဲ သတင်းဆောင်းပါးနှင့် ဆက်စပ်မှုရှိသော ပုဂ္ဂိုလ်များကိုပါ စွဲဆိုခဲ့သည်ကို တွေ့ရသည်။ ဤနည်းဖြင့် သတင်းသမား တစ်ဦးချင်းစီကိုသာမက သတင်းဌာန၊ သတင်းစာ တစ်ခုလုံးကိုပါ ပစ်မှတ်ထားနိုင်ခဲ့သည်ကို တွေ့ရသည်။ သေးငယ်သော သတင်းမီဒီယာတိုက်များအတွက် ဖမ်းဆီးအရေးယူခံရသော ဝန်ထမ်းများက တိုက်၏ ဝန်ထမ်းအများစု ဖြစ်လျှင် ယင်းမီဒီယာ ဆက်လက်လည်ပတ်ရန် အခက်အခဲရှိသွားပြီး ပိတ်လိုက်ရသည်အထိ ဖြစ်သွားနိုင်ပါသည်။ ဒေးလီးအလဲဗင်းကဲ့သို့ မီဒီယာတိုက်ကြီးများအတွက်မူ အာဏာပိုင်များ၏ သတင်းစကားမှာ ရှင်းပါသည် - "*နိုင်ငံထဲမှာရှိတဲ့ အကြီးဆုံးသတင်းစာ တစ်စောင်ကို တရားစွဲလိုက်တဲ့အခါ အာဏာပိုင်တွေက ဘယ်သူ့ကို မဆိုတရားစွဲနိုင်တယ်ဆိုတာ ပြပြီး ကြောက်သွားကြအောင် ဖန်တီးလိုက်တာပါ။*"[၅၇]

## အချိန်ဆွဲထားသော အမှုအခင်းများ

လူ့အခွင့်အရေး ရှေ့နေများ၊ ဥပဒေနဲ့ မညီညွတ်ပဲ ထင်သလို ဖမ်းဆီးထိန်းသိမ်း ခံရသူများနှင့် ၎င်းတို့၏ မိသားစုများ တညီတညာထဲ ညည်းတွားလေ့ရှိကြသည့် အချက်မှာ အမှုစတင်စစ်ဆေးဖို့ အချိန်ကာလ ကြာမြင့်မှုနှင့် အမှုတစ်ခုကို စစ်ဆေးစီရင်ရာတွင် အချိန်ကာလ ကြာမြင့်မှုတို့ ဖြစ်ကြသည်။ အမှုတစ်ခုကို စစ်ဆေးနေချိန်တွင် တရားရုံးက မကြာမကြာရက်ရွှေ့ဆိုင်းတတ်သည်။[၅၈] အမှုကို တရားလိုအဖြစ် တိုင်ကြားသော၊ သို့မဟုတ် အမှုအတွက် လာရောက်သက်သေ ထွက်ဆိုရန်ရှိသော အစိုးရအရာရှိများ တရားရုံးသို့ မလာရောက်ကြ၍ ဖြစ်သည်။ အမှုများ ကြာနေရသည့် အခြားအချက်တစ်ခုမှာ အမှုကို စစ်ဆေးနေသော တရားသူကြီးအား ကြိုတင်မကြေညာပဲ ပြောင်းရွှေ့လိုက်ခြင်းမျိုးကြောင့် ဖြစ်သည်။

တရားရုံး ရုံးချိန်းများကို မကြာမကြာရက်ရွှေ့ခြင်းကြောင့် အမှု တစ်ခုသည် လပေါင်းများစွာ ကြာနိုင်ပြီး အချို့အမှုများက နှစ်နှင့်ချီ၍ ကြာသွားတတ်သည်။ ဤနည်းအားဖြင့် အာဏာပိုင်များသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများကို

အကျဉ်းထောင်ထဲ တာရှည်ထည့်ထားပြီး ၎င်းတို့၏ လှုပ်ရှားမှုများ မလုပ်နိုင်အောင် ပြုလုပ်ထားနိုင်သလို အာမခံနှင့် အပြင်မှ အမှုရင်ဆိုင်နေရသူများ အတွက်လည်း ရုံးချိန်းအမျိုးမျိုးကို ခဏခဏလာရသဖြင့် အလုပ်အကိုင်ပျက်ရပါသည်။ တက်ကြွလှုပ်ရှားသူများက အစိုးရသည် ဤနည်းလမ်းကို အသုံးပြု၍ လူ့အခွင့်အရေးလှုပ်ရှားသူများ အလုပ်မလုပ်နိုင်အောင် အနှောက်အယှက်ပေးနေခြင်း ဖြစ်သည်ဟု ယူဆကြပါသည်။

ဥပမာ ပြင်ဦးလွင်မြို့မှ ရှေ့နေ ဦးဇော်ဝင်းသည် ၂၀၁၄ ဩဂုတ်လ ၂၄ ရက်နေ့တွင် အဖမ်းခံခဲ့ရပြီး ဆူပူအောင်လှုံ့ဆော်မှု၊ ခွင့်ပြုချက်မရှိပဲ ဆန္ဒပြမှုများနှင့်တရားစွဲခံနေရသည်မှာ တစ်နှစ်ခွဲကျော်ကြာလာသည်အထိ အချုပ်အနှောင်ခံနေရဆဲ ဖြစ်သည်။ ဦးဇော်ဝင်းသည် ၂၀၁၄ ခုနှစ် မေလက တရားမျှတမှုမရှိသောတရားသူကြီးများကို ကန့်ကွက်ဆန့်ကျင်ပြီး တရားရေးစနစ်ပြုပြင်ပြောင်းလဲပေးဖို့ ငြိမ်းချမ်းစွာ တစ်ကိုယ်တော် ဆန္ဒပြခဲ့အပြီးတွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ အဖမ်းမခံရခင်က ရှေ့နေဦးဇော်ဝင်းသည် မြေယာသိမ်းဆည်းခံရသော လယ်သမားများ၏ အမှုများကို အခမဲ့ လိုက်ပါဆောင်ရွက်ပေးနေခဲ့သူ ဖြစ်သည်။ သူသည် ယခု မန္တလေးတိုင်း အိုးဘိုထောင်တွင် အချုပ်နှောင်ခံထားရပါသည်။

အခြား ဥပမာတစ်ခုမှာ ၂၀၁၅ မတ်လ ၁၀ ရက်နေ့က ပဲခူးတိုင်း လက်ပံတန်းမြို့တွင် အဖမ်းခံရပြီး တရားမဝင်စုဝေးမှု၊ ဆူပူအောင် လှုံ့ဆော်မှုအပါအဝင် စွဲချက်အမျိုးမျိုးနှင့် ရင်ဆိုင်နေရသော ကျောင်းသားများနှင့် ထောက်ခံအားပေးသူ ၈၁ ဦး ၏ အမှုမှာလည်း တစ်နှစ်ကျော်ကြာလာချိန် အထိမပြီးပြတ်သေးပဲ ရှိနေသည်။ ယခုအစီရင်ခံစာ ရေးချိန်အထိ ၄၅ ဦးမှာ ၎င်းတို့ကို ဖမ်းဆီးချိန် ကတည်းက ချုပ်နှောင်ထားသော သာယာဝတီထောင် အတွင်းတွင် ရှိနေပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ ရာဇဝတ်ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခံရသူ တစ်ဦးသည် အချိန်မဆိုင်းပဲ တရားစီရင်ခွင့် ရထိုက်ပါသည်။[၅၉] အမှုကို တရားရုံးမှ စတင်မစစ်ဆေးမီ ချုပ်နှောင်ခံနေရသူ တစ်ဦးအနေနှင့် ၎င်း၏ အမှုကို ချက်ခြင်းပုံမှန်စစ်ဆေး စီရင်သွားခွင့်ကို ရပိုင်ခွင့်ရှိသည်။ အကြောင်းကြောင်းကြောင့် ချုပ်နှောင်ခံနေရသူ တစ်ဦး၏ အမှုကို စတင်မစစ်ဆေးနိုင်ပဲ ကြာနေခဲ့လျှင် အဆိုပါပုဂ္ဂိုလ်ကို အချုပ်လွတ်အမှုရင်ဆိုင်ခွင့် ရထိုက်ပါသည်။[၆၀] ဤ အခွင့်အရေးမှာ စွဲဆိုခံရသူတစ်ဦးတွင် (ပြစ်မှုထင်ရှားမတွေ့ရသေးခင်) အပြစ်မရှိကြောင်း ယူဆချက်နှင့် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်တို့ကို ထည့်သွင်းစဉ်းစားပြီး ချုပ်နှောင်ထားခြင်းကို မလွှဲသာမှ ပြုလုပ်ရန်နှင့် ချုပ်နှောင်သောကာလကိုလည်း အမှုအလိုက် လိုအပ်သည်ထက် ပိုမကြာစေရန် ဖြစ်သည်။[၆၁] နိုင်ငံရေးအရ ဖမ်းဆီးထားသူများ၏ အမှုကို အချိန်ဆွဲ စစ်ဆေးနေခြင်းမှာ ဤအခွင့်အရေးများကို ဖောက်ဖျက်ရာ ရောက်ကြောင်း ထင်ရှားပါသည်။

အမှုစစ်ဆေးနေချိန်တွင် မကြာခဏ ရုံးချိန်းရက်ရွှေ့ခြင်းမှာလည်း စွဲဆိုခံရသူများ၏ ဥပဒေအကြံဉာဏ်ရယူနိုင်ခွင့်ကို ထိခိုက်မှုရှိမည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က စိုးရိမ်ပါသည်။ မြန်မာနိုင်ငံတွင် အာဏာပိုင်များ၏ ခြိမ်းခြောက် အနှောက်အယှက်ပေးမှု၊ လက်စားချေမှုများ ဖြစ်လာနိုင်သည်ကို ကြောက်ရွံ့သည့်အတွက် နိုင်ငံရေးအရ ထိရှလွယ်သော အမှုများကို လိုက်ပါဆောင်ရွက်လိုသည့် ရှေ့နေများ အနည်းအကျဉ်းသာ ရှိပါသည်။[၆၂] ထို့ကြောင့် ရှေ့နေအနည်းငယ်သာပါဝင်သော အစုအဖွဲ့လေးကသာ အမှုအများအပြားကို လိုက်ပါဆောင်ရွက်

နေရပါသည်။ ယင်းရှေ့နေများက "နိုင်ငံရေးအမှု" များကို အခကြေးငွေမယူပဲ လိုက်ပါဆောင်ရွက်ပေးလေ့ရှိကြသော်လည်း တရားရုံးချိန်းများကို လာရောက်ရသော စရိတ်နှင့် အခြားအထွေထွေစရိတ်များမှာ ကာလကြာလာသည်နှင့်အမျှ ကြီးမားများပြားလာပါသည်။ ရုံးချိန်းများ ရွှေ့ဆိုင်းနိုင်ခြင်းနှင့် အမှုအများအပြားကို လိုက်ပါဆောင်ရွက်ရခြင်းတို့ကြောင့် ရှေ့နေများသည် ရုံးချိန်းတိုင်းကို လာမတက်နိုင်ခြင်းများလည်း ရှိပါသည်။

ဖမ်းဆီးခံထားရသော တက်ကြွလှုပ်ရှားသူတစ်ဦး၏ ဇနီးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ယခုကဲ့သို့ ပြောပြခဲ့သည်။

> *"ရုံးချိန်းက ခဏခဏချိန်းတယ်။ ရှေ့နေကလည်း ပုဒ်မ ၁၈၊ ၁၉ စွဲချက်တွေဆိုမလာဘူး၊ ရုံးချိန်းကိုရွှေ့ဦးမှာပဲ ဆိုတော့ အချိန်ကုန်တယ်တဲ့၊ သူ့မှာလည်း တခြားအရေးကြီးတဲ့ အမှုတွေရှိသေးတယ်၊ သူလာလည်း ရက်ချိန်းထပ်ပေးမှာပဲတဲ့။ ၅၀၅(ခ) စစ်တဲ့နေ့တွေမှပဲ သူလာတော့တယ်။"*[၆၃]

အမှုစစ်ဖြစ်သည့်နေ့များတွင်လည်း ကြားတွင် ရက်ချိန်းအကြာကြီး ရှိသွားသည့်အတွက် တရားသူကြီးများက အမှုနှင့်ပတ်သက်ပြီး ပြန်ပြန်ကောက်နေရသဖြင့် တရားစီရင်ရေးမှာ ပိုပြီး ကြန့်ကြာ သွားတတ်သည်ဟု လူ့အခွင့်အရေးရှေ့နေများက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အား ပြောပြခဲ့သည်။[၆၄]

ရုံးချိန်းကြာနေခြင်းသည် မိသားစုဝင်များအပေါ်လည်း လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှုများ ရှိလာစေပါသည်။ အထူးသဖြင့် တရားရုံးများက အဝေးမှာ ရှိနေလျှင် အမှုကြာနေသည်နှင့်အမျှ တရားရုံးသို့ လာရောက်ရသော မိသားစုဝင်များအတွက် ခရီးစရိတ်များ များပြားစွာကုန်ကျ လာစေပါသည်။ မကြာခဏဆိုသလိုပင် မိသားစုဝင်များမှာ ရုံးချိန်းသွားရန် ၎င်းတို့၏ အလုပ်များကို ဖျက်ခဲ့ရသဖြင့်လည်း ဝင်ငွေကို ထိခိုက်စေပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတစ်ခုအတွက် ထိန်းသိမ်းခံထားရသော ဖမ်းဆီးခံထားရသော တက်ကြွလှုပ်ရှားသူ တစ်ဦး၏ ဇနီးက အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ယခုကဲ့သို့ ပြောပြခဲ့သည်။

> *"အိမ်ထောင်ဦးစီးကလည်းမရှိတော့ ကလေးတွေကို ကျွန်မပဲ ကြည့်ရတယ်။ ကျွန်မပဲ အားလုံး စီမံခန့်ခွဲနေရတယ်။ ကျွန်မက အိမ်မှာ စက်ချုပ်တယ်။ ဒါပေမယ့် ရုံးချိန်းရှိတဲ့နေ့တွေ ထောင်ဝင်စာ ပို့ရတဲ့နေ့တွေမှာ အလုပ်ဖျက်ရတယ်။ အလုပ်ပျက်တာ များလာရင် အလုပ်ပြုတ်သွားမှာလည်း စိုးနေရတယ်လေ။"*[၆၅]

မြန်မာနိုင်ငံတွင် အမျိုးသားများမှာ အိမ်ထောင်အတွက် အဓိကဝင်ငွေ ရှာသူများ ဖြစ်သဖြင့် အမျိုးသားများထိန်းသိမ်းခံရသောအခါ ၎င်းတို့၏ ဇနီးသည်များ သို့မဟုတ် အိမ်ရှိ အမျိုးသမီး မိခိုသူများ ဒုက္ခရောက် ကြသည်။ အဖမ်းခံထားရသော တက်ကြွလှုပ်ရှားသူတစ်ယောက်၏ ဇနီးက အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ယခုကဲ့သို့ ပြောပြခဲ့သည်။

*“အရင်ကကျွန်မတို့မှာ နှစ်ယောက်ဝင်ငွေရှိတယ်၊ အခုတော့ တစ်ယောက်ဝင်ငွေပဲရှိတော့တယ်၊ ဒါကြောင့် ကျွန်မကလေးနှစ်ယောက်ကို အသက် ၆၀အရွယ် ကျွန်မအမေဆီ ပို့ထားရတယ်။”*[၆၆]
ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားမှုများကြောင့် အကြိမ်ကြိမ် ဖမ်းဆီးထောင်ချ ခံခဲ့ရသူ တစ်ဦး၏ဇနီးကလည်း *“သူထောင်ထဲရောက်နေတဲ့အချိန်ဆို ကျွန်မတို့ အကြွေးတင်တာပေါ့။ အိမ်စရိတ်နဲ့၊ ကလေးတွေ ကျောင်းစရိတ်နဲ့၊ ရပ်ကွက်ထဲကလည်း ကျွန်မတို့ကို အမြင်မကြည်ဘူး၊ တချို့က သူ့ကို ကွာလိုက်ဖို့ လာပြောကြတယ်။ သူက လူကောင်းမဟုတ်ဘူး၊ ဆက်ပြီး ဆန္ဒပြနေရင် ထောင်ထဲ ဝင်လိုက်ထွက်လိုက်နေမှာပဲတဲ့။”* [၆၇]

ဤအချက်က နိုင်ငံရေးအရ ဖမ်းဆီးခံရသူများ၏ မိသားစုဝင်များ ခံစားရသော ခွဲခြားဆက်ဆံမှု အမြင်မကြည်လင်မှုများကို ပြဆိုနေသည်။[၆၈] နိုင်ငံရေးအကျဉ်းသားဟောင်းများကို နှစ်သိမ့်ဆွေးနွေးမှုနှင့် အခြားထောက်ပံ့မှုများ ပေးနေသော အဖွဲ့တစ်ခုမှ အဖွဲ့ဝင်တစ်ဦးက ပြောပြသည်မှာ

*“နိုင်ငံရေးအကျဉ်းသားဟောင်းတွေ အတွက် အလုပ်ရဖို့လည်း သိပ်ခက်တယ်။ သူတို့ကို အလုပ်ရှင်တွေကလည်း အလုပ်မခန့်ချင်ကြဘူး။ နောက်ပြီး သူတို့က ပညာ တစ်ပိုင်းတစ်စနဲ့ ဖြစ်နေတော့ အလုပ်အတွက် လိုအပ်တဲ့ အရည်အချင်း ကျွမ်းကျင်မှုတွေလည်း မပြည့်စုံကြဘူး။။နိုင်ငံရေးကြောင့် ထောင်ကျဖူးရင် အလုပ်ရှင်တွေက အလုပ်မခန့် ချင်ကြဘူး။ နိုင်ငံရေး အကျဉ်းသားတွေရဲ့ မိသားစုဝင်တွေတောင် အလုပ်ရဖို့ ခက်ကြတယ်။ သိပ်မကြာသေးခင်ကပဲ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ယောက်ရဲ့ သမီးအလုပ်လျှောက်တော့ သူ့အဖေရဲ့ နိုင်ငံရေးလှုပ်ရှားမှု အကြောင်းအမေးခံရတယ်။ ကောင်မလေးလည်း အလုပ်မရခဲ့ပါဘူး။”*[၆၉]

## ၃.၃။ အကြောက်တရားများဖန်တီးပြီး ကြောက်ရွံ့မှုများ ဆက်ရှိနေအောင် ပြုလုပ်ထားခြင်း

မြန်မာအာဏာပိုင်များသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စွဲချက်များစွဲဆို ဖမ်းဆီးသည့် နည်းလမ်းကို အသုံးပြုပြီး လူ့အခွင့်အရေး ကာကွယ် သူများနှင့် တက်ကြွလှုပ်ရှားသူများအကြား ကြောက်ရွံ့ စိုးရိမ်မှုများ ဖြစ်စေပြီး ယင်းစိုးရိမ်မှုကို ဆက်ရှိနေအောင် ဖန်တီးထားလေ့ ရှိသည်။ ဤသို့လုပ်သော နည်းလမ်းများအနက် ဆန္ဒပြပွဲဖြစ်ပြီး လအတော်ကြာမှ စွဲချက်တင်ခြင်းမျိုးနှင့် မိမိတို့အား စွဲချက်တင်ထားခြင်း ရှိမရှိ မသေမချာဖြစ်နေစေရန် လုပ်ထားခြင်းများလည်း ပါဝင်သည်။ အကျိုးဆက်အားဖြင့် အဖမ်းခံရနိုင်သည်ဆိုသော ခြိမ်းခြောက်မှုက အမြဲရှိနေပြီး လူ့အခွင့်အရေးကာကွယ်သူများနှင့် အခြားသူများသည် ၎င်းတို့၏ လှုပ်ရှားမှုများကို သတိထားပြီး လုပ်ဆောင်နေကြရသည်။

## ဖြစ်စဉ်အပြီး လပေါင်း နှစ်ပေါင်းကြာမှ တရားစွဲဆိုခံရခြင်း

**“ဆန္ဒပြပွဲပြီးတာ ခြောက်လလောက်ကြာမှ အခုလိုတရားလာစွဲတာ ကျွန်မတော့ တော်တော်လေး အံ့အားသင့်သွားတယ်။ အရင်ကလည်း ဒီလိုဆန္ဒပြတာတွေ လုပ်ခဲ့ဖူးတာပဲ၊ အခုမှဘာလို့တရားစွဲတာလဲ၊ ဒီအမှုကျမှ ဘာလို့လဲ၊ နားမည်နိုင်ဘူး။”**

သတင်းသမား တစ်ဦး၊ ငြိမ်းချမ်းစွာဆန္ဒပြပွဲတစ်ခုအပြီး ခြောက်လကြာမှ တရားစွဲခံရသူ [၇၀]

ဖြစ်ရပ်တစ်ခု ဖြစ်ပွားပြီးလပေါင်း တစ်ခါတစ်လေ နှစ်ပေါင်းကြာမှ လူ့အခွင့်အရေး ကာကွယ်သူများနှင့် အခြားတက်ကြွလှုပ်ရှားသူများကို တရားစွဲဆို အရေးယူသော အမှုများ တော်တော်များများ ရှိနေသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စိုးရိမ်မိပါသည်။

- **မြတ်နုခိုင်၊** ဆရာဝန်တစ်ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ်ဝင်ရောက်အရွေးခံသော ဒေါ်မြတ်နုခိုင်ကို လွန်ခဲ့သော ၁၀လခန့်က သူပါဝင်ခဲ့သော ငြိမ်းချမ်းစွာ ဆန္ဒပြမှုတစ်ခုအတွက် ၂၀၁၅နိုဝင်ဘာတွင် ဖမ်းဆီးခဲ့သည်။ သူသည် ၂၀၁၄ခုနှစ် ဒီဇင်ဘာ၂၉ ရက်နေ့က ရန်ကုန်မြို့ တရုတ်သံရုံးရှေ့တွင် ပြုလုပ်သော ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်က ဆန္ဒပြပွဲ ခေါင်းဆောင်များ အပါအဝင် ခြောက်ဦး အဖမ်းခံခဲ့ရသော်လည်း ဒေါ်မြတ်နုခိုင် မပါခဲ့ပါ။ ထို့ကြောင့်သူက ဖြူးမြို့နယ်မဲဆန္ဒနယ်မှ ဝင်အရွေးခံရေးအတွက် ဆက်လှုပ်ရှားနေခဲ့သည်။ ရွေးကောက်ပွဲများ မစခင် ရက်သတ္တပတ်အနည်းငယ်အလို ၂၀၁၅ အောက်တိုဘာ ၁၇ ရက်နေ့တွင် သူအဖမ်းခံခဲ့ရပါသည်။ သူ့ကို စွဲချက် ငါးခုတင်ထားပြီး ယခု အင်းစိန်ထောင်တွင် ရှိနေပါသည်။ [၇၁]
- **ရွှေမှုန်၊** ရန်ကုန်မှ သတင်းသမား မရွှေမှုန်သည် ဖမ်းဆီးခံ မီဒီယာသမားများ လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲတစ်ခုကို ၂၀၁၄ နိုဝင်ဘာ ၂ ရက်နေ့က ပြုလုပ်ခဲ့သည်။ ရွှေမှုန်နှင့် အခြားလူ ၅၀ ခန့်တို့သည် ရန်ကုန်မှ ဆူးလေဘုရားကို ငြိမ်းချမ်းစွာ လှည့်လည်လမ်းလျှောက်လျှက် အဖမ်းခံထားရသော သတင်းသမားများ အတွက် ဆုတောင်းပေးခဲ့ကြသည်။ သူတို့အထဲမှ တစ်ဦးက ကဗျာတစ်ပုဒ်ကို ရွတ်ဆိုခဲ့သည်။ ယင်းအချိန်က ရဲများရှိနေသော်လည်း မည်သည့်အရေးယူမှုမျှ မလုပ်ခဲ့ပါ။ ခြောက်လအကြာ ၂၀၁၅ မေလ ၁၆ ရက်နေ့ရောက်မှ ရွှေမှုန်သည် သူ့အား ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆို ထားကြောင်း သိရှိရသည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်ရှိ တရားရုံးတစ်ရုံးက သူ့အား အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ပြီး ထောင်ဒဏ် ၁၅ ရက် သို့မဟုတ် ဒဏ်ငွေတစ်သောင်းကျပ်ပေးရန် အမိန့်ချခဲ့သည်။ သူက ဒဏ်ငွေပေးဆောင်ခဲ့ပါသည်။
- **နော်အုန်းလှ၊** လူထုအခြေပြုလှုပ်ရှားမှုများတွင် တက်ကြွလှုပ်ရှားသူ နော်အုန်းလှကို လွန်ခဲ့သည့် ခြောက်နှစ် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများအား ပြန်လွှတ်ပေးရန် ဆုတောင်းပွဲတစ်ခု ပြုလုပ်ခဲ့မှုဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။ သူ့ကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၉၆ ဘာသာ သာသနာရေးဆိုင်ရာ အစုအဝေးကို နှောက်ယှက်ခြင်း စွဲချက်ဖြင့် ရုံးတင်ခဲ့သည်။ [၇၂] ၂၀၁၅ ဇွန်လ ၂၆ ရက်နေ့တွင် ဒဂုံမြို့နယ်တရားရုံးက သူ့ကို ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ်ချခဲ့သည်။[၇၃]

ယခင် လပေါင်း နှစ်ပေါင်းများစွာက ဖြစ်ရပ်တစ်ခုအတွက် တရားစွဲဆိုခံရနိုင်သည်ဆိုသော စိုးရိမ်မှုက တက်ကြွလှုပ်ရှားသူ များနှင့် လူ့အခွင့်အရေးကာကွယ်သူများအကြား ကြောက်ရွံ့မှုကို ဖြစ်နေစေသည်။ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦး ပြောပြသည်မှာ

> *"နော်အုန်းလှကို ရွှေတိဂုံဘုရားကိစ္စနဲ့ တရားစွဲလိုက်တာက ထင်ရှားပါတယ်။ သူတို့ ဖမ်းချင် ထောင်ချချင်ရင် ရတယ်ဆိုတာ ပြလိုက်တာပါပဲ။"*[၇၄]

တရားစွဲမှာလား မစွဲဘူးလား

**"ကျွန်တော့်ကို တရားစွဲလိမ့်မယ်လို့ သတင်းထောက်တွေက ပြောကြတယ်၊ ဒါပေမယ့် ရဲက ကျွန်တော့်ကို တိုက်ရိုက်ပြောတာတော့ မဟုတ်ဘူး။ ဘာမှ တရားဝင်ကြေညာတာလည်း မရှိဘူး။ မြို့နယ်ရဲတပ်ဖွဲ့ကို ဖုန်းဆက်ပြီး ကျွန်တော့်ကို တရားစွဲထားလားလို့ မေးကြည့်တော့ ရဲအရာရှိက မပြောနိုင်ဘူး သူတို့မသိသေးဘူးလို့ ပြောတယ်။ ကျွန်တော်က ရဲစခန်းပဲ လိုက်သွားရမှာလား၊ ဖမ်းဝရမ်းနဲ့ ရောက်လာမှာကိုပဲ စောင့်နေရမလား မသိတော့ စိတ်ပူနေရတယ်။"**

လူ့အခွင့်အရေးကာကွယ်သူ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ယောက်၏ ပြောပြချက်၊ ၂၀၁၅ ဇွန်
[၇၅]

"တက်ကြွလှုပ်ရှားသူတွေအနေနဲ့ သူတို့ တရားစွဲခံထားရသလား၊ မခံရဘူးလားဆိုတာ ဘယ်တော့မှ အသေအချာမသိကြရဘူး၊ ဘယ်သူကမှလည်း အတည်ပြုပြီးမပြောဘူး၊ သူတို့ ကြောက်နေကြရတယ်။ အာဏာပိုင်တွေက သူတို့လှုပ်ရှားမှုတွေ ရပ်နေအောင် လုပ်ထားတာလေ၊ သူတို့ကို ခြောက်ထားတာ၊ နိုင်ငံရေးလှုပ်ရှားမှုထဲ မပါရဲအောင်။"

ယုံကြည်ချက်ကြောင်းအကျဉ်းကျခဲ့ရသူ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်တစ်ဦး[၇၆]

လူ့အခွင့်အရေး ကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများ၊ အထူးသဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြလှုပ်ရှားမှုများတွင် ပါဝင်သူများကို ၎င်းတို့အား တရားစွဲထား ခြင်းကို တရားဝင် ချက်ခြင်းအကြောင်းကြားခြင်း၊ မည်သို့ စွဲချက်များတင်ထားသည်ကို အသိပေးခြင်းများမပြုသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စိုးရိမ်မိပါသည်။ မိမိတို့ကို တရားစွဲဆိုထားကြောင်း မီဒီယာများ၊ မိတ်ဆွေများနှင့် အိမ်နီးချင်းများထံမှ သိရတတ်ပြီး ရဲနှင့်တရားရုံးထံမှ တိုက်ရိုက်သိရခြင်းမျိုး မဟုတ်ဟူ၍ တက်ကြွလှုပ်ရှားသူ အတော်များများက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြကြပါသည်။[၇၇] အချို့အမှုများတွင် တက်ကြွလှုပ်ရှားသူများကို တရားစွဲဆိုထားခြင်း ရှိမရှိကို ရဲများ ကိုယ်တိုင် မသိရှိကြပေ။ တရားဝင်အကြောင်းကြားခြင်း မရှိသဖြင့် လှုပ်ရှားတက်ကြွသူများက ၎င်းတို့၏ အခြေအနေကို မသိပဲ ရှိကြရသည်။ ဤသို့ မသေမချာ ဖြစ်မှုကြောင့် လူ့အခွင့်အရေးလှုပ်ရှားသူများက ၎င်းတို့၏ လှုပ်ရှားမှုများကို သတိထားလာကြရပြီး အချို့ကို မလုပ်ပဲနေကြရသည့် အနေအထား ဖြစ်လာပါသည်။

ပွင့်လင်းမြင်သာမှုမရှိသဖြင့် နိုင်ငံရေးအရ စွဲချက်တင်သော အမှုများ၏ ပမာဏကို မှန်မှန်ကန်ကန် သိရဖို့ ခက်ခဲပါသည်။

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရသူတိုင်းသည် ၎င်းတို့အပေါ် မည်သည့်စွဲချက်နှင့် စွဲဆိုသည်၊ မည်သည့် အကြောင်းကြောင့် စွဲဆိုခံရသည် ဆိုသော အချက်တို့ကို ချက်ခြင်း အသေးစိတ် သိခွင့်ရရမည့် အခွင့်အရေးရှိပါသည်။[၇၈] အပြည်ပြည်ဆိုင်ရာ လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာအောင် ဆောင်ရွက်ပေးရသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မီတီက ဤသို့ စွဲချက်များကို စာဖြင့်ရေးသားပြီး ပေးရမည်၊ နှုတ်ဖြင့် အကြောင်းကြားပါကလည်း စာဖြင့် အတည်ပြုကြောင်းရေးသားပေးအပ်ရမည်ဟု ဖော်ပြထားသည်။[၇၉]

ဤကဲ့သို့ လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများအား ၎င်းတို့အပေါ် စွဲချက်များကို အသိမပေးပဲ ထားခြင်းသည် အာဏာပိုင်များက အထက်ဖော်ပြပါ အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်ရုံမက စွဲဆိုခံရသူများအား ခုခံချေပနိုင်ရေးအတွက် လုံလောက်သော အချိန်ရရမည့် အခွင့်အရေးကို ဖျက်ဆီးရာလည်း ရောက်ပါသည်။ ဤအခွင့်အရေးမှာလည်း နိုင်ငံတကာ ဥပဒေအရ တရားမမျှတသော တရားစီရင်မှုမျိုးမှ အကာအကွယ်ပေးထားသော အရေးပါသည့် အချက်ဖြစ်သည်။[၈၀]

## ကြောက်ရွံ့စိုးရိမ်နေရမှုနှင့် အနှောက်အယှက် ပေးမှုများ

**"ဒီကနေ့မှာတော့ အာဏာပိုင်တွေက ကိုယ့်ကို ကိုယ်ထိလက်ရောက်အနှောက်အယှက် ပေးတာမျိုး မရှိပေမယ့် စောင့်ကြည့်နေတာတွေ ရှိပါတယ်။ ပွဲတစ်ခုခုလုပ်ရင် သတင်းတပ်ဖွဲ့က ရောက်လာပြီး ဘာလုပ်နေတာလဲလို့ လာမေးတယ်။ ဓာတ်ပုံတွေရိုက်တယ်၊ အချက်အလက်တွေ မှတ်တယ်။ တက်တဲ့လူတွေရဲ့ အမည်တွေကိုမေးတယ်၊ ဝင်တဲ့အချိန် ထွက်တဲ့အချိန်နဲ့ ဘယ်လောက်ကြာကြာ နေသွားသလဲ ဆိုတာကို မှတ်တယ်။ တစ်ခါတစ်လေမှာ ဒေသခံတွေကို အဲဒီကို မသွားနဲ့ သွားရင် ဒုက္ခရောက်မယ် ဆိုတာမျိုး ပြောတာတွေလည်း ရှိတယ်။"**

လူ့အခွင့်ရေးသင်တန်းများ၊ လှုပ်ရှားမှုများ ပြုလုပ်ချိန်တွင် တွေ့ကြုံရသော အခြေအနေများကို လူ့အခွင့်အရေးကာကွယ်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြချက်မှ [၈၁] ပြီးခဲ့သည့် နှစ်နှစ်အတွင်းတွင် မြန်မာ အာဏာပိုင်များသည် နိုင်ငံရေးအရ ရည်ရွယ်ဖမ်းဆီး ချုပ်နှောင် အကျဉ်းချမှုများကို ဆန္ဒပြလှုပ်ရှားမှုများ အားပျော့သွားအောင်၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကို အနှောက်ယှက်ပေး၍ ၎င်းတို့အကြား စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေအောင် ပြုလုပ်ခဲ့ပါသည်။ အဖမ်းခံရမည်ကို စိုးရိမ်ကြောက်ရွံ့မှုအပေါ် အခြား ခြိမ်းခြောက်ဖိနှိပ်မှုများနှင့် ပေါင်း၍ လုပ်ဆောင်ခဲ့သည်။ ယခုအစီရင်ခံစာအတွက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မေးမြန်းခဲ့သော

လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူ ၄၆ ယောက်က သူတို့ကို အာဏာပိုင်များ၊ အများအားဖြင့် ရဲအထူးသတင်းတပ်ဖွဲ့က စောင့်ကြည့်ခြင်း ခြိမ်းခြောက်ခြင်းများ တစ်နည်းနည်းနှင့် လုပ်ခဲ့ကြသည်ဟု ပြောပြကြသည်။ ၎င်းတို့ ပြောပြချက်အရ စောင့်ကြည့်ခြင်းများကို အမြဲမပြတ် ပြုလုပ်နေခဲ့သည်ကို တွေ့ရသည်။ နောက်မှလိုက်ကြည့်ခြင်း၊ အစည်းအဝေးများ ပွဲများတက်နေစဉ် ဓာတ်ပုံများ ရိုက်ခြင်း၊ ရုံးများနှင့် အိမ်များကို ညသန်းခေါင်တွင် ဝင်ရောက်ရှာဖွေခြင်း၊ မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေများကို အနှောက်အယှက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။[၅၂]

အာဏာပိုင်များသည် တက်ကြွလှုပ်ရှားသူများ၏ အွန်လိုင်းလှုပ်ရှားမှုများကိုလည်း စောင့်ကြည့်တတ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် အသုံးအလွန်များပြီး တက်ကြွလှုပ်ရှားသူ အများအပြားက အချင်းချင်းဆက်သွယ်ရန်နှင့် သတင်းဖလှယ်ရန်အသုံးပြုသော ဖေ့စ်ဘုတ်ကိုလည်း စောင့်ကြည့်နေတတ်သည်ဟု လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများက ပြောကြသည်။ တက်ကြွလှုပ်ရှားသူ တစ်ယောက်က

*"ကျွန်တော်တို့လုပ်မယ့် ဆွေးနွေးပွဲတစ်ခုမှာ လာတက်မယ့်သူတွေ စာရင်းပေးနိုင်အောင် ကျွန်တော့် ဖုန်းနံပတ်ကို ဖေ့စ်ဘုတ်မှာတင်လိုက်တယ်။ နှစ်ရက်လောက်ကြာတော့ သတင်းတပ်ဖွဲ့က အရာရှိတစ်ယောက်က အဲဒီဖုန်းကို ဆက်လာပြီး၊ ဘာအကြောင်း ဆွေးနွေးမှာလဲ၊ ဘယ်သူတွေ တက်မှာလဲ ဆိုပြီး မေးလာတယ်။"*[၅၃]

## ၃.၄။ အမျိုးသားရေးဝါဒီ အုပ်စုများ၏ ဩဇာလွှမ်းမိုးမှု

ဦးသိန်းစိန် အစိုးရလက်ထက်တွင် စိုးရိမ်စရာ ဖြစ်ပေါ်လာမှု အသစ်တစ်ခုမှာ ဗုဒ္ဓဘာသာ အမျိုးသားရေးအုပ်စုများကဲ့ သို့ အဖွဲ့များက နိုင်ငံရေးအရ အရေးယူမှုများ ပြုလုပ်လာစေရန် တွန်းအားပေးခြင်း ဖြစ်သည်။

မကြာသေးခင်နှစ်များက စ၍ ဘာသာရေးအရ သည်းခံမှုမရှိခြင်းများ ထိတ်လန့်စရာ ကောင်းလောက်အောင် တိုးပွားလာခဲ့သည်။ ရခိုင်ဗုဒ္ဓဘာသာ အမျိုးသမီးလေးတစ်ဦးအား မူဆလင်များမှ အဓမ္မကျင့်သတ်ဖြတ်ခဲ့သည်ဆိုသော အမှုဖြစ်ပြီးနောက် ၂၀၁၂ ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာ မူဆလင်များအကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ခဲ့ပြီးနောက် တစ်နိုင်ငံလုံးတွင် ဗုဒ္ဓဘာသာနှင့် မူဆလင်များအကြား တင်းမာမှုများ တိုးပွားလာခဲ့သည်။ ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာပြည်တဝန်း မြို့အတော်များများတွင် မူဆလင်များကို ဘာသာရေး အခြေခံသည့် ဆန့်ကျင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ [၅၄] ဤကဲ့သို့ အကြမ်းဖက်မှုများ အတွင်း နေအိမ်များ မီးရှို့ခံရခြင်း၊ ဘာသာရေးစာသင်ကျောင်းများ ဖျက်ဆီးခံရခြင်းနှင့် လူများ ရိုက်နှက်ခံရခြင်းများ ဖြစ်ခဲ့ပြီး လူသေဆုံးမှုအထိပင် ရှိခဲ့သည်။ ၂၀၁၃ မတ်လတွင် မန္တလေးတိုင်း မိတ္ထီလာမြို့တွင်

မူဆလင်ကျောင်းသားများ၊ ဆရာများနှင့် ဒေသခံများကို ဗုဒ္ဓဘာသာလူအုပ်ကြီးက တိုက်ခိုက်ခဲ့သဖြင့် ၄၃ ယောက် သေဆုံးပြီး ၁၃၀၀၀ ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။[၉၅]

ဘာသာရေးအရ သည့်ခံစိတ်များကင်းမဲ့အောင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး အဖွဲ့ (မဘသ) ကဲ့သို့သော အဖွဲ့များကလည်း လှုံ့ဆော်ပေးခဲ့သည်။ ယင်းအဖွဲ့များသည် ခွဲခြားဆက်ဆံသော အစွန်းရောက်အမျိုးသားရေးဝါဒကို အားပေးလှုံ့ဆော်ပြီး ဩဇာအရှိန်အဝါလည်း ကြီးလာခဲ့သည်။ တရားခွေများ၊ စာရွက်စာတန်းများ၊ အွန်လိုင်းလူမှုကွန်ယက်များပေါ်မှ ဖြန့်ချိသော သတင်းစကားများ ဗီဒီယိုခွေများတွင် မူဆလင်ပိုင် စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ရန်နှင့် ဗုဒ္ဓဘာသာအမျိုးသမီးများကို မူဆလင်မုဒိန်းသမားများ အန္တရာယ်မှ ကာကွယ်ကြရန် ပြောင်ပြောင်တင်းတင်း လှုံ့ဆော်ကြပြီး မူဆလင်များကို "ခွေးများ" "မြွေများ"ဟု ခေါ်ဝေါ်ခဲ့ကြသည်။[၉၆] မကြာမကြာဆိုသလိုပင် ယင်းကဲ့သို့ ဟောပြောချက်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ တားမြစ်ထားသော အမုန်းတရားဖြန့်ဖြူး၍ ခွဲခြားဆက်ဆံစေရန် လှုံ့ဆော်ခြင်း၊ ရန်ညိုးပွား၍ အကြမ်းဖက်စေခြင်းများကို ကျူးလွန်ရာရောက်ပါသည်"[၉၇] သို့ရာတွင် အစိုးရအနေနှင့် ယင်းကဲ့သို့ လှုံ့ဆော်မှုများကို ကန့်ကွက်တားဆီးရန် ပျက်ကွက် ခဲ့ပါသည်။ မဘသအဖွဲ့ ့များ၏ ဖိအားပေးမှုကြောင့် အစိုးရသည် ဘာသာချင်း ညီညွတ်ရေးကို အားပေးသူများ၊ သည်းခံစိတ်ကင်းမဲ့မှုကို ဆန့်ကျင်ပြောကြားသူများကို တရားစွဲဆို အရေးယူခြင်းများပင်ပြုလုပ်ခဲ့သည် (အောက်တွင်ရှုပါ)။ ဤကဲ့သို့ အမှုများကြောင့် အစိုးရသည် ယင်းကဲ့သို့အဖွဲ့များ၏ ဖိအားကို ဆန့်ကျင်လိုစိတ်မရှိသည်ကို စိုးရိမ်ဖွယ်တွေ့ရပါသည်။

## ဦးထင်လင်းဦး၏ အမှု

ဦးထင်လင်းဦးသည် စာရေးဆရာဖြစ်ပြီး အန်အယ်ဒီပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာကို အသုံးချ၍ ခွဲခြားဆက်ဆံမှုနှင့် အမြင်စောင်းမှုများကို တိုးပွားအောင်ပြုလုပ်နေခြင်းကို ဆန့်ကျင်ဟောပြောခဲ့မှုဖြင့် သူသည်ယခုအခါ အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ် ကျခံနေရပါသည်။

၂၀၁၄ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဦးထင်လင်းဦးသည် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းအတွင်းတွင် စာပေဟောပြောပွဲတစ်ခု ဟောပြောခဲ့သည်။ လူပေါင်း ၅၀၀ ခန့်တက်ရောက်ပြီး နှစ်နာရီခန့်ကြာသော ဟောပြောမှုအတွင်း သူက ဘာသာရေးကို အသုံးချ၍ ခွဲခြားဆက်ဆံမှုများကို ဖြစ်ပေါ်အောင်လုပ်နေသည်ဆိုသော အဖွဲ့များကို ဝေဖန်ခဲ့သည်။ ဟောပြောပွဲပြီးသည့်နောက် ရက်ပိုင်း လပိုင်းအတွင်းတွင် ၎င်း၏ ဟောပြောချက်များမှ တည်းဖြတ်ထားသော ၁၀ မိနစ်စာ ဗီဒီယိုပြကွက် တစ်ခု ဆိုရှယ်မီဒီယာများပေါ်တွင် ပြန့်နှံ့လာခဲ့သည်။ ဤပြကွက်အတွင်းမှ ဦးထင်လင်းဦး၏ ဟောပြောချက်များကို ကွက်ပြီးကြည့်ရသည့် လူများ၊ အထူးသဖြင့် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီအုပ်စုများ အကြားတွင် ဒေါသအမျက်ထွက်ခဲ့ကြသည်။ ချောင်းဦးရဲစခန်းတွင် သူ့ကို တိုင်ကြားမှုရှိခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ဘာသာသာသနာကို စော်ကားမှု ပုဒ်မ ၂၉၅(က) ဖြင့် ၎င်းအား အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့ပါသည်။

ဦးထင်လင်းဦး၏ ရှေ့နေက စီရင်ချက်ကို ဝေဖန်ပြီး မဘသအဖွဲ့ဝင် များသည် ရုံးချိန်းကို ပုံမှန်ရောက်လာပြီး ရုံးရှေ့တွင်ကြွေးကြော်သံများ ဟစ်အော်ကာ ဦးထင်လင်းဦးကို ထောက်ခံသူများအား ခြိမ်းခြောက်ရန် ကြိုးစားခဲ့သည်၊ တရားသူကြီးကိုလည်း ဖိအားပေးခဲ့သည်ဟု ဆိုပါသည်။ သူက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြရာတွင်"*မဘသ လူတွေက တရားရုံးရှေ့ကို လာစုကြပြီး မဘသအစွန့်ရှည်ပါစေ၊ ဦးဝီရသူ သက်တော်ရှည်ပါစေဆိုပြီး ကြွေးကြော်ကြတယ်။*[၈၈] *ပထမအကြိမ် ကျွန်တော်တို့ အယူခံဝင်တော့ ရုံးတော်က သူ့ကို မလွှတ်ပေးရဲဘူး။ မဘသက ကျွန်တော့်ကိုတောင် တရားရုံးကို မလာနိုင်အောင် တားဖို့ ကြိုးစားသေးတယ်။*"[၈၉]

ဦးထင်လင်းဦး၏ အမှုမှာ သီးခြားတစ်ခုတည်းသော အမှုမဟုတ်ပါ။ မဘသ အဖွဲ့ဝင်များက ဖိအားပေးသဖြင့် တရားစွဲဆိုခံရပြီး ထောင်ကျသွားသော သို့မဟုတ် အမှုရင်ဆိုင်နေရသောသူ အနည်းဆုံး ၁၂ ဦး ရှိပါသည်။ ၎င်းတို့မှာ

- မြန်မာနိုင်ငံသား **ထွန်းသူရိန်**နှင့် **ထွဋ်ကိုကိုလွင်**၊ နယူးဇီလန်နှင့် ဗြိတိသျှ နှစ်နိုင်ငံ၏ နိုင်ငံသား **ဖိလစ်ဘလက်ဝုဒ်**တို့ကို ရန်ကုန်မှ ၎င်းတို့၏ ဘားဆိုင်ကြော်ငြာအတွက် ဗုဒ္ဓရုပ်ပုံတော်တွင် နားကြပ်တပ်ထားသော ပုံကို ဆိုရှယ်မီဒီယာတွင် ဖြန့်ချိခဲ့မှုဖြင့် ထောင်ဒဏ် နှစ်နှစ်ခွဲစီ ချမှတ်ခဲ့သည်။ ဤပုံကြောင့် ဗုဒ္ဓဘာသာ အမျိုးသားရေးအစွန်းရောက်ဝါဒီများက အမျက်ဒေါသထွက်ခဲ့ကြပြီး မဘသအဖွဲ့နှင့် နီးစပ်သော သံဃာတော်များက တိုင်တန်းမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် သာသနာရေးဦးစီးဌာနက အရာရှိတစ်ဦးက တရားလိုပြုလုပ်ကာ တိုင်ကြားခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်တရားရုံးက ၎င်းတို့အား ပုဒ်မ ၂၉၅(က) သာသနာတော်ညှိုးနွမ်းစေမှုဖြင့် ထောင်ဒဏ်နှစ်နှစ်၊ ၎င်းတို့၏ ဘားဆိုင်ကို ခွင့်ပြုချိန်ကျော်လွန်ပြီး ဖွင့်လှစ်မှုဖြင့် ခြောက်လစီ ပြစ်ဒဏ် ချမှတ်ခဲ့သည်။ [၉၀] သုံးဦးစလုံးမှာ ၂၀၁၆ ဇန်နဝါရီလက သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာကြပြီ ဖြစ်သည်။
- မန္တလေးမှ ဘာသာပေါင်းစုံ ညီညွတ်ရေးလှုပ်ရှားသူ မူဆလင် လူငယ် **ဇော်ဇော်လတ်**နှင့် **ပွင့်ဖြူလတ်**၊ ဟိန္ဒူဘာသာဝင် **ဇော်ဝင်းဘို**။ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ် တို့ကို ၂၀၁၅ ဇူလိုင်လ ၁၄ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ပွင့်ဖြူလတ်ကို ယင်းနေ့ ညနေပိုင်းတွင် ပြန်လွှတ်ပေးခဲ့ပြီး ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြန်လည်ဖမ်းဆီး ခဲ့သည်။ ဇော်ဝင်းဘိုကို ဇူလိုင်လ ၂၂ ရက်နေ့တွင်ဖမ်းဆီးခဲ့သည်။ ၎င်းတို့ သုံးဦးစလုံးကို ၂၀၁၄ ဧပြီလအတွင်းက ချင်းပြည်နယ်သို့ လူသားချင်းစာနာသည့် အကူအညီပေးရေး သွားရောက်စဉ် အိန္ဒိယ မြန်မာနယ်စပ်ကို တရားမဝင်ဖြတ်ကျော်ခဲ့သည်ဆိုပြီး ၁၉၄၇ ခု လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ်စီမံမှုဥပဒေ) ပုဒ်မ ၁၃(၁) ဖြင့် တရားစွဲဆိုပြီး ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလက ထောင်ဒဏ်နှစ်နှစ်စီ ချမှတ်ခဲ့သည်။ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့ကို ၁၉၀၈ခုနှစ် မတရားအသင်းဥပဒေ ၁၇(၁)[၉၁] အရလည်း ထပ်မံစွဲဆိုထားပြီး ထောင်ဒဏ် သုံးနှစ်အထိ ကျခံရနိုင်ပါသည်။ ဤအစီရင်ခံစာ ရေးသားချိန်အထိ ၎င်းတို့နှစ်ဦး ယင်းအမှုကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ယင်းစွဲချက်မှာ ၂၀၁၃ ခုနှစ်ဇွန်လက

ကချင်လွတ်လပ်ရေးတပ်မတော် ထိန်းချုပ်ရာ ဒေသများသို့ သွားရောက်ခဲ့သောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွင်းမှ တက်ကြွလှုပ်ရှားသူများက ၎င်းတို့သုံးဦး ယခုကဲ့သို့ တရားစွဲဆိုခံရခြင်းမှာ ၎င်းတို့၏ ဘာသာပေါင်းစုံ ညီညွတ်ရေး လှုပ်ရှားမှုအပေါ် မဘသအဖွဲ့ဝင်များက မကြေနပ်၍ ဖြစ်မည်ဟု ယုံကြည်ကြသည်။ မဘသအဖွဲ့ဝင်များသည် ရုံးချိန်းနေ့များတွင် ပုံမှန်ရောက်လာကြပြီး ၎င်းတို့ကို ခြိမ်းခြောက်ရန်နှင့် တရားသူကြီးကို ဖိအားပေးရန် ဖြစ်ပုံရသည်ဟု မိသားစုဝင်များက ပြောပါသည်။

- ရိုဟင်ဂျာ မူဆလင်တစ်ဦး၊ မြန်မာမူဆလင်သုံးဦး၊ မြန်မာဗုဒ္ဓဘာသာ တစ်ဦးနှင့် မြန်မာတရုတ်တစ်ဦး **စုစုပေါင်း ၆ဦး**တို့ကို ရိုဟင်ဂျာများသည် တိုင်းရင်းသားများဖြစ်သည်ဆိုသော ဖော်ပြချက်နှင့် မြန်မာနိုင်ငံ အတွင်း ရိုဟင်ဂျာသမိုင်းကို ရေးသားဖော်ပြထားသော အချက်အလက်များ ပါရှိသည့် ၂၀၁၆ ခုနှစ် ပြက္ခဒိန် ပုံနှိပ်ထုတ်ဝေမှုနှင့် လှုံ့ဆော်မှုစွဲချက်ဖြင့် တရားစွဲဆိုခဲ့သည်။ ရဲဖက်မှ ကနဦး အမှုတင်သွင်းချက်တွင် ပြက္ခဒိန်တွင် "အမျိုးဘာသာ သာသနာကို ထိပါးသော" အချက်များ ပါဝင်သည်ဟု ဖော်ပြ ထားသည်။[၉၂] နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ငါးဦးကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဥပဒေအရ ဒဏ်ငွေအမေရိကန်ဒေါ်လာ ၈၀၀ ခန့်ချမှတ်ခဲ့သည်။ နောက်တစ်နေ့တွင် ငါးယောက်စလုံးကို ပြန်လည်ဖမ်းဆီးပြီး ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲခဲ့သည်။ အမှုရင်ဆိုင်နေရစဉ် ငါးဦးစလုံးကို အင်းစိန်ထောင်တွင် ထိန်းသိမ်းထားပါသည်။ ခြောက်ယောက်မြောက် ပုဂ္ဂိုလ်မှာ ထွက်ပြေးတိမ်းရှောင်လျက် ရှိသည်။ မဘသအဖွဲ့ဝင်များက မြို့နယ်အာဏာပိုင်များထံ တိုင်ကြားခဲ့မှုကြောင့် ယင်းခြောက်ဦးကို အရေးယူခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ရလောက်သော သတင်းရင်းမြစ်များက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောကြပါသည်။[၉၃]

ဤအမှုများက မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ချုပ်တည်းစေရသည့် အဖြစ်မျိုး ဖြစ်လာစေပြီး ဘာသာရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုမှုများမှာ ပို၍ပြောဆိုခွင့် မသာပဲ ဖြစ်လာစေပါသည်။ ဦးထင်လင်းဦး၏ အမှုနှင့် မန္တလေးမှ ဘာသာပေါင်းစုံ ညီညွတ်ရေး လှုပ်ရှားသူများ၏ အမှုများက ဘာသာရေးလွတ်လပ်မှု ရရှိရေးနှင့် ခွဲခြားဆက်ဆံမှုတို့ကို ဆန့်ကျင်ရေးတို့အတွက် လှုပ်ရှားနေကြသူများသည်လည်း မိမိတို့ လှုပ်ရှားမှုကြောင့် ဖမ်းဆီးခံရမည်ကို စိုးရိမ်ပြီး မလုပ်ဆောင်ရဲပဲ ဖြစ်လာစေနိုင်ပါသည်။ လူ့အခွင့်အရေးကာကွယ်သူများ၊ သတင်းသမားများ၊ ရှေ့နေများနှင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများက ၎င်းတို့သည်လည်း မဘသ၏ ခြိမ်းခြောက် နောက်ယှက်မှုများနှင့် မကြာမကြာရင်ဆိုင်ရကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြကြပါသည်။[၉၄]

--------------------------------------------------

# ၄။ ဖိနှိပ်သော ဥပဒေဆိုင်ရာ မူဘောင်များ

**"ကျွန်တော်တို့ကို မဖမ်းပဲ ထားတာ မဖမ်းချင်သေးလို့ပဲ၊ ဖမ်းချင်ရင် အချိန်မရွေးဖမ်းနိုင်တယ်၊ ဥပဒေတွေက ပြင်မှ မပြင်သေးတာ။"**

ကျောင်းသား သမဂ္ဂအဖွဲ့ဝင်တစ်ဦး၊ ၂၀၁၅ ဇူလိုင် [၉၅]

အမိပ္ပါယ်ဖွင့်ဆိုချက်မရှင်းလင်းပဲ ဖိနှိပ်သော ဥပဒေများကို မြန်မာ အာဏာပိုင်များက အသုံးပြု၍ အတိုက်အခံများကို နှိပ်ကွပ် နေခြင်းသည် နိုင်ငံရေးအရ ဖမ်းဆီး၊ တရားစွဲဆို ထောင်ချနေခြင်းများ ဆက်လက်ရှိနေခြင်း၏ အခြေခံအကြောင်းတရား တစ်ခု ဖြစ်သည်။ ၎င်းဥပဒေများအထဲတွင် အချို့မှာ ဆယ်စုနှစ် ပေါင်းများစွာကတည်းက ရှိခဲ့သော ဥပဒေများ ဖြစ်ပြီး အချို့မှာ သမ္မတဦးသိန်းစိန်အစိုးရ တက်လာသည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းမှ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ယင်းဥပဒေများ အားလုံးကို အသုံးပြု၍ နိုင်ငံတွင်းရှိ လူ့အခွင့်အရေး ကာကွယ်သူများ၊ တက်ကြွလှုပ်ရှား သူများကို ဖမ်းဆီးထောင်ချ နိုင်သည်။ ယင်းဥပဒေများ ရှိနေသ၍ နိုင်ငံရေးအရ ဖမ်းဆီးအရေးယူ ထောင်ချမှုများ ဆက်ရှိနေမည် ဖြစ်သည်။

## ၄.၁။ နိုင်ငံတကာ ဥပဒေမူဘောင် - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို နိုင်ငံတကာ ဥပဒေက အကာအကွယ် ပေးထားပါသည်။ ဤအခွင့်အရေးများကို အကာအကွယ်ပေးထားသော အဓိက သဘောတူစာချုပ်များကို မြန်မာနိုင်ငံက သဘောတူ လက်မှတ် ထိုးထားခြင်း၊ အတည်ပြုထားခြင်း မရှိသေးသော်လည်း[၉၆]၊ ယင်းတို့မှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးအတွက် အခြေခံလူ့အခွင့်အရေးများ အဖြစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတန်းတွင် ထည့်သွင်းပြဋ္ဌာန်း ထားသည့်အတွက် အဖွဲ့ဝင် တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေနှင့် ကုလသမဂ္ဂပဋိညာဉ်အရ ယင်းအခွင့်အရေးများကို မြှင့်တင်ပေး၊ ကာကွယ်ပေးရမည့် တာဝန်ရှိပါသည်။

လူ့အခွင့်အရေးကြေညာစာတန်း၏ အပိုဒ်၁၉ တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်ပြီး ယခုကဲ့သို့ပြဋ္ဌာန်းထားသည်။ "*လူတိုင်းသည် လွတ်လပ်စွာ ထင်မြင် ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟ ပြောပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောက်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ် များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူး နိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။*" ယင်းသို့

အကြောင်းအရာများတွင် နိုင်ငံရေးသဘောတရားများ၊ လူ့အခွင့်အရေး ဆွေးနွေးချက်များ၊ သတင်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ထုတ်ဖော် ပြောဆိုချက်၊ သင်ကြားပို့ချမှုနှင့် ဘာသာရေး အကြောင်းအရာများ ပါဝင်ပါသည်။

> လွတ်လပ်စွာ ဖွဲ့စည်း လှုပ်ရှားခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်ကို လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၂၀ တွင် ပြဌာန်းပေးထားသည်။ *"လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့်* အသင်းအပင်းဖွဲ့စည်းခွင့် *တို့ ရှိသည်"*

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို ကန့်သတ်ခြင်းသည် (မတတ်သာသည့် အခြေအနေရောက်မှ)ခြွင်းချက်ဖြင့် လုပ်ရခြင်းဖြစ်ပြီး ဥပဒေတစ်ခု အဖြစ် မပြုလုပ်ရပေ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှု တစ်စုံတစ်ရာသည် ဥပဒေနှင့် ညီမညီသိနိုင်ရန် စစ်ဆေးကြည့်နိုင်သည့် အချက်သုံးချက် ကိုလည်း နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် သတ်မှတ် ပေးထားသည်။

> ၁။ **ဥပဒေနှင့် ညီညွတ်မှု** - ကန့်သတ်ချက်များကို ရှင်းလင်း၊ ပြည့်စုံ၍ အဓိပ္ပါယ်သတ်မှတ်ချက် ခိုင်မာသော ဥပဒေပြဌာန်းချက်များ အရပြုလုပ်ရမည်။
>
> ၂။ **တရားဝင်မှု** - ကန့်သတ်ချက်များကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် တိတိကျကျ ဖော်ပြထားသော တရားဥပဒေနှင့် ညီညွတ်သည့် ရည်မှန်းချက်အတွက်သာ ပြုလုပ်ရမည်။ ဥပမာ အခြားသူများ၏ အခွင့်အရေးနှင့် သိက္ခာကို ကာကွယ်ရန်၊ အမျိုးသား လုံခြုံရေး၊ လူထုအခြေအနေတည်ငြိမ်ရေး၊ လူထုကျန်းမာရေးနှင့် အကျင့်စာရိတ္တတို့ကို အကာအကွယ်ပေးရန် ဖြစ်သည်။ ဤကိစ္စတစ်ခုချင်းစီအတွက် အတိအကျ အဓိပ္ပါယ်ဖွင့်ဆို ချက်များကို လူ့အခွင့်အရေးအဖွဲ့များက ပြုလုပ်ထားပါသည်။
>
> ၃။ **လိုအပ်မှုနှင့် အချိုးကျမှု** - အသုံးပြုသောနည်းလမ်းများသည် တိကျသော ဥပဒေနှင့် ညီညွတ်သည့် ရည်မှန်းချက်အတွက် လိုအပ်မှသာ ပြုလုပ်ရပြီး လိုအပ်သလောက်သာ အချိုးညီစွာ ပြုလုပ်ရမည်။ နိုင်ငံတော်အနေနှင့် အထက်ဖော်ပြခဲ့သော အကာအကွယ်ပေးလိုသည့် ရည်မှန်းချက်များ ရအောင် လိုအပ်သလောက် အနည်းဆုံးကန့်သတ်မှုမျိုးကိုသာ ပြုလုပ်ရမည် ဖြစ်ပြီး ကန့်သတ်ချက်များ အလွန်အကျွံ မဖြစ်စေရပါ။

သတိပြုရန်မှာ ဤသုံးချက်စလုံးကို တစ်ပေါင်းတည်းစဉ်းစားရန် ဖြစ်သည်။ ကန့်သတ်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ စံချိန်စံညွှန်းများနှင့် ပြည့်မီရန် ဖော်ပြပါသုံးချက်စလုံးနှင့် ကိုက်ညီ ရမည်ဖြစ်သည်။ [၉၇]

# ၄.၂။ မြန်မာ့ ဥပဒေ မူဘောင်

မြန်မာ့ဥပဒေများမှာ ၁၉၀၈ ခု တရားမဝင်အသင်းအဖွဲ့များ ဥပဒေ ကဲ့သို့သော ဗြိတိသျှကိုလိုနီခေတ် ဥပဒေများ၊ ၁၉၅၀ အရေးပေါ်စီမံချက်ဥပဒေကဲ့သို့ လွတ်လပ်ရေး ရပြီးခေတ် ဥပဒေများ၊ ၁၉၇၅ နိုင်ငံတော်ကို ကာကွယ်ရေး ဥပဒေကဲ့သို့ စစ်အစိုးရခေတ်တွင် ပြဌာန်းခဲ့သော ဥပဒေများနှင့် သမ္မတဦးသိန်းစိန် လက်ထက် ၂၀၁၁-၂၀၁၅ တွင် ပြဌာန်းခဲ့သော ဥပဒေများ ပါဝင်သည်။ ၁၉၈၈ မှ ၂၀၁၀ ခုနှစ်အထိ အခြေခံဥပဒေနှင့် ဥပဒေပြုရေး အဖွဲ့အစည်း မရှိသော ကာလအတွင်းတွင် စစ်အစိုးရက အမိန့်များ၊ ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ဤ ဥပဒေများနှင့် အမိန့်များ အများအပြားသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ထင်သလို ကန့်သတ်နိုင်ခွင့်များ ပေးထား ခဲ့သည်။[၉၈] ထို့အပြင် အာဏာပိုင်များသည် နိုင်ငံရေးအရ ဖမ်းဆီးသူ တစ်ဦးအပေါ် လုပ်ကြံဖန်တီး၍ ဖြစ်စေ ရာဇဝတ်မှု စွဲချက်များလည်း တင်ခဲ့ကြသည်။ ဥပမာ ရာဇသတ်ကြီး ဥပဒေပါ ကျော်နင်းမှု ပုဒ်မ ၄၄၇၊ ၄၄၈ ဖြင့်ဖြစ်စေ၊[၉၉] အခန်း သုံးတွင်ဖော်ပြခဲ့သော ပြည်သူ့ဝန်ထမ်း ဥပဒေနှင့် ဖြစ်စေ၊ ၁၉၄၇ ခု လူဝင်မှု (အရေးပေါ် စီမံချက် ဥပဒေ) တို့နှင့် ဖြစ်စေ စွဲဆိုတတ် ပါသည်။[၁၀၀]

၂၀၁၄ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးအရေးယူ အကျဉ်းချ ရာတွင် အသုံးပြုသော ဖိနှိပ်ချုပ်ခြယ်သည့် ဥပဒေနှင့် ပြဌာန်းချက် ဆယ်ခုကို အောက်တွင် ဖော်ပြထားပါသည်။ လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှား သူများကို ဖမ်းဆီးအရေးယူ အကျဉ်းချရာတွင် အသုံးပြု နိုင်သော အခြားဥပဒေများ၊ ပြဌာန်းချက်များလည်း ဆက်ရှိ နေပါသေးသည်။ အောက်တွင်ဖော်ပြထားသော ဥပဒေများ မှာမူ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ စံချိန်စံညွှန်း များနှင့် ညီညွှတ်အောင် ဖျက်သိမ်းခြင်း၊ ပြန်လည် သုံးသပ် ပြင်ဆင်ခြင်းများ ပြုလုပ်ရမည် ဖြစ်သည်။

## ၂၀၀၈ အခြေခံ ဥပဒေ

မြန်မာ့ ၂၀၀၈ အခြေခံဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် တို့ကို လုံလောက်သော အကာအကွယ်ပေးနိုင်ခြင်း မရှိပါ။
ပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရေးသားဖြန့်ဝေခွင့်ရှိသည်၊ လက်နက်မပါပဲ လွတ်လပ်စွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ရှိသည်၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခွင့် ရှိသည်ဟု ခွင့်ပြုထားသော်လည်း ယင်းအခွင့်အရေးများကို ရပ်ရွာအေးချမ်းရေးနှင့် ငြိမ်းချမ်းသာယာရေးစသော အဓိပ္ပါယ်မသဲကွဲသည့် အခြေအနေမျိုး နှင့် မဆန့်ကျင်လျှင်သာ ခွင့်ပြုပေးထားပါသည်။[၁၀၁]

ထို့အပြင် ၂၀၀၈ အခြေခံဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို မြန်မာနိုင်ငံတွင်းရှိ ပြည်သူအားလုံးအတွက် အကာအကွယ်ပေးထားခြင်း

မရှိသည်ကိုလည်း တွေ့ရသည်။ ပုဒ်မ ၃၅၄ အရ ယင်းအခွင့်အရေးများကို နိုင်ငံသားများအတွက်သာ ပေးထားခြင်းဖြစ်သည့်အတွက်၊ နိုင်ငံသားမဟုတ်သူများကို ခွဲခြားလျက် အကာအကွယ် ပေးရန် ငြင်းဆန်ထားခြင်း ဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခံထားရသော ရိုဟင်ဂျာကဲ့သို့ လူမျိုးစု လူနည်းစုများအတွက် အကာအကွယ် ပေးမထား သည်မှာ အထူးသဖြင့် စိတ်ပူစရာ ကောင်းပါသည်။ ခြုံ၍ ပြောရလျှင် နိုင်ငံတော်အတွင်း ရှိနေသမျှ လူတိုင်းအား နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းအပေါ်မူမတည်ပဲ လူ့အခွင့်အရေးများကို အာမခံ ပေးရမည်ဖြစ်သည်။[၁၀၂]

## ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ

ဦးသိန်းစိန်အစိုးရ ၂၀၁၁ ခုနှစ်တွင် တက်လာပြီးချိန်မှ စ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ကန့်သတ်ထားခြင်းများကို လျော့ပေါ့ပေးရန် ဆောင်ရွက်လာခဲ့သည်။ အရေးကြီးသည့် ခြေလှမ်းတစ်ရပ်မှာ စစ်အစိုးရများ လက်ထက်က တင်းတင်းကြပ်ကြပ် ကန့်သတ်ထားခဲ့သော ငြိမ်းချမ်းစွာ စုဝေးခွင့်ကို အသိအမှတ်ပြုသည့် ဥပဒေကို ပြဋ္ဌာန်း ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၁ ဒီဇင်ဘာလ ၂ ရက်နေ့တွင် လွှတ်တော်က ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဥပဒေ စတင်အသက်ဝင်ခဲ့သည်။

ဤဥပဒေပြဋ္ဌာန်းခဲ့ခြင်းကို မြန်မာပြည်သူများအတွက် လွတ်လပ်မှုများ ရရှိလာမည့် ခေတ်သစ်တစ်ခု ရောက်လာခြင်း အဖြစ် အများက ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် ယင်းဥပဒေနှင့် ဥပဒေကို အကောင်အထည် ဖော်ရသောအမိန့်[၁၀၃] မှာ ချို့ယွင်းချက် ကြီးကြီးမားမား ရှိနေပြီး လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် စုဝေးခွင့်တို့ကို စိတ်ထင်သလို ကန့်သတ်နိုင်ခွင့်များ ပေးထားခဲ့သည်။ [၁၀၄]ဤဥပဒေကို ငြိမ်းချမ်းစွာ ဆန္ဒပြနေသူ များအပေါ် သုံးစွဲခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဝိုင်းဝန်း ကန့်ကွက်ခဲ့ကြ အပြီး ၂၀၁၄ ခုနှစ် ဇွန်လတွင် ပြင်ဆင်ချက် အချို့ကို ပြုလုပ်ခဲ့သည်။ မြန်မာအစိုးရက ယင်းဥပဒေနှင့် ပြင်ဆင်ချက် ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ယခုကဲ့သို့ ဂုဏ်ယူစွာ ပြောခဲ့သည်။

*"ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေတစ်ခုကို ၂၀၁၂ မှာ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ပြည်သူလူထုဟာ သူတို့ရဲ့ အခွင့်အရေးကို ဥပဒေနဲ့ အညီ အသုံးပြုပြီး ဆန္ဒပြတာတွေ၊ စုဝေးတာတွေ လုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လ ၂၄ ရက်မှာတော့ စုဝေးခွင့်တွေ ပိုရအောင် ပြည်ထောင်စု လွှတ်တော်က ဥပဒေကို ပြင်ဆင်ချက်တွေ လုပ်ပေးခဲ့ ပါတယ်။"* [၁၀၅]

သို့ရာတွင် လက်တွေ့အားဖြင့် ပြင်ဆင်ချက်များမှာ အပေါ်ယံသာ ဖြစ်ပြီး ဖမ်းဆီးမှုများ၏ အရှိန် ရပ်တန့် သွားအောင် မလုပ်နိုင်ခဲ့ပေ။ ယင်းဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ထင်သလို ကန့်သတ်ခြင်းများ ရှိနေဆဲဖြစ်ပါသည်။[၁၀၆]

စိုးရိမ်စရာ အကောင်းဆုံးအချက်တစ်ခုမှာ စုဝေးပွဲ၊ ချီတက်လမ်းလျှောက်ပွဲ ပြုလုပ်လိုလျှင် အနည်းဆုံး ငါးရက်ကြိုတင် ခွင့်ပြုချက်တောင်းခံရမယ်ဆိုသော အချက်ဖြစ်သည်။ ကုလသမဂ္ဂ၏ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့် ဆိုင်ရာ အထူးကိုယ်စားလှယ်က ငြိမ်းချမ်းစွာ စုဝေးခွင့်အတွက် မည်သည့်ခွင့်ပြုချက်မျှ ရယူရန်မလိုသင့်ကြောင်းနှင့် ဥပဒေအရလည်း စုဝေးခြင်းအတွက် စီစဉ်သူများက သက်ဆိုင်ရာ အာဏာပိုင်များကို ခွင့်တောင်းစရာမလိုပဲ အသိပေးရန်သာလိုကြောင်း ပြဌာန်းသင့်သည်ဟု အလေးအနက်ပြောထားပါသည်။[၁၀၇] စုဝေးပွဲတစ်ခုအတွက် သက်ဆိုင်ရာ အာဏာပိုင်များကို ၄၈ နာရီကြိုတင်အကြောင်းကြား သင့်ကြောင်းလည်း ၎င်းက အကြံပြုပါသည်။ အာဏာပိုင်များ အနေနှင့်လည်း နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်များနှင့် အညီ စုဝေးပွဲများ ဖြစ်နိုင်ရန် အခြေအနေများ ကူညီဖန်တီးပေးရမည်ဟု သူက ဆိုပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်မူ စုဝေးပွဲများကို ကျင်းပရန် စီစဉ်သူများက ကြိုတင်ခွင့်ပြုချက်လျှောက်ထားရရုံမျှမက စုဝေးမည့် အကြောင်းအရာ၊ အသုံးပြုမည့်ကြွေးကြော်သံများနှင့် ခေါင်းဆောင်များ၊ စကားပြောဟောမည့် ပုဂ္ဂိုလ်များ၏ အမည်နှင့်နေရပ်လိပ်စာ အပြည့်အစုံတို့ကိုပါ အာဏာပိုင်များကို ပေးအပ်ရပါသည်။

ငြိမ်းချမ်းစွာဆန္ဒပြသည့် ဥပဒေကို ပြင်ဆင်ချက်များက ဆန္ဒပြရန်လျှောက်ထားမှုကို အာဏာပိုင်များက ချက်ခြင်းပယ်ချခွင့် ပေးနိုင်ခြင်းကို ဖယ်ရှားခဲ့သည်။ သို့ရာတွင် ဆန္ဒပြရန်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊ စုဝေးပွဲ စီတန်းလှည့်လည်ပွဲများကို လူစုခွဲစေခြင်းကိုလည်း လွန်စွာကျယ်ပြန့်၍ မရေရာသော အကြောင်းပြချက်များဖြင့် ပြုလုပ်နိုင်နေဆဲ ဖြစ်ပါသည်။ ဥပမာ နိုင်ငံတော် နှင့် ပြည်ထောင်စုကို ဖြစ်စေ၊ လူမျိုးရေး၊ ဘာသာရေး ကိုဖြစ်စေ၊ လူ့သိက္ခာနှင့် ကိုယ်ကျင့်တရားကို ဖြစ်စေ ထိခိုက်စေမည့် အပြောအဆို အပြုအမူများ ပြုလုပ်ခြင်း၊ မမှန်သတင်းများ ကောလဟာလများ ဖြန့်ချိခြင်း၊ အသံချဲ့စက် လော်စပီကာများအသုံးပြုခြင်း၊ ကြိုတင်ခွင့်ပြုတားသော ကြွေးကြော်သံများမှအပ ကြွေးကြော်အော်ဟစ်ခြင်း တို့ဖြစ်သည်။ လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ယခုကဲ့သို့ ကျယ်ပြန့်လှသော အကြောင်းများဖြင့် ငြင်းပယ်ခွင့်ရှိနေခြင်းမှာ စိုးရိမ်စရာကောင်းပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများကို ရှင်းရှင်းလင်းလင်းဖောက်ဖျက်ရာလည်း ရောက်ပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ကန့်သတ်မှုများကို ဒတွင် အမှန်တကယ်လိုအပ်ကြောင်းအထင်အရှားပြနေသော သူများကိုသာ လိုအပ်သလောက် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေက တရားဝင်ကြောင်း အသိအမှတ်ပြုထားသည့် ရည်ရွယ်ချက်မျိုးအတွက်သာ ပြုလုပ်ရမည် ဖြစ်သည်။

ထို့အပြင် ငြိမ်းချမ်းစွာ စုဝေးခွင့် ဥပဒေကို ပြင်ဆင်သော အချက်များသည်လည်း လူ့အခွင့်အရေးကာကွယ်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အခြားငြိမ်းချမ်းစွာ ဆန္ဒပြသူများ ဤ ဥပဒေအရ ဆက်လက်ဖမ်းဆီး ထောင်ချခံရနိုင်မှုကိုမူ တစုံတရာ ပြောင်းလဲပေးနိုင်ခြင်း မရှိခဲ့ပေ။ ငြိမ်းချမ်းစွာစုဝေးခြင်း စီတန်းလှည့်လည်ခြင်းများသည်လည်း ခွင့်ပြုချက်မရှိလျှင် ပုဒ်မ ၁၈ အရ ထောင်ခြောက်လအထိ ကျခံရနိုင်ပြီး၊ ပုဒ်မ ၁၉ အရ စုဝေးခွင့် စီတန်းလှည့်လည်ခွင့် ခွင့်ပြုချက်ပါ အချက်များကို ချိုးဖောက်လျှင် ထောင်ဒဏ် သုံးလအထိ ကျခံရနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုထားသော အမှုများ အများအပြားတွင် လူ့အခွင့်အရေး ကာကွယ်သူများနှင့် အခြားတက်ကြွလှုပ်ရှားသူများကို

ရာဇဝတ်ပြစ်မှုများအပြင် ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေပါ ပုဒ်မ ၁၈၊၁၉ တို့ဖြင့်ပါ တရားစွဲဆိုခဲ့ကြောင်း တွေ့ရပါသည်။

## ငြိမ်းချမ်းစွာ ဆန္ဒပြမှုအတွက် တရားစွဲဆိုခံရခြင်း

**ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေကို ပြန်လည်ပြင်ဆင် ပြီးချိန်မှစ၍ အာဏာပိုင်များသည် ယင်းဥပဒေကို မကြာမကြာ အသုံးပြု၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထောင်ချခဲ့ပါသည်။**

၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့က မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာမြို့ရှိ ဘုရားတစ်ဆူတွင် ဖယောင်းတိုင်ထွန်းလျှက် ဆုတောင်းပွဲ ပြုလုပ်ခဲ့ကြသော **ဒေါ်မြင့်မြင့်အေး၊ ဒေါ်မေသက်ဦးနှင့် ဒေါ်ခင်မေစီ။** ဆန္ဒပြနေသော ကျောင်းသားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ၎င်းတို့သည် ဖယောင်းတိုင်များ ပန်းများ၊ စာတန်းများကို ကိုင်ဆောင်လျှက် ဆုတောင်းခဲ့ကြသည်။ ထို့အတွက် ၎င်းတို့ သုံးဦးကို မိတ္ထီလာမြို့နယ်တရားရုံးက ပုဒ်မ၁၈ ဖြင့် ထောင်ဒဏ် လေးလစီချမှတ်ခဲ့သည်။ ပြစ်ဒဏ်ရက်စေ့ သဖြင့် သုံးဦးစလုံး ပြန်လွတ်လာခဲ့ပြီ ဖြစ်သည်။

ပဲခူးတိုင်း ပြည်မြို့မှ လှုပ်ရှားတက်ကြွသူ ကိုဝင်းလှိုင်သည် ပုဒ်မ ၁၈ အရ ခွင့်ပြုချက်မရှိပဲ ဆန္ဒပြမှု ခုနှစ်မှု၊ ပုဒ်မ ၁၉ အရ ဆန္ဒပြရန်ခွင့်ပြုချက်ကို ဖောက်ဖျက်မှု နှစ်မှုတို့ဖြင့် ထောင်ဒဏ်ချမှတ်ခံရသည်။

ကိုဝင်းလှိုင်သည် ပြည်မြို့နယ်တဝိုက်ရှိ မြေယာများ သိမ်းခံရသော လယ်သမားများနှင့် ပြည်သူများဖက်မှ အစိုးရကို ကန့်ကွက်ဆန္ဒပြခြင်း၊ အာဏာပိုင်များထံ တိုင်ကြားစာများ ပေးပို့ခြင်း နှင့် အခြားငြိမ်းချမ်းသော ဆန္ဒပြမှုများကို ၂၀၁၄ နှင့်၂၀၁၅ ခုနှစ်များအတွင်းက ပြုလုပ်ခဲ့သောကြောင့် တရားစွဲဆိုခံရခြင်းဖြစ်သည်။ သူသည် ထောင်ဒဏ် သုံးနှစ်ကျခံနေရပြီး ပုဒ်မ ၁၈ အရ နောက်ထပ် အနည်းဆုံး အမှုသုံးမှု ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ယခုအခါ ပြည်ထောင်တွင် ရှိနေပါသည်။

မိချောင်းကန် ဆန္ဒပြသူ ၂၇ ဦး။ **၎င်းတို့သည် ခွင့်ပြုချက်မရပဲ ဆန္ဒပြမှုဖြင့် ၂၀၁၅ ခုနှစ်က ထောင်ချခံရသူများ ဖြစ်သည်။ မိချောင်းကန်ဒေသခံများသည် ၁၉၉၀ ပြည့်နှစ်များက စစ်တပ်က သိမ်းပိုက်ခဲ့သည်ဆိုသော ၎င်းတို့၏ မြေယာများ ပြန်လည်ရရှိရေးနှင့် သင့်တော်သော လျော်ကြေးရရှိရေး တို့အတွက် တောင်းဆိုနေကြခြင်းဖြစ်သည်။ ၎င်းတို့သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံနံဘေးတွင် ငြိမ်းချမ်းစွာထိုင်လျှက် ဆန္ဒပြခဲ့ကြသည်။ ပြစ်ဒဏ်ရက်စေ့၍ လည်းကောင်း၊ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လည်းကောင်း သူတို့အားလုံး ပြန်လွတ်လာကြပြီ ဖြစ်သည်။**[၁၀၈]

**နော်အုန်းလှ၊ စန်းစန်းဝင်း (လေးလေး)၊ စိန်ထွေး၊** နေမျိုးဇင်၊ တင်ထွတ်ပိုင်၊ သန်းဆွေ။ **၂၀၁၄ ဒီဇင်ဘာလ ၂၉ ရက်နေ့က ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတစ်ခုတွင် ပါဝင်ခဲ့မှုကြောင့် ပုဒ်မ ၁၈ ခွင့်ပြုချက်မရှိပဲ ဆန္ဒပြမှုဖြင့် ထောင်ချခံရသော လူ့အခွင့်အရေးလှုပ်ရှားသူများ ဖြစ်သည်။ စစ်ကိုင်းတိုင်းအတွင်းရှိ လက်ပံတောင်းကြေးနီ စီမံကိန်းတွင် ရဲများက ပစ်ခတ်မှုကြောင့် လယ်သူမကြီးတစ်ဦး သေဆုံးခဲ့ရမှုကို**

**စုံစမ်းစစ်ဆေးပေးရန် ၎င်းတို့က တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။ သူတို့အားလုံး ရန်ကုန် အင်းစိန်ထောင်တွင် ပြစ်ဒဏ်ကျခံ နေကြပါသည်။**[၁၀၉]

မျိုးမင်းမင်းနှင့် နိုင်ဌေးလွင်၊ ရန်ကုန်ရှေ့ပြည်သာ စက်မှုဇုံရှိ အထည်ချုပ်စက်ရုံအလုပ်သမားများ ဆန္ဒပြပွဲကို ကူညီစီစဉ်ပေးခဲ့မှုကြောင့် ပုဒ်မ ၁၈၊ ၁၉ တို့ဖြင့် ၂၀၁၅ စက်တင်ဘာ ၁၁ ရက်နေ့က ထောင်ဒဏ် ခြောက်လစီ ချခံရသော သမဂ္ဂခေါင်းဆောင်များ ဖြစ်သည်။ သူတို့ကို ပုဒ်မ ၅၀၅(ခ) ဆူပူအောင် လှုံ့ဆော်မှု ဖြင့်လည်း စွဲဆိုခဲ့ပြီး ယခုအခါ အင်းစိန်ထောင်တွင် ထောင်ဒဏ် နှစ်နှစ်ခွဲစီ ကျခံနေရပါသည်။

**လင်းထက်နိုင်၊ နန္ဒာစစ်အောင်၊ ကျော်ကိုကို၊ ဝင်းကျော်မှူး၊ ထက်ခိုင်စိုးနှင့် ပိုပို၊** ၂၀၁၅ မတ်လ ၁၀ ရက်နေ့က ရန်ကုန်မြို့တွင် ခွင့်ပြုချက်မရှိပဲ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့မှု ကြောင့် ပုဒ်မ ၁၈ အပါအဝင် စွဲချက်အမျိုးမျိုးနှင့် ရင်ဆိုင်နေရသော ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ ဖြစ်သည်။ ယင်းနေ့အစောပိုင်းက ကျောင်းသားများ အကြမ်းဖက် ဖြိုခွဲခံခဲ့ရမှုကို ၎င်းတို့က ကန့်ကွက် ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။ အားလုံး ကမာရွတ်မြို့နယ် တရားရုံးတွင် အမှုရင်ဆိုင် နေရသည်။ သုံးဦးမှာ အင်းစိန်ထောင်တွင် ရှိနေပြီး တစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်နေကာ တစ်ဦးမှာ အာမခံနှင့် အမှုကို အပြင်မှ ဆက်လက် ရင်ဆိုင်နေပါသည်။

ဤဥပဒေကို အသုံးပြု၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ဖမ်းဆီးထောင်ချရုံမျှမက မြန်မာအာဏာပိုင်များသည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ တစ်ကိုယ်တော် ဆန္ဒပြသူများကိုလည်း ဤဥပဒေနှင့် တရားစွဲဆိုခဲ့သည်ကို တွေ့ရသည်။ ဥပဒေ၏ အခန်းနှစ်တွင် ငြိမ်းချမ်းစွာစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းဆိုသည်မှာ တစ်ဦးထက်ပိုသော လူများစုဝေးခြင်းကို ဆိုလိုသည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင်း တစ်ကိုယ်တော် ဆန္ဒပြမှုများနှင့် တစ်ကိုယ်တော်ဆန္ဒပြသူများသည် ဤဥပဒေနှင့် အကျုံးမဝင်ပါ။ သို့ရာတွင် တစ်ကိုယ်တော် ဆန္ဒပြသူများလည်း ဤဥပဒေနှင့် တရားစွဲဆို ခံကြရကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က လေ့လာတွေ့ရှိခဲ့ပါသည်။ ၎င်းတို့မှာ -

- **ကိုဝင်းလှိုင်။** အဖမ်းခံထားရသော ကျောင်းသားများကို ပြန်လွှတ်ပေးဖို့ သာယာဝတီတရားရုံးရှေ့တွင် တစ်ကိုယ်တော် ဆန္ဒပြခဲ့သော ကိုဝင်းလှိုင်ကို ထောင်ဒဏ် နှစ်နှစ်နှင့် တစ်လ ချမှတ်ခဲ့ပါသည်။ သူ့အား ဆန္ဒပြရန်ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်မှုဖြင့် ပုဒ်မ ၁၉ အရ ထောင်ဒဏ်တစ်လနှင့် ပုဒ်မ ၅၀၅(ခ) အရ ဆူပူအောင်လှုံ့ဆော်မှုဖြင့် အမြင့်ဆုံးထောင်ဒဏ် နှစ်နှစ်ချမှတ်ခဲ့ပါသည်။[၁၁၀]

- **ဦးဇော်ဝင်း။** မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့မှ ရှေ့နေဦးဇော်ဝင်းသည် ၂၀၁၄ ခုနှစ်မေလက ပြင်ဦးလွင်ခရိုင်တရားရုံးမှ မြို့နယ်တရားရုံးသို့ လမ်းလျှောက်ပြီး လမ်းတွင်

မီဂါဖုန်းဖြင့် တရားမမျှတသော တရားသူကြီးများ ဖယ်ရှားရေး၊ တရားရေးမဏ္ဍိုင် ပိုမိုကောင်းမွန်ရေး ကြွေးကြော်သံများ အော်ဟစ်ခဲ့မှုဖြင့် ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုခံခဲ့ရသည်။ သူက တရားရုံးရှေ့မှ လမ်းကို အသွားအပြန်လျှောက်၍ အော်ဟစ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းကို အမှုရင်ဆိုင် နေစဉ်အတွင်း အိုးဘိုထောင်တွင် ချုပ်နှောင်ထားပါသည်။[၁၁၁]

- **ကိုမြတ်ကိုကို**၊ မကွေးတိုင်းအောင်လံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ကိုမြတ်ကိုကို ကို ဝန်ကြီးတစ်ဦးနှုတ်ထွက်ပေးဖို့ တစ်ကိုယ်တော် ဆန္ဒပြတောင်းဆိုခဲ့မှုကြောင့် ၂၀၁၄ ဇူလိုင်လ ၄ ရက်နေ့က ထောင်ဒဏ်တစ်လ ချမှတ်ခဲ့သည်။

## ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ) "ဆူပူအောင်လှုံ့ဆော်မှု"

လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှုတစ်ခုအဖြစ် စွပ်စွဲရာတွင် အသုံးပြုလေ့ရှိသော ပုဒ်မတစ်ခုမှာ ရာဇယတ်ကြီးဥပဒေပါ ပုဒ်မ ၅၀၅(ခ) ဖြစ်သည်။ ယင်းဥပဒေအရ မည်သူမဆို *"နိုင်ငံတော် အစိုးရကို ဖြစ်စေ၊ နိုင်ငံတော် ငြိမ်ဝပ်ရေးကို ဖြစ်စေ၊ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်က ကျူးလွန်ချင်လာအောင် အများပြည်သူကို သော်လည်းကောင်း၊ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခု ဖြစ်စေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ ဖြစ်တန်ရာသည် အကြောင်းရှိလျှင်"* ထိုလူကို နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်ဟု ဖော်ပြထားပါသည်။

ဤကဲ့သို့ အဓိပ္ပါယ်သတ်မှတ်ချက်မရှင်းလင်းသည့် ကန့်သတ်ချက်မျိုးသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံညွှန်းများက ခွင့်ပြုထားသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သော အချက်များနှင့် ကိုက်ညီမှုမရှိပါ။ အထူးသဖြင့် "နိုင်ငံတော် တည်ငြိမ်ရေး" ဆိုသည့်အချက်မှာ အဓိပ္ပါယ်ဝေဝါးပြီး အစိုးရကို ဝေဖန်သူ မည်သူကို မဆို အာဏာပိုင်များက ပုဒ်မ ၅၀၅(ခ) ကို အသုံးပြု၍ တရားစွဲဆိုနိုင်ခွင့်ပေးထားသလို ဖြစ်နေပါသည်။

ငြိမ်းချမ်းစွာလှုပ်ရှားကြသော နိုင်ငံရေးတက်ကြွ လှုပ်ရှားသူ များကို ဖမ်းဆီး၊ တရားစွဲဆို၊ အကျဉ်းချရာတွင် အာဏာပိုင်များက ပုဒ်မ ၅၀၅(ခ)ကို အသုံးပြုနေခဲ့သည်မှာ ကြာခဲ့ပါပြီ။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက်အရ ငြိမ်းချမ်းစွာ လှုပ်ရှားသူများကို ဤပုဒ်မ ၅၀၅(ခ) အသုံးပြု၍ အရေးယူခြင်းများ ပြီးခဲ့သော နှစ်နှစ်အတွင်းတွင် ပိုမိုများပြားစွာ တွေ့ခဲ့ရသည်။ မြန်မာနိုင်ငံတွင် လောလောဆယ် အချုပ်နှောင်ခံနေရသူများနှင့် ထောင်ဒဏ်ကျခံနေရသူများထဲမှ လူအများအပြားမှာ ပုဒ်မ၅၀၅(ခ) နှင့်ဆက်နွယ်နေသော ပြစ်မှုများနှင့် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။ ပုဒ်မ ၅၀၅(ခ)ကို အခြားရာဇဝတ်မှု စွဲချက်များနှင့် ပူးတွဲ၍ အသုံးပြု လေ့ရှိသည်၊ အများအားဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများနှင့် ဆက်နွယ်သော ပုဒ်မများဖြစ်သည်။

အခန်းသုံးတွင်ဖော်ပြခဲ့သကဲ့သို့ ပုဒ်မ ၅၀၅(ခ) နှင့်ဆက်နွယ်နေသော အမှုများမှာ အာမခံမရသော အမှုများ ဖြစ်သဖြင့် အခြားစွဲချက်များနှင့် စွဲဆိုသောအခါ ဆန္ဒပြမှုနှင့် အခြားလှုပ်ရှားမှုများ၏ ခေါင်းဆောင်များကို အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားနိုင်ခွင့်များ ရသွားကြပါသည်။ ယခုအစီရင်ခံစာအတွက် လေ့လာခဲ့သော အမှုများတွင် ပုဒ်မ ၅၀၅(ခ) ဖြင့်စွဲဆိုပြီး စီရင်ချက်ချခဲ့သော အမှုများတွင် ပြစ်ဒဏ်ကို ထောင်ဒဏ်တစ်နှစ်မှ နှစ်နှစ်အထိ ချမှတ်ကြောင်း တွေ့ရပါသည်။

## ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး ဆိုင်ရာ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၁၄၁-၁၄၉

၂၀၁၅ ခုနှစ် နှစ်စ အထိ မြန်မာအာဏာပိုင်များသည် ငြိမ်းချမ်းသော ဆန္ဒပြသူများကို ဖမ်းဆီးအကျဉ်းချရာတွင် ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်မှစတင်၍ ငြိမ်းချမ်းသောဆန္ဒပြသူများသည် ရာဇဝတ်မှုဥပဒေပါ "ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ခြင်း" စွဲချက်များနှင့် တရားစွဲဆိုခံလာရသည်ကို အများအပြားတွေ့လာရသည်။ ယင်းစွဲချက်များမှာ ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေထက် ပို၍ရှည်ကြာသော ထောင်ဒဏ်ပြစ်ဒဏ်များ ချမှတ်နိုင်ပါသည်။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၁ တွင် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဆိုသည်ကို အဓိပ္ပါယ်ဖွင့်ထားပါသည်။ ဥပဒေအဆိုအရ ငါးယောက်ထက် ပိုသောလူများသည် "ဥပဒေနှင့်အညီဆောင်ရွက်မှု တစ်ခုကို ဟန့်တားရန်"၊ "အကျိုးဖျက်ဆီးမှုကိုသော်လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကိုလည်းကောင်း၊ အခြားပြစ်မှုများကို ကျူးလွန်ရန်လည်းကောင်း"၊ "ရာဇဝတ်မှုမြောက်သော အင်အားသုံး၍ အခြားသူတစ်ဦးဦး၏ ရပိုင်ခွင့်များကို ဟန့်တားရန်လည်းကောင်း" "တူညီသောရည်ရွယ်ချက်ဖြင့် စုဝေးကြခြင်း" စသဖြင့် အဓိပ္ပါယ် မတိကျသော ဖွင့်ဆိုခြင်းများ ပါဝင်ပါသည်။[၁၁၂] ပုဒ်မ ၁၄၃ အရ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတစ်ခု[၁၁၃] တွင်ပါဝင်သူ တစ်ဦးသည် အမြင့်ဆုံး ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် ခြောက်လအထိ ကျခံရနိုင်ပါသည်။

ကုလသမဂ္ဂ၏ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ဖွဲ့စည်းလုပ်ရှားခွင့် ဆိုင်ရာအထူးကိုယ်စားလှယ်က "*ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကန့်သတ်မှုတချို့ လုပ်နိုင်သည်၊ သို့ရာတွင် လွတ်လပ်ခွင့်သည် ပင်မဥပဒေသအဖြစ်မှတ်ယူ၍ ကန့်သတ်ချက်များကို ခြွင်းချက်အဖြစ်မှတ်ယူရမည်*" ဟုပြောဆိုခဲ့သည်။[၁၁၄] စုဝေးမှုတစ်ခုသည် ငြိမ်းငြိမ်းချမ်းချမ်းရှိသမျှ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ အကာအကွယ်ရှိရမည်ဖြစ်သည်။ ဤဥပဒေက ကန့်သတ်မှုတချို့ကို ခွင့်ပြုသော်လည်း ယင်းကန့်သတ်မှုမှာ အများပြည်သူ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အခြားသူများ၏ အခွင့်အရေးကို ကာကွယ်ရေးစသော တိတိကျကျ သတ်မှတ်ထားသော လူထုအကျိုးစီးပွားများကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့်သာ လုပ်ဆောင်ရမည် ဖြစ်သည်။ (အပိုဒ် ၄.၁ ကိုကြည့်ပါ)[၁၁၅] ကန့်သတ်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်အတွက် လုပ်ဆောင်ရသည့် ရည်ရွယ်ချက်နှင့်

သင့်တင့်သလောက်သာ ဖြစ်ရမည်ဖြစ်ပြီး အာဏာပိုင်များ အနေနှင့် ငြိမ်းချမ်းစွာ စုဝေးလိုသူများ အတွက် စုဝေးနိုင်ရန် သင့်တော်သော အခြားနည်းလမ်းများလည်း ရှာပေးသင့်သည်ဟု ကုလသမဂ္ဂ၏ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့် ဆိုင်ရာအထူးကိုယ်စားလှယ်က ဆိုထားပါသည်။[၁၃၆] တားဆီးခြင်းကို နောက်ဆုံးမလွှဲသာမှ ပြုလုပ်ရမည် ဖြစ်သည်။

စုဝေးမှုတစ်ခုတွင်ပါဝင်သော လူတစ်ဦး သို့မဟုတ် အများက "ဥပဒေတစ်ခုခုအရ ဆောင်ရွက်ခြင်းကိုသော်လည်းကောင်း၊ ဥပဒေနှင့်အညီထုတ်ဆင့်သော အမိန့် ဆင့်ဆိုချက်စသော ဆောင်ရွက်မှု တစ်ခုခုကိုသော်လည်းကောင်း ဆောင်ရွက်ခြင်းကို ခုခံတားဆီးခြင်းကြောင့်" ယင်းအစုအဝေးကို "ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး" ဟု သတ်မှတ်ခြင်းမှာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ အရ ငြိမ်းချမ်းစွာစုဝေးမှုတစ်ခုကို ကန့်သတ်ခြင်းကို တိကျသော ရည်မှန်းချက်များအတွက် လိုအပ်သည့်အခါမှ ပြုလုပ်ရမည်ဆိုသော အချက်ကို ချိုးဖောက်ရာ ရောက်ပါသည်။ ပုဒ်မ ၁၄၁၏ ဝေဝါးမှုကြောင့် မြန်မာအာဏာပိုင်များက ယင်းပုဒ်မကို အသုံးပြု၍ ငြိမ်းချမ်းသော စုဝေးခြင်းဖြစ်ပါစေ၊ အာဏာပိုင်များ မနှစ်မြို့သော စုဝေးမှုတွင်ပါဝင်သူများကို အရေးယူနိုင် နေပါသည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုခဲ့သော ဥပဒေနှင့်မညီသော ဖမ်းဆီး ထိန်းသိမ်းမှုများအနက် မကြာသေးခင်က အမှုများတွင် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတစ်ခုတွင်ပါဝင်မှုဖြင့် ပုဒ်မ ၁၄၃ ဖြင့် တရားစွဲဆိုခံရသူများသည် ထောင်ဒဏ် နှစ်နှစ်အထိ ကျခံရနိုင်သော ပုဒ်မ ၁၄၅ လူစုခွဲရန်အမိန့်ပေးထားသည်ကို သိလျက်နဲ့ အစုအဝေးတွင်ပါဝင်ခြင်း သို့မဟုတ် ဆက်လက်ပါဝင်နေခြင်း၊ ပုဒ်မ ၁၄၆ ရုန်းရင်းဆန်ခတ်မှု တို့နှင့်လည်း စွဲဆိုခံရသည်ကို တွေ့ရတသည်။ ရုန်းရင်းဆန်ခတ်မှုသည် ပုဒ်မ ၁၄၇ အရ ထောင်ဒဏ်နှစ်နှစ် အထိ ကျခံရ နိုင်ပါသည်။[၁၃၇]

ပုဒ်မ ၁၄၆ နှင့် ၁၄၇ တို့မှာ ပြဿနာများစွာ ရှိပါသည်။ ယင်းပုဒ်မများ၏ ပြဋ္ဌာန်းချက်များအရ စုဝေးမှုတစ်ခုတွင် လူအချို့ သို့မဟုတ် တစ်ဦးတစ်ယောက်ထဲက ရုန်းရင်းဆန်ခတ်မှု (အကြမ်းဖက်မှု) တစ်ခုခုလုပ်ခဲ့ရုံနှင့် ကိုယ်တိုင် အကြမ်းဖက်မှုတွင် မပါဝင်သော်လည်း အစုအဝေးတွင်ပါဝင်သူများကို ရာဇဝတ်မှုနှင့် စွဲချက် တင်နိုင်သည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာလှုပ်ရှားသော တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်ခြင်း အကြမ်းဖက်ရန် လှုံ့ဆော်ခြင်း ပြုလုပ်ကြောင်း အထောက်အထားမရှိသော်လည်း ဤပုဒ်မများကို အသုံးပြု၍ ဖမ်းဆီးခံနေရပါသည်။ နောက်ဆုံးတွင် ပုဒ်မ ၁၄၉ [၁၃၈] အရ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတိုင်းသည် တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာတွင် တစ်ဦးဦးက ကျူးလွန်သော ပြစ်မှုအတွက် အားလုံးတွင် အပြစ်ရှိသည်ဟု မှတ်ယူခံရနိုင်သည်။ ဤပုဒ်မကို အသုံးပြု၍ နိုင်ငံတကာ ဥပဒေနှင့်ဆန့်ကျင်စွာ လူအများကို စုပေါင်းပြစ်ဒဏ်ချမှတ်နိုင်ပါသည်။[၁၃၉]

## ပုဒ်မ ၂၉၅(က) ဘာသာ သာသနာစော်ကားမှု

မြန်မာ့ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၉၅(က)တွင် ဘာသာရေးဆိုင်ရာ စိတ်ညှိုးနွမ်းမှုဖြစ်စေခြင်း၊ ဘာသာ သာသနာယုံကြည်မှုကို စော်ကားခြင်း တို့ကို ထောင်ဒဏ်နှစ်နှစ်အထိ ကျခံရနိုင်ကြောင်း

ပြဌာန်းထားသည်။[၁၂၀] ၂၀၁၄ ခုနှစ်တွင် နိုင်ငံရေးအရ အရေးယူမှုများအဖြစ် လူလေးဦးကို ဤဥပဒေအရ အရေးယူမှု အနည်းဆုံး နှစ်မှု ရှိခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က သတိပြုမိပါသည်။ ဗုဒ္ဓဘာသာကို အသုံးချ၍ ခွဲခြားဆက်ဆံမှုများကို တိုးပွားအောင်ပြုလုပ်နေခြင်းကို ဝေဖန်ပြောဟောပြောခဲ့သော ဦးထင်လင်းဦးနှင့် အွန်လိုင်းတွင် ၎င်းတို့၏ ဘားဆိုင်ကို နားကြပ်တပ်ထားသော ဗုဒ္ဓရုပ်ပုံတော်ဖြင့် ကြော်ငြာခဲ့သော ရန်ကုန်နိုက်ကလပ်တစ်ခုမှ လူသုံးဦးတို့၏ အမှုများ ဖြစ်သည်။[၁၂၁]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် အချက်အလက်များနှင့် အတွေးအခေါ်အယူအဆ အမျိုးမျိုး ပါဝင်ပြီး ယင်းတို့ထဲတွင် စော်ကားရာရောက်သည်ဟု ယူဆနိုင်သော အကြောင်းအရာမျိုးလည်း ပါဝင်သည်။[၁၂၂] ဘုရားသခင်ကို စော်ကားသောပြစ်မှုဆိုင်ရာ ဥပဒေအပါအဝင် ဘာသာတစ်ရပ်ရပ် ကိုးကွယ်ယုံကြည်မှု တစ်ခုခုကို မလေးစားရာရောက်သော အပြောအဆို အပြုအမူများကို တားမြစ်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်ခွင့်ပြုထားသော မူပေါင်များအတွင်းမှ ပြုလုပ်ခြင်းမဟုတ်လျှင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် ကိုက်ညီမှုမရှိဟု ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မီတီက ထောက်ပြထားသည်။  ဘာသာရေးခေါင်းဆောင်များကို ဝေဖန်ခြင်း၊ ဘာသာရေးအယူဝါဒများ၊ ကိုးကွယ်ယုံကြည်မှုများကို မှတ်ချက်ပြုပြောဆိုခြင်းများကို တားဆီးရန်၊ အရေးယူရန် ယင်းဥပဒေများကို အသုံးပြုခွင့်မရှိဟူ၍လည်း ကော်မီတီက အလေးအနက် ပြောထားပါသည်။[၁၂၃]

ထို့အပြင် ပုဒ်မ ၂၉၅(က) သည် ဘာသာသာသနာရေးဆိုင်ရာ စိတ်ညှိုးနွမ်းစေမှုကို မည်သည့်အရာ က ဖြစ်စေသည်ဆိုသော အချက်ကို ကိုယ်လိုသလို အဓိပ္ပါယ်ကောက်ယူစေနိုင်အောင် ကျယ်ပြောစွာ ဖွင့်ပေးထားပါသည်။ ထို့ကြောင့် ဥပဒေနှင့်ညီညွတ်ခြင်းဆိုသော စံသတ်မှတ်ချက်တစ်ခုနှင့် မကိုက်ညီပဲ ဖြစ်နေပါသည်။ ယင်းသတ်မှတ်ချက်အရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှုများကို ရှင်းလင်း၊ ပြည့်စုံပြီး အဓိပ္ပါယ်သတ်မှတ်ချက် တိတိကျကျ ရှိသော ဥပဒေများနှင့်သာ ပြုလုပ်ရမည်ဟု ပါရှိပါသည်။

**အသရေဖျက်မှု ပုဒ်မ ၄၉၉-၅၀၀**

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၉၉ ဖြင့် အသရေဖျက်မှုကို ပြစ်ဒဏ်မြောက်ကြောင်း ပြဌာန်းထားပြီး[၁၂၄] ပုဒ်မ ၅၀၀ အရ အမြင့်ဆုံးထောင်ဒဏ် နှစ်နှစ်အထိ ကျခံရမည်ဟု သတ်မှတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လူသိထင်ရှားသော ပုဂ္ဂိုလ်ဖြစ်စေ၊ သာမန်လူတစ်ဦး ဖြစ်စေ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းကို ဆန့်ကျင်ပြီး အသရေဖျက်မှုကို တရားမမှု တစ်ခုအဖြစ်သာ သတ်မှတ်စေလိုပါသည်။

ကုလသမဂ္ဂ၏ လွတ်လပ်သော အတွေးအခေါ်နှင့်ထုတ်ဖော်ပြောဆိုခွင့်များ တိုးမြှင့်ကာကွယ်ရေး ဆိုင်ရာ အထူး ကိုယ်စားလှယ်က အသရေဖျက်မှုမြောက်သည်ဆိုသော အပြုအမူများကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသော ဥပဒေများကို ပယ်ဖျက်ပြီး သိက္ခာကျ အသရေ ပျက်စေသည်ဟု ယူဆသောအမှုများကို တရားမမှုများ အဖြစ်သာ စွဲဆိုဆောင်ရွက်သွားကြရန်

တိုက်တွန်းထားပါသည်။[၁၂၅] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မီတီကလည်း နိုင်ငံများကို အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ ပယ်ဖျက်ပေးဖို့ တိုက်တွန်းထားပြီး မည်သို့ ပင်ဖြစ်စေ ထောင်ဒဏ်ချခြင်းမှာ သင့်တော်သော ပြစ်ဒဏ်ပေးခြင်းမျိုး မဟုတ်ဟုလည်း ဆိုထားပါသည်။[၁၂၆]

၂၀၁၄ ခုနှစ်မှစ၍ မိမိတို့၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် အခွင့်အရေးကို အသုံးချခဲ့သော လူများအား ရာဇဝတ်မှုမြောက်သော အသရေဖျက်မှု စွဲချက်များနှင့် စွဲဆိုခဲ့သည့် အမှု အနည်းဆုံး သုံးမှု ရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သတိပြုမိပါသည်။

- မြန်မာပို့စ်အပတ်စဉ်ဂျာနယ်မှ သတင်းသမားနှစ်ဦးကို မွန်ပြည်နယ်လွှတ်တော်မှ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် တစ်ယောက်နှင့် အင်တာဗျူး ဖော်ပြအပြီးတွင် ရာဇဝတ်မှုမြောက်သော အသရေဖျက်မှုဖြင့် ၂၀၁၅ မတ်လ ၁၈ ရက်နေ့က ထောင်ဒဏ် နှစ်စီ ချခံခဲ့ရသည်။ ၂၀၁၄ ဇန်နဝါရီလအတွင်းဖော်ပြခဲ့သော ဆောင်းပါးခေါင်းစဉ်တွင် ၎င်းပြောကြားချက်ကို လွဲမှားစွာ ဖော်ပြခဲ့သည်ဟု ဆိုပြီး လွှတ်တော်အမတ်က အယ်ဒီတာချုပ် သန်းထိုက်သူနှင့် ဒုတိယသတင်းထောက်ချုပ် စံမိုးထွန်းတို့ကို တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ နှစ်ဦးစလုံး ၂၀၁၅ မေလတွင် ပြန်လည်လွတ်မြောက် လာခဲ့ကြပါသည်။
- ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူ့ဘဏ္ဍာအလွဲသုံးစား ပြုလုပ်ခဲ့သည်ဆိုသော ဆောင်းပါး ဖော်ပြပါရှိခဲ့ပြီးသည့် နောက်တွင် ဒေးလီးအလဲဗင်းသတင်းစာမှ သတင်းသမား ငါးယောက် အသရေဖျက်မှုဖြင့် တရားစွဲဆိုခံရသည်။ ဤအစီရင်ခံစာ ရေးသားနေချိန်အထိ ၎င်းတို့အမှုမှာ ပြီးပြတ်ခြင်းမရှိသေးပါ။[၁၂၇]
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ယူနီဖောင်းအရောင်ကို အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ထဘီအရောင်နှင့် ခိုင်းနှိုင်းရေးသားချက်ပါသော ဓာတ်ပုံတစ်ပုံကို ဆိုရှယ်မီဒီယာပေါ်တွင်ဖော်ပြခဲ့မှုဖြင့် လှုပ်ရှားတက်ကြွသူ ချောစန္ဒီထွန်းကို အသရေဖျက်မှု၊ ၂၀၁၃ ဆက်သွယ်ရေးဥပဒေတို့ ဖြင့် ၂၀၁၅ အောက်တိုဘာလက တရားစွဲဆိုခဲ့သည်။ မအူပင်မြို့နယ်တရားရုံးက အသရေဖျက်မှု ပုဒ်မကို ဒီဇင်ဘာလ ၁၅ ရက်နေ့က ပယ်ဖျက်ပေးခဲ့သော်လည်း နောက်နှစ်ပတ်အကြာတွင် ၂၀၁၃ ဆက်သွယ်ရေး ဥပဒေဖြင့် သူ့ကို ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ်ချ ခဲ့သည်။ ယခုအခါ ချောစန္ဒီထွန်းသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ထောင်တွင် ရှိနေပါသည်။

အသရေဖျက်မှု၊ မဟုတ်မမှန်ပြောဆိုမှု၊ ဂုဏ်သတင်းညှိုးနွမ်းစေမှု၊ စော်ကားပြောဆိုမှုတို့နှင့် ဆက်စပ်သော ဥပဒေများ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဂုဏ်သိက္ခာထိခိုက်မှုများကို အကာအကွယ်ပေးရန်သာ ဖြစ်သင့်ပြီး အစိုးရကိုဝေဖန်မှုများကို တားဆီးရန် မဖြစ်သင့်ဟူ၍ ကုလသမဂ္ဂ၏ လွတ်လပ်သော အတွေးအခေါ်နှင့် ထုတ်ဖော်ပြောဆိုခွင့်များ တိုးမြှင့်ကာကွယ်ရေး ဆိုင်ရာ အထူး ကိုယ်စားလှယ်က အလေးအနက်ပြောထားသည်။ အသရေဖျက်မှု ဥပဒေများသည် လူထုအကျိုးစီးပွားနှင့် စပ်ဆိုင်သော ကိစ္စများတွင် လူထုက ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးနိုင်ရန် အရေးကြီးသည် ဟူသော အချက် ကိုလည်း ထင်ဟပ်စေသင့်သည်ဟု သူက ဆိုပါသည်။

လူထုအများသိ ပုဂ္ဂိုလ်များသည် သာမန်ပုဂ္ဂိုလ်များထက် ဝေဖန်ခံရမှုများကို ပို၍ ခံနိုင်ရည်ရှိသင့်သည်ဟူသော မူကိုလည်း သူက ဆက်၍ မီးမောင်းထိုးပြခဲ့ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မီတီကလည်း ယင်းအချက်များကို ထောက်ခံခဲ့သည်။ "အသရေဖျက်မှု ဥပဒေများကိုရေးဆွဲရာတွင် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်နှင့် လိုက်လျောညီထွေ ရှိစေရန် အလေးထား သင့်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ် ပိတ်ပင် ခြင်းမျိုး မဖြစ်သင့်ပေ" ဟု ဆိုထား ပါသည်။[၁၂၉]

သတင်းထောက်များ မီဒီယာသမားများကို ရာဇဝတ်မှုမြောက်သော အသရေဖျက်မှု စွဲချက်များနှင့် အရေးယူနေသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကအထူးသဖြင့် စိုးရိမ်မိပါသည်။ ဤကဲ့သို့ အရေးယူမှုများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေး၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သော သတင်းအချက်အလက် ရှာဖွေခွင့် ရယူခွင့်ကို ကြီးမားသော အဟန့်အတားဖြစ်စေနိုင်ပါသည်။ ဖမ်းဆီးထောင်ချ ခံရမည်ကို ကြောက်ရွံ့စိုးရိမ်ရသဖြင့် သတင်းသမားများ ကိုယ့်ဟာကိုယ် ဆင်ဆာပြုလုပ် ရခြင်းများ ဖြစ်လာ နိုင်စေပါသည်။[၁၃၀]

၂၀၁၃ ခုနှစ်တွင် အစိုးရသည် ဆက်သွယ်ရေးကဏ္ဍကို လွတ်လပ်ခွင့်များ ပေးလာသည့် လုပ်ငန်းတစ်ရပ်အဖြစ် ဆက်သွယ်ရေး ဥပဒေကို ပြဌာန်းခဲ့သည်။ ယင်းအချိန်က ဥပဒေကြမ်းတွင်ပါဝင်သော ပြဌာန်းချက်အမျိုးမျိုးသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လုံလောက်သော အကာအကွယ်မပေးပဲ အွန်လိုင်းတွင် တက်ကြွလှုပ်ရှားသူများနှင့် ဘလော့ဂါများကို နှုတ်ဆိတ်သွားအောင် လုပ်ရန် အသုံးချနိုင်သည်ကို စိုးရိမ်ရကြောင်း လူ့အခွင့်အရေးအဖွဲ့များက ထောက်ပြခဲ့ကြသည်။[၁၃၁]

၂၀၁၅ အောက်တိုဘာလတွင် အာဏာပိုင်များက လူအချို့ကို "အွန်လိုင်းပေါ်မှ အသရေဖျက်မှု" စွဲချက်များနှင့် တရားစွဲဆိုလာသောအခါ ယင်းစိုးရိမ်မှုများ အမှန်တကယ်ဖြစ်လာတော့သည်။ ယနေ့အထိ ၂၀၁၃ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ပါ အွန်လိုင်းပေါ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆိုခံရသူ အနည်းဆုံး ခြောက်ဦး ရှိနေပြီ ဖြစ်ပါသည်။ ငါးခုမှာ စစ်တပ်ကို အထူးသဖြင့် ကာကွယ်ရေး ဦးစီးချုပ်ကို သရော်ပြောင်လှောင်သည်ဟု ယူဆရသော အရေးအသားများ ဆိုရှယ်မီဒီယာပေါ်တွင် တင်ခဲ့ သောကြောင့် ဖြစ်သည်။ " ဆက်သွယ်ရေးကွန်ရက်   တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ် တစ်ဦး ဦး ‌းအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊မတရားတားဆီးကန့်ကွ က်ခြင်း၊ အသရေဖျက်ခြင်း၊နှောက်ယှက်ခြင် း၊ မလျော်ဩဇာသုံးခြင်း သို့မဟု တ် ခြိမ်းခြောက် ခြင်း" တို့ကို ကျူးလွန်ကြောင်းတွေ့ရှိရလျှင် ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်နိုင်သည်ဟု ပြဌာန်း ထားသည်။

နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိုသည်မှာ "အရုပ် အသံ နည်းလမ်းမျိုးစုံ၊ အီလက်ထရွန်နစ်နည်းဖြင့် ထုတ်ပြန်ခြင်း၊ အင်တာနက် အခြေပြု နည်းလမ်းများ" အထိ အကျုံးဝင်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သိထားပါသည်။[၁၃၂] အွန်လိုင်းပေါ်မှ အသရေဖျက်မှုဆိုသည်မှာလည်း အခြားဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြု၍ အသရေဖျက်ခြင်းကဲ့သို့ မှတ်ယူရမည်ဖြစ်သည်။ ဤကိစ္စ မှာလည်း

ရာဇဝတ်မှု တစ်ခုအဖြစ် မသတ်မှတ်ပဲ တရားမမှုအဖြစ်သာ စီရင်သင့်ပြီး ထောင်ဒဏ် ပြစ်ဒဏ်စီရင်ခြင်းမျိုး လုံးဝ မဖြစ်သင့်ပါ။

ထို့အပြင် ပုဒ်မ ၆၆(ဃ) တွင် မည်သည့် အပြုအမူများသည် အနှောက်အယှက်ပေးမှု၊ မလျော်သြဇာသုံးမှု၊ ခြိမ်းခြောက်မှုတို့ မြောက်ကြောင်း လုံလုံလောက်လောက် အဓိပ္ပါယ်ဖွင့်ဆို ပြမထားပါ။ ဤကဲ့သို့ မတိကျမှုများကြောင့် ဥပဒေကို လိုသလို ခွဲခြားသုံးစွဲမှုမျိုး ဖြစ်လာနိုင်ပါသည်။

**စစ်တပ်ကို သရော်လှောင်ပြောင်သော ဖေ့စ်ဘုတ် မက်ဆေ့ချ်ကြောင့် အဖမ်းခံရသော ငြိမ်းချမ်းရေး လှုပ်ရှားသူ**

**စစ်တပ်အကြီးအကဲကို လှောင်ပြောင်သော ဆိုရှယ်မီဒီယာ ပို့စ် တစ်ခုအတွက် အသက် ၄၃ နှစ်အရွယ် ကချင်ငြိမ်းချမ်းရေး လှုပ်ရှားသူ ပက်ထရစ်ခွန်ဂျာလီကို ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။**

ပက်ထရစ်ခွန်ဂျာလီကို ၎င်း၏နေအိမ်မှ ၂၀၁၅ ခု အောက်တိုဘာလ ၁၄ ရက်နေ့ ည ၇နာရီခွဲ ခန့်တွင် ဖမ်းဝရမ်းမပါပဲ လာရောက်ဖမ်းဆီးသွားခြင်းဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဓာတ်ပုံကို လူတစ်ယောက်က ခြေနင့်နင်းနေသော ပုံကို ဖေ့စ်ဘုတ်တွင် သူက မျှဝေခဲ့သဖြင့် ဖမ်းဆီးခြင်းဖြစ်ကြောင်းရဲများက သူ့ကို ပြောခဲ့သည်။ ဖေ့စ်ဘုတ် ပို့စ်မှ ဓာတ်ပုံအထက်တွင် ပက်ထရစ်ခွန်ဂျာလီက "*ဒီပုံကို မရှယ်ကြပါနဲ့၊ ရှယ်ရင် အဖမ်းခံရလိမ့်မယ်*" ဟု ရေးသားခဲ့သည်ဟုလည်း ရဲများက ပြောသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် သူ့ကို ၂၀၁၃ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အရ ထောင်ဒဏ် ခြောက်လချမှတ်ခဲ့သည်။ ယခုအခါ အင်းစိန်ထောင်တွင် ရှိနေပါသည်။

ပက်ထရစ်ခွန်ဂျာလီသည် အကျဉ်းထောင်အတွင်း ရှိနေစဉ်တွင် ကျန်းမာရေးဆိုးဝါးခဲ့သည်။ သွေးတိုး၊ အစာအိမ်ဝေဒနာနှင့် ပန်းနာရင်ကြပ်ရောဂါတို့ ခံစားခဲ့ရသည်။ အောက်တိုဘာလအတွင်းက သူ့ကို ထောင်တွင်းရှိ အထူးကြပ်မတ်ကုသဆောင်သို့ ရွှေ့ပြောင်းထားခဲ့ရသည်။ ကျန်းမာရေးအခြေအနေကြောင့် အာမခံပေးဖို့ ရှေ့နေများ၏ အကြိမ်ကြိမ် လျှောက်ထားချက်ကို လှိုင်မြို့နယ် တရားရုံးက ငြင်းပယ် ခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မီတီက ဖော်ပြချက်တစ်ခုခုသည် လူသိများထင်ရှားသူတစ်ဦးအား စော်ကားသည်ဟု ယူဆနိုင်ရုံမျှနှင့် အပြစ်ဒဏ်ချမှတ်နိုင်သည့် လုံလောက်သော အကြောင်းမရှိဟု ဆိုထားပါသည်။ စင်စစ်အားဖြင့် နိုင်ငံတစ်ခု၏ အုပ်ချုပ်ရေးအာဏာပိုင် အကြီးအကဲ၊ အစိုးရနှင့် အခြားထိပ်တန်းအရာရှိများအပါအဝင် လူသိများထင်ရှားသော ပုဂ္ဂိုလ်များသည် ဝေဖန်မှုနှင့် နိုင်ငံရေးအရ အတိုက်အခံပြုမှုတို့ကို တရားဝင်ခံရမည့် သူများ ဖြစ်ပါသည်။[၁၃၃] ပက်ထရစ်ခွန်ဂျာလီ၏ အမှုကဲ့သို့သော အမှုများက မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များကစ၍ တွေ့ခဲ့ရသော ပြုပြင်ပြောင်းလဲမှုများ ကြားတွင် စစ်တပ်ကို ဝေဖန်ခြင်း၊ အန္တရာယ်မရှိသော

သရော်လှောင်ပြောင်ခြင်းများ လောက်ကိုပင် လုပ်၍ မရသေးဆိုသည့် အချက်ကို ထင်ရှားစွာ သတိပေး နေပါသည်။

၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေကဲ့သို့ မကြာသေးခင်ကမှ ပြဌာန်းလိုက်သော ဥပဒေများနှင့် တက်ကြွလှုပ်ရှားသူများကို အရေးယူ ထောင်ဒဏ်အပြစ်ပေးခဲ့ခြင်းသည် မြန်မာနိုင်ငံတွင် ရှိနေသော ဥပဒေ အသစ်အဟောင်း များဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ဆို့တားဆီးနိုင်ကြောင်း ပြသလိုက်ခြင်း ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှား သူများသည် အချင်းချင်းဆက်သွယ်ရန်နှင့် သတင်းစကားများ မျှဝေရန် ဖေ့စ်ဘုတ်ကဲ့သို့သော ဆိုရှယ်မီဒီယာများကို အားကိုးရပါသည်။ ဤကဲ့သို့ လုပ်ခြင်းဖြင့် ထောင်ကျနိုင်သည်ဆိုသော ခြိမ်းခြောက်မှုကြောင့် ၎င်းတို့၏ အွန်လိုင်း လှုပ်ရှားမှုများကို လုပ်ဆောင်ရန် တွန့်ဆုတ်လာစေပြီး၊ ဒစ်ဂျယ်တယ်နယ်ပယ် ကျယ်ပြန့်လာသည်နှင့်အမျှ အာဏာပိုင်များကလည်း ၎င်းတို့၏ ဖိနှိပ်မှုနယ်ကို လိုက်တိုးချဲ့လာမည်ကို စိုးရိမ်မှုများ တိုးပွားစေပါသည်။

## ၁၉၀၈ ခုနှစ် တရားမဝင်အသင်းအဖွဲ့များ ဥပဒေ

၁၉၀၈ခုနှစ် တရားမဝင်အသင်းအဖွဲ့များ ဥပဒေအရ သမ္မတသည် အသင်းတစ်သင်း၊ အဖွဲ့အစည်းတစ်ခုအား ယင်းအသင်းအဖွဲ့သည် အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည် သို့မဟုတ် အန္တရာယ်ရှိသည်ဆိုသော အချက်ကို သက်သေပြစရာမလိုပဲ ၎င်း၏ တစ်ဦးတည်းသဘောဖြင့် တရားမဝင်အသင့် အဖြစ် ကြေညာနိုင်ခွင့်ရှိသည်။[၁၃၄] နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့် တို့ကို ဝင်ရောက်နှောက်ယှက်မှု မှန်သမျှသည် ဥပဒေနှင့်ညီညွတ်သော တိကျသည့်ရည်မှန်းချက်တစ်ခု အောင်မြင်အောင်လုပ်ဖို့ လိုအပ်ချက်အရသာ လုပ်ရပြီး ခြိမ်းခြောက်မှု အန္တရာယ်နှင့် မျှတအချိုးညီအောင်သာ ပြုလုပ်ရပါသည်။ ၁၉၀၈ ဥပဒေအရ မည်သည့်အဖွဲ့အစည်းကို တရားမဝင်ကြေညာထားသည်၊ မည်သည့်အဖွဲ့ကို ကြေညာထားခြင်းမရှိဆိုသည်မှာလည်း ရှင်းရှင်းလင်းလင်း မရှိပါ။ ဤအချက်မှာလည်း ဥပဒေနှင့် ညီညွတ်မှုဆိုသော စံနှုန်းကို ချိုးဖောက်ရာ ရောက်ပါသည်။ ဤ စံနှုန်းအရ ဥပဒေတစ်ရပ်သည် သေချာမှု၊ ကြိုတင်သိရှိနိုင်မှုတို့နှင့် ပြည့်စုံရပြီး တိကျမှုရှိမှ လူထုက မည်သည့်အရာကို တားမြစ်ထားသည်ဆိုသည်ကို သိနားလည်ကာ ၎င်းတို့၏ အပြုအမူများကို သင့်လျော်သလို ချင့်ချိန်ပြုလုပ်နိုင်မည် ဖြစ်သည်။ ဥပဒေကို မလိုက်နာမိလျှင် အချုပ်အနှောင်ခံရပြီး မိမိ၏ လွတ်လပ်မှုဆုံးရှုံးနိုင်သည့် အနေအထားတွင် ဤအချက်မှာ လွန်စွာအရေးပါ ပါသည်။

ဥပဒေတွင် ပေးထားသော အာဏာပိုင်များ စိတ်ကြိုက် ကျင့်သုံးနိုင်သည့် အခွင့်အာဏာများကြောင့် ယခင်ကလည်း အလုပ်သမားသမဂ္ဂများ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသားအဖွဲ့အစည်းများနှင့် ဘာသာရေး အသင်းအဖွဲ့များ မတရားအသင်း ကြေညာ ခံခဲ့ရပြီး အဖွဲ့ဝင်များလည်း ဤဥပဒေအရ ထောင်ဒဏ်ချမှတ် ခံခဲ့ရခြင်းများ ဖြစ်ခဲ့သည်။

ထို့အပြင် ၁၉၀၈ခု တရားမဝင်အဖွဲ့အစည်းများ ဥပဒေအရ မတရားအသင်း ကြေညာခံရသော အဖွဲ့ သို့မဟုတ် မှတ်ပုံတင်ခွင့် ငြင်းပယ်ခံရသောအဖွဲ့၏ ခေါင်းဆောင် သို့မဟုတ် အဖွဲ့ဝင်၊ တစ်ခါ

ယင်းအဖွဲ့နှင့် ဆက်စပ် ပတ်သက်သည်ဟု ယူဆခံရသူ တို့သည်လည်း ပုဒ်မ ၁၇ အရ ထောင်ဒဏ် နှစ်နှစ်မှ ငါးနှစ်အထိ ချမှတ်ခံရ နိုင်ပါသည်။[၁၃၅] မတရားသင်းကြေညာခံထားရသော အဖွဲ့နှင့် ဆက်စပ်မိသောသူ မည်သူမဆို ထောင်ချခံရနိုင်သည့်အတွက် အာဏာပိုင်များက ပုဒ်မ ၁၇ ကို နိုင်ငံရေးကိစ္စများအတွက် အသုံးချနိုင်ပါသည်။ ယင်းသို့သော အဖွဲ့တစ်ခု၏ အစည်းအဝေးတစ်ခုကို တက်ရောက်မိလျှင်ပင် ရာဇဝတ်မှု ကျူးလွန်ရာ ရောက်နိုင် နေသည့်အတွက် ဖြစ်ပါသည်။[၁၃၆]

ဥပမာ မန္တလေးမြို့မှ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး လှုပ်ရှားသူ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့သည် ၂၀၁၃ ဖွန်လက အခြားသူများနှင့်အတူ ကချင်ပြည်နယ်သို့ အများသိအောင်ကြေညာထားသော ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး ခရီးတစ်ခု သွားရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အဖမ်းခံကြရပါသည်။ ဇော်ဇော်လတ်ကို ၂၀၁၃ ခုနှစ်က ဆိုရှယ်မီဒီယာပေါ်တင်ခဲ့သည့် ၎င်း ကချင်ခရီးစဉ်အတွင်းက ရိုက်ယူခဲ့သော သေနတ်တစ်လက် ကိုင်ထားသည့် ဓာတ်ပုံနှင့်ပတ်သက်၍ စစ်မေးခဲ့သည်။ သူတို့နှစ်ဦးစလုံးသည် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဝင်များဖြစ်သည်၊ သို့မဟုတ် ယင်းအဖွဲ့၏ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်ဆိုသော နောက်ထပ် သက်သေ တစုံတရာမရှိပဲ နှစ်ဦးစလုံးကို ၁၉၀၈ခု တရားမဝင်အသင်းများ ဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ ဇော်ဇော်လတ်နှင့် ပွင့်ဖြူလတ်တို့ကို ၎င်းတို့၏ ဘာသာပေါင်းစုံ ချစ်ကြည်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးခဲ့သည်ဟု မြန်မာနိုင်ငံတွင်းမှ တက်ကြွလှုပ်ရှားသူများက ယုံကြည်ကြသည်။ နှစ်ဦးစလုံးကို လူဝင်မှုကြီးကြပ်ရေးဥပဒေများဖြင့် တရားစွဲဆို ထားပါသည်။ [၁၃၇]

မြေယာအရေးလှုပ်ရှားသူ စောမောင်ကြီးသည် ၈၈ မျိုးဆက်ကရင်ကျောင်းသားများအဖွဲ့ ကိုထူထောင်သူ ဖြစ်ပြီး ယခင်က ကရင်အမျိုးသားအစည်းအရုံး (ကေအင်ယူ) ၏ လက်နက်ကိုင်တပ်ဖွဲ့နှင့် ဒီမိုကရက်တစ် ကရင်မျိုးချစ် တပ်မတော် (ဒီကေဘီအေ) တို့၏ အဖွဲ့ဝင်ဖြစ်သည်။ သူနှင့် သူ့အဖွဲ့ဝင် ရှစ်ဦးတို့ကို ၂၀၁၅ ဇူလိုင်လ ၈ ရက်နေ့က သူတို့ ရုံးခန်းတွင် လာရောက် ဖမ်းဆီးခဲ့သည်။ ဒီကေဘီအေ အဖွဲ့ဝင်တစ်ယောက်နှင့် အဆက်အသွယ်ရှိသည်ဆိုကာ စောမောင်ကြီးကို ၂၀၁၅ နိုဝင်ဘာလတွင် ၁၉၀၈ခုနှစ် မတရားသင်းဥပဒေ ပုဒ်မ၁၇ ဖြင့် ထောင်ဒဏ်ချမှတ်ခဲ့သည်။ ၎င်း၏ မြေယာအခွင့်အရေးလှုပ်ရှားမှုများကြောင့် ယခုကဲ့သို့ အရေးယူခံရခြင်း ဖြစ်သည်ဟု အများက ယုံကြည် ကြသည်။[၁၃၈]

လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့် များအပေါ် ကန့်သတ်မှုများ ဖြေလျှော့နိုင်ရေး ရည်ရွယ်ချက်ဖြင့် ၂၀၁၄ ဇူလိုင်လတွင် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဥပဒေ အသစ်ကို ပြဌာန်းခဲ့သည်။ ဥပဒေအသစ်က အသင်းအဖွဲ့များ ဖွဲ့စည်းရေးနှင့် မှတ်ပုံတင်ရေးတွင် ယခင်က ရှိခဲ့သော အရေးပါသည့် အတားအဆီးများကို ဖယ်ရှားပေးခဲ့သည်။ ဥပမာ ယခုဆိုလျှင် အသင်းအဖွဲ့များ မဖြစ်မနေမှတ်ပုံတင်စရာ မလိုတော့သလို မှတ်ပုံမတင်ခြင်းသည်လည်း ရာဇဝတ်မှု မဟုတ်တော့ပါ။ သို့ရာတွင် ဥပဒေအကောင်အထည်ဖော်ရန် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ယခုအထိ မထုတ်ပြန်သေးသဖြင့် ဤဥပဒေအသစ်က လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့်ပတ်သက်ပြီး မည်မျှလောက် လေးစားမှုတိုးလာသည်လည်း ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရပါ။ ဥပဒေအသစ်၏

အရေးကြီးသော လိုအပ်ချက်တစ်ခုမှာ ၁၉၀၈ခု တရားမဝင်အသင်းများ ဥပဒေကို ဖျက်သိမ်းခြင်းမပြုခြင်း ဖြစ်သည်။ ထို့အပြင် ယင်းဥပဒေနစ်ခု ထိပ်တိုက် တွေ့လာလျှင် မည်သည့်ဥပဒေက ဦးစားပေး ဖြစ်မည် ဆိုသည်မှာလည်း မရှင်းလင်းသေးပေ။

## ၁၉၂၃ နိုင်ငံတော်လျှို့ဝှက်ချက် ဥပဒေ

၁၉၂၃ နိုင်ငံတော်လျှို့ဝှက်ချက် ဥပဒေသည် ဗြိတိသျှကိုလိုနီခေတ်ကတည်းက ရှိခဲ့သော ဥပဒေ ဖြစ်သည်။ ဤ ဥပဒေအရ အပြင်သို့ ပေါက်ကြားလျှင် "နိုင်ငံတော်၏ လုံခြုံရေး အကျိုးစီးပွားကို ထိခိုက်စေနိုင်သည်" ဟု ယူဆရသော စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များကို ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ထားခြင်း၊ လက်ခံရယူခြင်း နှင့် ဆက်လက်ဖြန့်ဖြူးခြင်းများသည် ရာဇဝတ်မှု မြောက်ပါသည်။ ဥပဒေ၏ စာသားများမှာ အနက်ကျယ်ဝန်းလှသဖြင့် မည်သည့်အရာကို "လျှို့ဝှက်အဆင့်" သတ်မှတ်ထားသည်ဆိုသည်ကို အစိုးရက ဆုံးဖြတ်ပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့် ပေးထားပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်လုံခြုံရေး အတွက် အန္တရာယ်မရှိနိုင်သော်လည်း "နိုင်ငံတော် အကျိုးစီးပွားနှင့် ဆန့်ကျင်နေသည်" ဟု ယူဆနိုင်သော သတင်းအချက်အလက်များ "ရယူ" ခဲ့သည့် မည်သူမဆို ထောင်ဒဏ်အချခံရနိုင်ပါသည်။ ဤဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေက ခွင့်ပြုပေးထားသော နိုင်ငံတော်လုံခြုံရေး အတွက် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည့် အခွင့်ထက် များစွာ ကျော်လွန်နေပါသည်။ ထို့အပြင် အများပြည်သူ သိသင့်သည် ဟူသော အခြေခံဖြင့် လျှို့ဝှက်ထားသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးနိုင်သည့် ပြဌာန်းချက်မျိုးလည်း ဤဥပဒေတွင် မပါဝင်ပါ။

ပြဌာန်းချက်များ ဖောက်ဖျက်မှုများအတွက် ရာဇဝတ်မှုနှင့် ပြစ်ဒဏ်အသီးသီးကို ပြဌာန်းထားပါသည်။ ဥပမာ ပုဒ်မ ၃ (၁)တွင် တားမြစ်ထားသော နေရာတစ်ခုကို ချဉ်းကပ်ခြင်း သို့မဟုတ် ဝင်ရောက်ခြင်း၊ "နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်အကျိုးစီးပွားထိခိုက်ခြင်း" တို့ ဖြစ်စေနိုင်မည့် သတင်းအချက်အလက်၊ စာရွက်စာတမ်းတို့ကို ရယူခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုလုပ်ပါက ထောင်ဒဏ် သုံးနှစ်မှ ၁၄ နှစ်အထိ ကျခံရနိုင်ပါသည်။

ယခင်အချိန်က စစ်အစိုးအာဏာပိုင်များသည် မြန်မာ့လူ့အခွင့်အရေး အခြေအနေကို သတင်းမီဒီယာများ၊ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများအား သတင်းအချက်အလက်ပေးပို့သော နိုင်ငံရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများကို ၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက် ဥပဒေကို အသုံးပြု၍ ထောင်ချခဲ့သည်။ ၂၀၁၁ ခုနှစ် ပြုပြင်ပြောင်းလဲရေးများ စတင်ခဲ့ချိန်မှ စ၍ ၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက် ဥပဒေကို ယူနတီ အပတ်စဉ်ဂျာနယ်မှ မီဒီယာသမား ငါးယောက် ကိုတရားစွဲရာတွင် သုံးစွဲခဲ့သည်။ သတင်းထောက်များ ဖြစ်သော **လူမော်နိုင်၊ ရာဇာဦး၊ ပိုင်သက်ကျော်၊ စည်သူစိုး**နှင့် ဂျာနယ်၏ အမှုဆောင်အရာရှိချုပ် **ဦးတင့်ဆန်း**တို့သည် ဤဥပဒေ ပုဒ်မ ၃(၁)(က) အရ ၂၀၁၄ ဇူလိုင်လ ၁၀ ရက်နေ့က အလုပ်နှင့်ထောင်ဒဏ် ၁၀နှစ်စီ ချမှတ်ခံခဲ့ရသည်။ နောက်ပိုင်းတွင် မကွေးတိုင်းတရားရုံးက ပြစ်ဒဏ်ကို အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်။

လျှို့ဝှက်ဓာတုလက်နက် စက်ရုံတစ်ခု ရှိနေသည်ဆိုသော ဆောင်းပါး ဖော်ပြခဲ့ပြီးနောက် ၎င်းတို့ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့ကို ဖမ်းဆီးပြီးနောက်တွင် ၎င်းတို့အား "နိုင်ငံတော် လျှို့ဝှက်ချက်ပေါက်ကြားမှု၊ စက်ရုံအတွင်း တားမြစ် နေရာသို့ ဝင်ရောက်မှု၊ ဓာတ်ပုံရိုက်မှုနှင့် အားပေးကူညီမှု" တို့ဖြင့် တရားစွဲဆိုထားကြောင်း နိုင်ငံပိုင်မီဒီယာများက အတည်ပြုခဲ့သည်။[၁၃၉]

၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက် ဥပဒေကို လွန်ခဲ့သည့် နှစ်နှစ်အတွင်း တစ်ကြိမ်သာအသုံးပြုခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သတိပြုမိပါသည်။ သို့သော်ယင်းဖြစ်ရပ်၏ ရိုက်ခတ်မှုမှာ ကျယ်ပြန့်ပါသည်။ ၂၀၁၅ ခုနှစ်ဇွန်လက မြန်မာနိုင်ငံတွင် မီဒီယာသမားများအပေါ်ကန့်သတ်မှုများအကြောင်း အစီရင်ခံစာ တစ်စောင်အတွက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မေးမြန်းခဲ့သော သတင်းစာဆရာများနှင့် မီဒီယာသမား အများအပြားက (ယူနတီဂျာနယ်) အမှုသည် မီဒီယာသမားအားလုံးကို "သတိပေးလိုက်ခြင်း" အဖြစ်ယူဆကြကြောင်း၊ အာဏာပိုင်များ မကြိုက်သော သတင်းများကို တင်ပြရာတွင် ၎င်းတို့အနေနှင့် "သတိလွတ်" ခဲ့လျှင် အလားတူ ခံရနိုင်သည်ဟု စိုးရိမ်ထိတ်လန့်မှုများ ရှိကြကြောင်း ပြောပြခဲ့ကြပါသည်။[၁၄၀]

ဖိနှိပ်ချုပ်ခြယ်သော ဥပဒေဟောင်းများသည် မပယ်ဖျက်သေးသမျှ အာဏာပိုင်များက ဆက်သုံးနေနိုင်သေးကြောင်း ယင်းအမှုက ပြသနေပါသည်။ ယခင်အစိုးရလက်ထက်က ယုံကြည်ချက်ကြောင့်အကျဉ်းချခံရသူများကို ဖမ်းဆီးပြစ်ဒဏ်ပေးရာတွင် အမြဲလိုလို အသုံးပြုခဲ့ပြီး ယနေ့အထိ မြန်မာ့ဥပဒေမူပေါင်ထဲတွင် ရှိနေသေးသော ဥပဒေများက လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကို အာဏာပိုင်များသည် ၎င်းတို့ကို အလွယ်တကူ ဖမ်းဆီးထောင်ချနိုင်သေးကြောင်း အမြဲသတိပေးလျှက်ရှိပါသည်။

# ၅။ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချနေမှု သံသရာ အဆုံးသတ်ရေး

"အခုတော့ ကိုယ်ဘာလုပ်သင့်သလဲ၊ ဘာမလုပ်သင့်ဘူးလဲ ဆိုတာ သေသေချာချာစဉ်းစားပြီး လှုပ်ရှားနေရပါတယ်။ ကိုယ်လည်း အဖမ်းခံရနိုင်တယ် ဆိုတဲ့အချက်က တစ်ခုခု မလုပ်ခင် နှစ်ခါစဉ်းစားရတယ်။ ကြောက်လို့တော့ မဟုတ်ဘူး၊ ထောင်ထဲမှာ အချိန်ကုန်မသွားချင်လို့၊ ကျွန်မတို့ နိုင်ငံအခြေအနေကောင်းလာအောင် လုပ်စရာတွေ အများကြီးရှိသေးတယ်။"

အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူတစ်ဦး [၁၄၁]

## ကောက်ချက်များနှင့် မြန်မာအစိုးရသစ်အတွက် အကြံပြုချက်များ

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများနှင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးခြင်းကို အာဏာပိုင်များက မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့် အခွင့်အရေးများအပေါ် ပို၍ လေးစားမှု ရှိလာသည့် အဓိက သာဓကများအဖြစ် မကြာခဏ ရည်ညွှန်း ပြောလေ့ ရှိပါသည်။ ၂၀၁၁ မတ်လမှ စတင်၍ လွတ်ငြိမ်းချမ်းသာခွင့်များ၊ သက်သာခွင့်များ စုစုပေါင်း အကြိမ်၂၀ ကြေညာခဲ့ပြီး နိုင်ငံရေးအကျဉ်းသားပေါင်း ၁၁၀၀ ကျော်[၁၄၂] ကို ပြန်လွှတ်ပေးခဲ့ပါသည်။[၁၄၃] "*အကျဉ်းကျခံနေရသူများသည်လည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် အခြားသူများနှင့်အတူ ပါဝင်နိုင်ရန်အတွက် လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်ပေးပြီး ပြန်လွှတ်ပေးခဲ့သည်*" ဟု မြန်မာအာဏာပိုင်များက ပြောပါသည်။[၁၄၄] သမ္မတဦးသိန်းစိန်က ပါလီမန်သို့ ပြောကြားသော ၎င်း၏ နောက်ဆုံး နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင်လည်း "*နိုင်ငံသားတိုင်း နိုင်ငံရေးလုပ်ငန်းစဉ် များတွင် ပါဝင်နိုင်ရန်အတွက် မိမိတို့အစိုးရသည်*

*ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကိုလည်း ပြန်လွှတ်ပေးခဲ့သည်"*
ဟုပြောကြားခဲ့သည်။[၁၄၅]
ဤကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်များ ပြစ်ဒဏ်လျှော့ပေါ့ ခွင့်လွှတ်ပေးမှုများကို ကြိုဆိုသော်လည်း ယင်းတို့မှာ လုပ်ချင်သည့်အချိန် လုပ်နေခြင်းဖြစ်သလို သိသာမြင်သာလည်း မရှိပေ၊ ထို့အပြင် လွတ်ငြိမ်းချမ်းသာခွင့်ကြေညာခြင်းကို အရေးပါသော နိုင်ငံရေးဖြစ်စဉ်တစ်ခု ရှိနေချိန်မျိုးတွင် နိုင်ငံရေးအရ အကျိုးအမြတ်အများဆုံး ရနိုင်မည့်အချိန်မျိုးတွင် ပြုလုပ်လေ့ရှိကြောင်း တွေ့ရသည်။[၁၄၆] မည်သည့်အချိန်တွင် မည်သည့်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကြေညာသည် ဆိုသည်ကို ရှင်းလင်းသော ဖော်ပြချက်မရှိသကဲ့သို့ မည်သည့် နိုင်ငံရေးသမားကို မည်သည့် စံသတ်မှတ်ချက်အရ လွှတ်ပေးသည်ဆိုခြင်းမှာလည်း ရှင်းလင်းမှု မရှိပါ။ ၂၀၁၁ ခုနှစ်မှ စတင်သော ပြုပြင်ပြောင်းလဲရေးကာလ၏ အစောပိုင်းနှစ်များက ကြေညာသော လွတ်ငြိမ်းချမ်းသာခွင့် များတွင်နိုင်ငံရေး အကျဉ်းသားများ အများအပြား ပါဝင် ခဲ့သည်။ လူထုနှင့် နိုင်ငံတကာက ဖိအားလျှော့လာ သည်နှင့်အမျှ လွတ်ငြိမ်းချမ်းသာခွင့်များလည်း ကျဲပါးသွားခဲ့သည်။

ယင်း လွတ်ငြိမ်းချမ်းသာခွင့်များ၏ အပြုသဘောသက်ရောက်မှုများမှာ မိမိတို့အခွင့်အရေး များကို အသုံးပြုရုံဖြင့် အဖမ်းခံနေရသော လူ့အခွင့်အရေး ကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများ ဆက်ရှိနေခြင်းကြောင့် အရာမထင်ပဲ ဖြစ်သွားရသည်။ ထို့အပြင် အကျဉ်းသားများကို အကန့်အသတ်ဖြင့်သာ ပြန်လွှတ်ပေးခဲ့မှုများကလည်း မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအရဖမ်းဆီးထောင်ချမှုများ ဆက်ရှိနေရသည့် အခြေခံအကြောင်းတရားများကို ရေရှည်အတွက် ဖြေရှင်းခြင်း မဖြစ်လာခဲ့ပါ။ လူ့အခွင့်အရေး ကာကွယ်သူများနှင့် အဖွဲ့အစည်းအတော်များများကလည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို "လွှတ်လိုက် ပြန်ဖမ်းလိုက် ဆုံလည်တံခါး" ဖြစ်နေရသော အခြေအနေ များကို သတိပြုမိကြပါသည်။ ၂၀၁၆ ခုနှစ် မတ်လအကုန်တွင် အန်အယ်ဒီအစိုးရ တက်လာပြီး အုပ်ချုပ်ရေးအဖွဲ့ အပြောင်းအလဲ ဖြစ်လာခြင်းသည် အကျဉ်းသားများကို တစ်ခါတစ်ခါမှ လွှတ်လိုက်လုပ်နေသည့် အခြေအနေထက် ပိုပြီး ဥပဒေနှင့်မညီ ထင်သလို ဖမ်းဆီးထောင်ချနေသည့် သံသရာအဆုံးသတ်သွားအောင် ပြုလုပ်နိုင်မည့် အရေးပါသော အခွင့်အလမ်းတစ်ခု ပေးနေပါသည်။ နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှုများ ဆက်လက် ပြုလုပ်နေနိုင်အောင် ဖန်တီးပေးထားသည့် အခြေခံအကြောင်းတရားများကို ကိုင်တွယ်ခြင်းဖြင့် အစိုးရသစ်သည် (ပြည်သူများ၏) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို လေးစားပြီး ထိန်းသိမ်းပေးရာ ရောက်ပါမည်။ လူ့အခွင့်အရေး ကာကွယ်သူများနှင့် အခြားတက်ကြွလှုပ်ရှားသူများသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပုံဖော်နိုင်ရေးတွင် အရေးပါသည့် ကဏ္ဍတွင်ရှိကြပါသည်၊ သို့သော် ၎င်းတို့ အကျဉ်းထောင်များထဲတွင် ရှိနေလျှင်၊ သို့မဟုတ် အဖမ်းခံရ၊ တရားစွဲခံရ၊ အကျဉ်းချခံရမည့် အန္တရာယ်နှင့် တစ်ချိန်လုံးရင်ဆိုင်နေရလျှင် တိုင်းပြည်အတွက် အလုပ်လုပ်နိုင်မည်မဟုတ်ပါ။

.

အစိုးရသစ်အနေနှင့် ဥပဒေများ၊ မူဝါဒများ၊ လက်တွေ့ လုပ်ဆောင်ချက်များတွင် အပြောင်းအလဲ များစွာ ပြုလုပ်ရပါလိမ့်မည်။ပထမဆုံး ခြေလှမ်းတစ်ခုမှာ နောင် အကျဉ်းသားလွှတ်ပေးများ အာလုံးကို ခြွင်းချက်မထားပဲ လုပ်ပေးခြင်းဖြစ်သည်။ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများ ရေးရာကော်မီတီကိုလည်း အသစ်ဖြစ်စေ၊ မူလရှိပြီးသားကို ပြန်လည်အသက်သွင်း၍ ဖြစ်စေ

ဖွဲ့စည်းပြီး ယုံကြည်ချက်အကျဉ်းသားအားလုံး ပြန်လွတ်လာစေရေး နှင့် ဤအစီရင်ခံစာတွင် ဖော်ပြခဲ့သော အခြေခံကျသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပံ့ပိုးမှုများပေးအပ်ရန် ဖြစ်သည်။ နောက်ဆုံးအနေနှင့် ယုံကြည်ချက်ကြောင့်အကျဉ်းကျခံ ခဲ့ရသူများ၊ နိုင်ငံရေး အကျဉ်းသားဟောင်းများ ရင်ဆိုင် ခဲ့ရသော ပြဿနာများမှာ အကျဉ်းထောင်တံခါးဝတွင် အဆုံးသတ်သွားသည်မဟုတ်ပါ။ အများစုမှာ မိသားစုထံပြန်ရောက်သွားကြချိန်တွင် အလုပ်အကိုင် ရရန် အခက်အခဲနှင့် ကြုံရခြင်း၊ ပညာရေးအခွင့်အလမ်း ကင်းမဲ့ခြင်းတို့ကို ရင်ဆိုင်ကြရသည်။ အစိုးရသစ်အနေနှင့် ၎င်းတို့အတွက် လျော်ကြေးရပိုင်ခွင့်၊ ပြန်လည် ထူထောင်ရေး အစီအစဉ်များတွင် ပါဝင်ခွင့်များကို စီစဉ်ပေးပြီး ပြန်လည်ကုစားခွင့် အခွင့်အရေး ရပိုင်ခွင့် ကိုလည်း လေးစားအသိအမှတ်ပြု ပေးသင့်ပါသည်။

## ၅.၁။ ခြွင်းချက်မရှိ ပြန်လွှတ်ပေးခြင်းများ

ယုံကြည်ချက်ကြောင့်အကျဉ်းကျခံ ခဲ့ရသူများ၊ နိုင်ငံရေး အကျဉ်းသားများ အများအပြားမှာ ခြွင်းချက်ဖြင့်သာ ပြန်လွှတ်ပေးခံရသူများ ဖြစ်ပါသည်။ ထို့ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်များ၊ ပြစ်ဒဏ်သက်သာခွင့်များဖြင့် ပြန်လွတ်လာပြီးချိန်တွင် ငြိမ်းချမ်းသော နိုင်ငံရေးလှုပ်ရှားမှု များကို ပြုလုပ်ခဲ့လျှင်ပင် ပြန်လည်အဖမ်းခံရပြီး ကျန်ရှိနေသေးသော ထောင်ဒဏ်များ ဆက်လက်ကျခံရ နိုင်ဖွယ်ရှိနေပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်များနှင့်ပြန်လွတ်လာသူများ အများစုမှာ ပြစ်မှုကျင့်ထုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၁ ကိုလက်မှတ်ထိုးခဲ့ကြရသည်။ ယင်းပုဒ်မတွင် -

*"နိုင်ငံတော်သမ္မတသည် ပြစ်မှုတစ်ခုခုကို မည်သည့် အချိန်အခါ၌မဆို ဆိုင်းငံ့ထားနိုင်ပြီး၊ စည်းကမ်းချက်ဖြင့် ဖြစ်စေ၊ စည်းကမ်း ချက်မထားရှိဘဲဖြစ်စေ ပြစ်ဒဏ်ကို လွတ်ငြိမ်းခွင့်၊ ချမ်းသာခွင့် ပေးခြင်း၊ ပြစ်ဒဏ်ကို လျှော့ပေါ့ စေရန် ပြစ်ဒဏ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကို ဖြစ်စေ ပြုလုပ်နိုင်ခွင့်ရှိသည်။"*

ပုဒ်မ ၄၀၁(၃) အရ ပြစ်ဒဏ်ကို လျှော့ပေါ့ပေးခဲ့သော အခြေအနေများ မပြည့်စုံဟု သမ္မတက ယူဆလျှင် သမ္မတသည် ပြစ်ဒဏ်လျှော့ပေါ့ပေးထားမှုကို ပယ်ဖျက်နိုင်ပြီး လွှတ်ပေးခဲ့သော အကျဉ်းသားဟောင်းကို ရဲအရာရှိတစ်ဦးက ဖမ်းဝရမ်းမပါဘဲ ပြန်လည် ဖမ်းဆီးနိုင်သည်။ ပြန်ဖမ်းခံရပြီးလျှင် ယခင်က ကျန်ရှိနေသေးသော ထောင်ကြွေးကျန် ပြစ်ဒဏ်ကို ဆက်ကျခံရနိုင်ပါသည်။ ဤပြဋ္ဌာန်းချက်က သမ္မတကို လူတစ်ဦးတစ်ယောက်၏ ပြစ်ဒဏ်လျှော့ပေါ့ချက်ကို ပယ်ဖျက်၍ ထောင်ဒဏ်ပြန်လည်ပေးနိုင်ခွင့် အာဏာများ ပေးအပ်ထားခြင်းဖြစ်သည်။ ဤကဲ့သို့သော အာဏာမျိုးမှာ တရားရေးအာဏာပိုင်များတွင်သာ ရှိရမည်ဖြစ်သည်။ ဤကဲ့သို့အာဏာမျိုးကို ထင်သလို အလွဲသုံးစားလုပ်ခြင်း ခွဲခြားသုံးစွဲခြင်းမပြုနိုင်အောင် ရှင်းလင်းသော အကာအကွယ်များလည်း ရှိထားရမည်ဖြစ်သည်၊ ထို့ပြင် ပွင့်လင်း မြင်သာသော အယူခံပိုင်ခွင့် လုပ်ငန်းစဉ်လည်း ရှိရမည် ဖြစ်သည်။

ယခုအထိ တစ်ဦးတစ်ယောက်ကို ပြန်လည်ဖမ်းဆီး၍ ကျန်ရှိနေသေးသော ထောင်ဒဏ်များ ပြန်လည် ကျခံစေခြင်းမျိုးရှိသည်ဟု အပြည့်ပြည့်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မသိရှိရသော်လည်း ခြိမ်းခြောက်မှုက ရှိနေဆဲဖြစ်ပြီး၊ ထောင်ထဲ ပြန်သွားရမည့် အလားအလာကို တက်ကြွလှုပ်ရှားသူများက စိုးရိမ်ကြောက်ရွံ့ကြပါသည်။ ရန်ကုန်ရှိလူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူ တစ်ဦးပြောပြသည်မှာ

> *"ခြွင်းချက်နဲ့ လွှတ်ပေးနေတာတွေ ရပ်သင့်ပါပြီ။ တက်ကြွလှုပ်ရှားသူတွေကို ဘာခြွင်းချက်မှ မထားပဲ လွှတ်ပေးသင့်တယ်။ ပြန်ဖမ်းခံရနိုင်တယ်ဆိုတဲ့ ခြိမ်းခြောက်မှုလည်း မလုပ်ပဲနဲ့ပေါ့၊ အဲဒီလိုမှ မဟုတ်ရင် သူတို့ ကြိုက်တာလုပ်လို့ရတယ်။ ထောင်ထဲကို နောက်ထပ် အနှစ် ၅၀-၆၀ လောက် ဝင်နေရနိုင်တယ်။"*[၁၄၇]

လွှတ်လိုက် ပြန်ဖမ်းလိုက်လုပ်နေသည့် ဆုံလည်တံခါး ကို အပြီး ပိတ်သွားစေရန် လိုအပ်ချက်တစ်ခုမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို ခြွင်းချက်မထားပဲ ပြန်လွှတ်ပေးပြီး ၎င်းတို့၏ ပြစ်မှုမှတ်တမ်းများကို ဖျက်ပေးခြင်းဖြစ်သည်။ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ ရယူသုံးစွဲမှု မလုပ် နိုင်အောင် ကန့်သတ်ထားသော ခြွင်းချက်များ မရှိသင့်သကဲ့သို့ ၎င်းတို့ မိမိအခွင့်အရေးများကို ရယူသုံးစွဲခြင်းအတွက် ပြစ်ဒဏ်ပေးခံရခြင်းမျိုးလည်း မရှိသင့်ပေ။

## ၅.၂။ ထိရောက်စွာ အလုပ်လုပ်နိုင်သော ယုံကြည်ချက် အကျဉ်းသား ကော်မီတီတစ်ခု

**၂၀၁၃ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်က "*တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသော လက်ကျန်နိုင်ငံရေး အကျဉ်းသားများကို စိစစ်၍ ပြန်လည်လွှတ်ပေးနိုင်ရန်*" ဆိုပြီး လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မီတီတစ်ခုကို ဖွဲ့စည်းခဲ့သည်။[၁၄၈] နိုင်ငံပိုင်သတင်းမီဒီယာများ၏ အဆိုအရ ကော်မီတီသည် "နိုင်ငံရေးအကျဉ်းသားများ၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ရေးဆွဲပြီး ကျန်ရှိနေသေးသော နိုင်ငံရေး အကျဉ်းသား များကို စိစစ်ပြီး ပြန်လွှတ်ပေးနိုင်ရေးအတွက် လုပ်ငန်းမူပေါင်များ ချမှတ်သွားပြီး တွေ့ရှိချက်များကို သမ္မတထံတင်ပြရန်" ဟူ၍ ဖော်ပြထားပါသည်။[၁၄၉]**

စိစစ်ရေးကော်မီတီဖွဲ့စည်းခြင်းကို နိုင်ငံရေးအကျဉ်းသား ဟောင်းများ၊ ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်များက သတိဖြင့် ကြိုဆိုခဲ့ကြသည်။ ယင်းနှစ်အကုန်ပိုင်းတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ အများအပြား ပြန်လွတ်လာခြင်း၊ ထင်ရှားသော နိုင်ငံရေးအကျဉ်းသားဟောင်းများ ကော်မီတီတွင် ပါဝင်လာခြင်းတို့က စိစစ်ရေးကော်မီတီ၏ လွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့အပေါ် မေးခွန်းထုတ်ခဲ့ကြသူများကို စိတ်အနည်းငယ် သက်သာရာ ရစေခဲ့သည်။

သို့ရာတွင် အချိန်သိပ်မကြာမီမှာပင် စိစစ်ရေး ကော်မီတီသည် ပြဿနာများ ရှိနေပြီး လိုအပ်ချက်များလည်း ကြီးကြီးမားမား ရှိနေသည်ကို တွေ့လာ ရသည်။ မည်သည့်ရည်ညွှန်းချက်ဖြင့် အလုပ်လုပ်သည်၊ မည်သည့် တာဝန်များ ပေးအပ်ထားသည် စသည့် ကော်မီတီ၏လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များမှ အစ မည်သည့်အချက်အလက်ကိုမျှ လူသိရှင်ကြား ထုတ်ပြန်ခဲ့ခြင်းမရှိသလို လုပ်ငန်းများနှင့် ပတ်သက်၍လည်း မည်သည့် အစီရင်ခံစာမျှ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ ကော်မီတီဝင်ဟောင်းများနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မေးမြန်းကြည့်ရာတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်များ မထုတ်ပြန်မီ ကော်မီတီနှင့်တိုင်ပင်မှု မရှိကြောင်းနှင့် မည်သူကို ပြန်လွှတ်ပေးသင့်သည်ဆိုသော အချက်များကိုလည်း ကော်မီတီက အကြံပြုခွင့် မရခဲ့ကြောင်း သိရသည်။ တစ်ဖန် အချို့သော ကော်မီတီဝင်များက အကျဉ်းသားများနှင့် တွေ့ဆုံခွင့်၊ အကျဉ်းထောင်မှတ်တမ်းများ ကြည့်ရှုခွင့်တို့ကို အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း ခွင့်ပြုချက်မရခဲ့သဖြင့် နိုင်ငံရေးအရဖမ်းဆီးခံထားရပြီး ပြန်လွှတ်ပေးသင့်သူများကို ခွဲခြားစိစစ်ရန် ကြိုးပမ်းချက်များ ကြီးမားသော အဟန့်အတားနှင့် ကြုံခဲ့ရသည်။ ၂၀၁၄ခုနှစ် နှစ်ကုန်သို့ရောက်သောအခါ စိစစ်ရေးကော်မီတီ ဆက်အလုပ်လုပ်နေသေးသလား ဆိုသည်ပင် မရှင်းလင်းတော့ပဲ ပြည်တွင်း ပြည်ပမှ ဝေဖန်မှုများ များစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ [၁၅၀]

၂၀၁၅ ဇန်နဝါရီလ ၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများရေးရာ ကော်မီတီဆိုသော ကော်မီတီအသစ်တစ်ခုကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ယင်းကော်မီတီတွင် အဖွဲ့ဝင် ၂၈ ဦးပါပြီး အောက်ခြေအဆင့်မှစ၍ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများအရေးကို ချက်ခြင်းစတင် ဆောင်ရွက်မည်ဟုဆိုပါသည်။[၁၅၁] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အပါအဝင် လူ့အခွင့်အရေး အဖွဲ့များက ကော်မီတီအသစ်သည် ကျန်ရှိနေသေးသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ နှင့် အခြားနိုင်ငံရေးအကျဉ်းသားများ အရေးကို ပြေလည်သွားအောင် အမှန်တကယ် စတင်ကြိုးပမ်း ဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော် ပြောခဲ့ကြသည်။[၁၅၂]

သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က သိရှိရသလောက် ကော်မီတီသည် ၂၀၁၅ ခုနှစ်အတွင်း တွေ့ဆုံခဲ့ခြင်းမရှိပဲ ကော်မီတီ၏ တာဝန်၊လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍လည်း မည်သည့်အချက်အလက်မျှ မသိရပါ။ ကော်မီတီ ဥက္ကဋ္ဌထံ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က နှစ်ကြိမ်တိုင်တိုင် စာရေးသားပြီး အချက်အလက် တောင်းခံခဲ့သော်လည်းမည်သည့် ပြန်ကြားချက်မျှ မရခဲ့ပါ။ ၂၀၁၅ ဒီဇင်ဘာလက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်တွင် အဆိုပါကော်မီတီအကြောင်း မေးမြန်းခဲ့ရာ ဥက္ကဋ္ဌက “*အဲဒီကော်မီတီက အလုပ်မလုပ်ပါဘူး*” ဟု ဖြေကြားခဲ့ပါသည်။[၁၅၃] သတင်းအချက်အလက် မရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု မတွေ့ရခြင်းတို့က အစောပိုင်းက ရှိခဲ့သော စိုးရိမ်မှုများဖြစ်သည့် ယင်းကော်မီတီကို ပြည်တွင်း ပြည်ပမှ ဝေဖန်မှုများကို လမ်းလွှဲရအောင် ပြန်လည်ဖွဲ့စည်းပြခဲ့ခြင်းသာ ဖြစ်ပြီး ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများ အရေးကို ဖြေရှင်းလို၍ မဟုတ်ဟူသော အချက်ကို ဖြစ်နိုင်ချေ ပိုများစေခဲ့သည်။[၁၅၄]

ဤကဲ့သို့ ချွတ်ယွင်းချက်များ ရှိနေသော်လည်း ယုံကြည်ချက်ကြောင့်အကျဉ်းကျနေရသူများရေးရာ ကော်မီတီကို ပြန်လည်အသက်သွင်းသည် ဖြစ်စေ၊ ကော်မီတီအသစ်တစ်ခုဖွဲ့စည်း သည်ဖြစ်စေ၊ ပွဲ့ပိုးမှုများ အသေအချာရှိပြီး ရှင်းလင်းသော တာဝန်နှင့် လုပ်ငန်းစဉ်ရှိမည်၊ လွတ်လပ်စွာ လုပ်ကိုင်နိုင်ပြီး ထိထိရောက်ရောက်လည်း ဆောင်ရွက်နိုင်မည်ဆိုလျှင် ယင်းကော်မီတီသည် နိုင်ငံရေးအရ အကျဉ်းချမှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရေတို ရေရှည်အတွက် ကိုင်တွယ်ဖြေရှင်းပေးသွားနိုင်မည့် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာနိုင်မည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယုံကြည်ပါသည်။

ကော်မီတီအသစ်ဖြစ်စေ၊ ပြန်လည်ဖွဲ့စည်းသော ကော်မီတီဖြစ်စေ ယင်းကော်မီတီသည် မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးရုံဖြင့် လွတ်လပ်ခွင့်များရုပ်သိမ်းခံလိုက်ရသောသူများ အားလုံး ပြန်လည်လွတ်မြောက်လာစေရေးအတွက် ၎င်းတို့၏ အမှုများကို ပြန်သုံးသပ်ရုံသာမက နောက်ထပ် ယုံကြည်ချက်ကြောင့်အကျဉ်းချခံရသူ အသစ်တစ်ဦးတစ်ယောက်မျှ မရှိလာစေရန် လောလောဆယ် တရားစွဲဆိုခံထားရပြီး အနာဂတ်တွင် ဥပဒေနှင့်မညီပဲ အကျဉ်းချခံလိုက်ရနိုင်သူများ၏ အမှု များကိုလည်း ပြန်လှန်သုံးသပ်သင့်ပါသည်။ နိုင်ငံရေးအရ အမှုများစွဲဆို ခံရသည်၊ မမျှတသော တရားစီရင်မှုခံရသည်ဟု ယူဆနိုင်သော သူများ၏ အမှုများကိုလည်း ပြန်လည်သုံးသပ်ပြီး ချက်ခြင်းပြန်လွှတ်ပေးသင့်သလား၊ သို့မဟုတ် နိုင်ငံတကာ တရားမျှတသော စီရင်မှု စံချိန်စံညွှန်းများနှင့်အညီ တရားစီရင်မှု ပြန်လုပ်သင့်သလားဆိုသည်များကို ဆုံးဖြတ်ပေးသင့်ပါသည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီး ထောင်ချနိုင်နေသည့် ဖစ်မြစ်အကြောင်းရင်းများကိုလည်း ကော်မီတီအနေနှင့် ကိုင်တွယ်ဖြေရှင်း သင့်ပါသည်။ ထို့ကြောင့် ကော်မီတီ၏ တာဝန်ထဲတွင် ယုံကြည်ချက်ကြောင့် အကျဉ်းချခံရသူများကို ဖမ်းဆီးရာတွင်အသုံးပြုသော ဥပဒေများအားလုံးကို စိစစ်ရန်အချက်ကိုလည်း ထည့်သွင်းသင့်သည်။ ပြီးလျှင် ယင်းဥပဒေများကို ဖျက်သိမ်းခြင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် လွှတ်တော်သို့ အကြံပြုတင်ပြရမည်။ ထို့အပြင် နိုင်ငံရေးအရ တစ်စုံတစ်ဦးကို ပြစ်မှုဆိုင်ရာဥပဒေများကို အသုံးပြု၍ ရာဇဝတ်မှုစွဲချက်များ တပ်နေခြင်း အဆုံးသတ်သွားစေရန် ကော်မီတီသည် အကြံပြုချက်များကို ရေးဆွဲ၍ သက်ဆိုင်ရာ အာဏာပိုင်များထံ တင်ပြသွားသင့်ပါသည်။

ယခင်ကရှိခဲ့သော စိစစ်ရေးကော်မီတီနှင့် ယုံကြည်ချက်အကျဉ်းသားရေးရာ ကော်မီတီများသည် ၎င်းတို့၏ တာဝန်၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အချက်အလက်မသိရခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းများ တွေ့ခဲ့ရသည်။ ကော်မီတီတစ်ခု အဓိပ္ပါယ်ပြည့်ပြည့်ဝဝ အလုပ်လုပ်နိုင်ဖို့ဆိုလျှင် ၎င်းတွင် ရှင်းလင်းတိကျသော တာဝန်ရှိရမည်ဖြစ်ပြီး ယင်းတာဝန်ကိုလည်း အများသိအောင်ထုတ်ပြန်ထားရမည်။ လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ပြီး လုပ်ဆောင်ချက် များကိုလည်း ပုံမှန် အစီရင်ခံစာ ထုတ်ပြန်ပေးရမည် ဖြစ်သည်။

ကော်မီတီအဖွဲ့ဝင်များကိုလည်း သင့်တော်သော သတ်မှတ်ချက်များအလိုက် ရွေးချယ်ရမည်၊ နိုင်ငံရေးအရ ဖမ်းဆီး အကျဉ်းချမှုများနှင့် ပတ်သက်ပြီး

နားလည်ကျွမ်းကျင်မှုရှိသူများပါဝင်သင့်သကဲ့သို့ လူထုအခြေပြုအဖွဲ့များကို ကိုယ်စားပြုသူများ၊ ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများလည်း ပါဝင်သင့်ပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းများထဲတွင် အမျိုးသမီးများလည်း အများအပြားပါဝင်သည့်အပြင် နိုင်ငံရေးအရဖမ်းဆီး ထောင်ချခံရသူများထဲတွင် မိသားစုဝင်များလည်း အများအပြားပါဝင်နေသဖြင့် ကော်မီတီထဲတွင် အမျိုးသမီးနှင့် ကလေးအခွင့်အရေး ဆိုင်ရာ ကျွမ်းကျင်သူများလည်း ပါဝင်သင့်ပါသည်။

.

ဤကဲ့သို့ ကော်မီတီတစ်ရပ်သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ဖမ်းဆီး အကျဉ်းချမှုများ သံသရာ ရပ်တန့်သွားအောင် နောက်ထပ် အဖြေများရှာ၍ အကောင်အထည်ဖော် ဆောင်ရွက် သွားနိုင်ပါသည်။ သို့သော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အစိုးရအပိုင်းကပါ နိုင်ငံရေးဆန္ဒရှိရှိဖြင့် ဤပြဿနာကို အခြေခံအကြောင်းရင်းများမှ စတင်၍ ဖြေရှင်းမှသာ ရေရှည်အတွက် အလုပ်ဖြစ်နိုင်သော အဖြေတစ်ခု ရလာမည် ဖြစ်ပါသည်။

## ၅.၃။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရသူများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ထောက်ပံ့ကူညီခြင်း

ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများသည် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာပြီးချိန်တွင်လည်း ထောင်တွင်းနေခဲ့ရသော အခြေအနေများနှင့် ထောင်ထွက်ဆိုသော အမည်ကြောင့် ပြဿနာ များစွာနှင့် ဆက်လက်ရင်ဆိုင်ကြရသည်။ အချို့မှာ ၎င်းတို့နေထိုင်ရာ နယ်မြေအတွင်း အခြားသူများ၏ ဆက်ဆံမှုပုံစံကြောင့် စိတ်ဒုက္ခရောက်ကြရသလို ပညာဆက်သင်ယူရန် ကျောင်းအပ်သည့်အခါမျိုး၊ အလုပ်အကိုင်ရှာဖွေသည့် အခါမျိုးတွင်လည်း အခက်အခဲများနှင့်ရင်ဆိုင်ကြရသည်။ ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများက ၎င်းတို့ နိုင်ငံကူးလက်မှတ် ရရှိရန် ခက်ခဲကြောင်း၊ ထောင်ကပြန်လွတ်လာအပြီး နိုင်ငံခြားကို ထွက်ပြေးသွားကြသူများသည်လည်း မြန်မာနိုင်ငံသို့ ပြန်လာရန် ပြည်ဝင်ခွင့်ဗီဇာ ရရှိရန် ခက်ခဲကြောင်း ပြောပြကြပါသည်။

သက်မွေးဝမ်းကြောင်းအတွက် အလုပ်အကိုင်ရရှိရန် အခက်အခဲရှိသဖြင့် အများစုမှာ ဆင်းရဲနွမ်းပါး နေကြပါသည်။ နောက်တဖန် အရေးကြီးသော အချက်တစ်ချက်မှာ၊ အခန်း၂ တွင်ဖော်ပြခဲ့သကဲ့သို့ ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများ အများအပြားသည် နှိပ်စက်ခံခဲ့ရခြင်း၊ တစ်ယောက်ထဲ ကာလတာရှည် ချုပ်နှောင်ခံခဲ့ရခြင်း အစရှိသည့် ညှင်းပမ်းမှု အမျိုးမျိုးကို ခံခဲ့ကြရသဖြင့် ခန္ဓာကိုယ်တွင်ရော စိတ်ပိုင်းဆိုင်ရာအရပါ ကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်နေကြရပါသည်။ ချုပ်နှောင်ခံနေရစဉ်အတွင်း နှိပ်စက်ညှင်းပမ်းခံခဲ့ရမှုများနှင့် တိုက်ရိုက်ဆက်နွယ်နေသော ကျန်းမာရေးဆိုးဝါးမှုကို ခံနေကြရကြောင်း  ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုဝင်များက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြကြပါသည်။

နှိပ်စက်ညှင်းပမ်းခံခဲ့ရသူများအတွက် ဆေးကုသစရိတ်ကူညီထောက်ပံ့ပေးခြင်း နစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်နေသော အဖွဲ့တစ်ခုမှ အဖွဲ့ဝင်တစ်ဦး ပြောပြသည်မှာ -

*"နိုင်ငံရေးအကျဉ်းသားဟောင်းတွေ တော်တော်များများ ကျန်းမာရေးဆိုးနေကြတယ် (ထောင်ထဲမှာ ခံခဲ့ရတဲ့ ဒဏ်တွေ ကြောင့်ပေါ့)။ အရိုက်ခံခဲ့ရတဲ့သူတွေက ခါးနာတဲ့ရောဂါတွေ ဖြစ်နေတယ်။ တချို့ကျတော့လည်း ထောင်ထဲမှာ နစ်ရှည် အစားအသောက် အညံ့တွေချည်း စားခဲ့ရတော့ ဗိုက်အောင့်တာတွေ ခဏခဏဖြစ်ကြတယ်။ တချို့ကျတော့လည်း မှောင်နေတဲ့ အခန်းလေးတွေထဲမှာ စာဖတ်ဖို့ ကြိုးစားခဲ့ရတော့ မျက်စေ့ဝေဒနာတွေ ခံနေရတယ်။"* [၁၅၅]

သို့ရာတွင် ၎င်းတို့အား ဆေးဝါးကုသပေးသည့် အစိုးရအစီအစဉ်ဟူ၍ မရှိပါ။ ထို့အပြင် ယုံကြည်ချက် အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများအတွက် ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အစိုးရက အထောက်အပံ့ပေးခြင်းမျိုးလည်းမရှိပါ။ ပညာသင်ယူ နိုင်ရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် လိုအပ်သော ကူညီထောက်ပံ့မှုမျိုးလည်း မရရှိကြပါ။

ထို့အပြင် နှိပ်စက်ခြင်းနှင့် ညှင်းပမ်းခြင်းများသည် နိုင်ငံတကာဥပဒေအရ ပြစ်မှုမြောက်ပါသည်။ ထို့ကြောင့် နှိပ်စက်ညှင်းပမ်းခံရကြောင်း တိုင်တန်းမှုများရှိလာလျှင် မြန်မာအာဏာပိုင်များ အနေနှင့် စုံစမ်းစစ်ဆေးပြီး ကျူးလွန်သည်ဟု ယုံကြည်ရသူများကို တရားစွဲဆို အရေးယူရမည့် တာဝန်ရှိပါသည်။ နှိပ်စက်ညှင်းပမ်းမှု ပြုလုပ်ရန်တိုက်ရိုက်အမိန့်ပေး စေခိုင်းခဲ့သူများ၊ ကိုယ့်လက်အောက်မှ လူများက ဤကဲ့သို့ နှိပ်စက်ညှင်းပမ်းမှုများ ကျူးလွတ်ကြောင်း သိခဲ့သူ၊ သိရှိသင့်သူ၊ သိရှိပြီး တားဆီးရန်၊ ရပ်တန့်ရန်၊ သတင်းပို့ရန် ပျက်ကွက်သူများ အားလုံးတွင်တာဝန်ရှိပါသည်။ နှိပ်စက်မှုနှင့် ညှင်းပမ်းမှု ပုံစံအမျိုးမျိုးခံခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုများသည် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို အပြည့်အဝ ရယူခံစားခွင့်နှင့် လျော်ကြေးများ ရပိုင်ခွင့်တို့ ရှိပါသည်။

### ထိထိရောက်ရောက် ပြန်လည်ကုစားခွင့် ရပိုင်ခွင့်

**နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ** လွတ်လပ်ခွင့်အခွင့်အရေးများ ဆုံးရှုံးခဲ့ရသော လူတစ်ဦးသည် ပြန်လည်ပြင်ဆင်ခွင့် ထိရောက်သော ကုစားခွင့် အခွင့်အရေးများ ရရှိအောင် နိုင်ငံတော်က စီစဉ်ပေးရပါမည်။ [၁၅၆] တာဝန်ရှိသူ တစ်ဦးဦးက ချိုးဖောက်ကျူးလွန်သောကြောင့် မိမိ၏ လွတ်လပ်ခွင့် အခွင့်အရေးများ ဆုံးရှုံးခံခဲ့ရသူ မည်သူမဆိုလည်း ပြန်လည်ကုစားခွင့်ကို ရပိုင်ခွင့်ရှိသည်။ ကုစားခွင့်ဆိုသည် အထဲတွင် ပြန်လည်ပြင်ဆင်ပေးပိုင်ခွင့်လည်း ပါဝင်သည်။ ဤကဲ့သို့ ပြန်လည်ပြင်ဆင်ပေးရန် အဆုံးအဖြတ်ကို ကျွမ်းကျင်သော တရားရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေရေးရာ အာဏာပိုင်များက ပြုလုပ်ရမည် ဖြစ်ပြီး ပေးရန်ဆုံးဖြတ်ပါက သက်ဆိုင်ရာက

လိုက်နာဆောင်ရွက်ရန်လည်း သင့်တော်သော အာဏာပိုင်များက ကြပ်မတ်ပေးရမည်ဖြစ်သည်။ ပြန်လည်ပြင်ဆင်ပေးခြင်းဆိုသည့်အထဲတွင် ဥပဒေအရ ပြန်လည်အပ်နှင်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း၊ ကြေနပ်အောင် ပြုလုပ်ပေးခြင်းနှင့် နောက်ထပ်အမှားမပြုတော့ကြောင်း အာမခံပေးခြင်းတို့ ပါဝင်သည်။[၁၅၇]

**ဥပဒေအရ ပြန်လည်အပ်နှင်းခြင်း -** အကျဉ်းသားများကို ပြန်လွှတ်ပေးပြီး ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများကို ပြန်လည်ပေးအပ်ခြင်း၊ ၎င်းတို့ပိုင် ပစ္စည်းများ ပြန်ပေးခြင်းနှင့် မူလအဆင့်အတန်း ပြန်ရောက်စေခြင်း

**လျော်ကြေးပေးခြင်း -** ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ဖြစ်ခြင်း၊ အခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းရမှုများနှင့် ကျန်းမာရေးနှင့် တရားရေးဆိုင်ရာ ကုန်ကျစရိတ်များအတွက်

**ပြန်လည်ထူထောင်ပေးခြင်း -** ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကုသမှု၊ ဥပဒေရေးရာနှင့် လူမှုရေးဝန်ဆောင်မှုနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည် ဝင်ရောက်နိုင်စေမှု

**ကြေနပ်စေခြင်း -** ဆက်လက် ချိုးဖောက်မှုများ ရပ်စဲခြင်း၊ နောက်ထပ် ထိခိုက်မှုထပ်မရှိစေတော့ပဲ အမှန်တရားကို လူသိရှင်ကြားထုတ်ပြောခြင်း၊ ထိခိုက်စေခဲ့မှုအတွက် ဝန်ချတောင်းပန်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများအတွက် အသိအမှတ်ပြုခြင်းနှင့် အမှတ်တရ အထိမ်းအမှတ်ပြုခြင်း

**နောက်ထပ်ချိုးဖောက်မှု မဖြစ်စေတော့မည့်အကြောင်း အာမခံချက် -** စစ်တပ်နှင့် လုံခြုံရေးတပ်များကို အရပ်ဘက် ထိန်းချုပ်မှုအောက်တွင်ထားခြင်း၊ တရားစီရင်မှုများကို နိုင်ငံတကာ စံနှုန်းနှင့်အညီ စနစ်တကျရှိစေခြင်း၊ မျှတ၍ ဘက်လိုက်မှု ကင်းစေခြင်း၊ တရားစီရင်ရေးကဏ္ဍ လွတ်လပ်မှုကို ခိုင်မာအားကောင်းစေခြင်း

ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများသည် ဥပဒေအရ ပြန်လည်အပ်နှင်းသော အခွင့်အရေးများရရှိခြင်း၊ လျော်ကြေးများရရှိခြင်း၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များ ရယူပိုင်ခွင့်ရှိခြင်းနှင့် ၎င်းတို့၏ ပြန်လည် ကုစားပိုင်ခွင့်များကို အသစ်တက်လာသည့် အစိုးရ အနေနှင့်လည်း လေးစားလိုက်နာပေးဖို့ အထူး လိုအပ်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က ယူဆပါသည်။

## ၅.၄။ အခြား အကြံပြုချက်များ

နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချနေမှု သံသရာ ရပ်တန့်သွားအောင် ဥပဒေ၊ မူဝါဒနှင့် လုပ်ကိုင်ပုံများ အပြောင်းအလဲ လုပ်ရန် အပါအဝင် မြန်မာအာဏာပိုင် များနှင့် နိုင်ငံတကာ အလှူရှင်များ အတွက် အပြည်ပြည် ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အသေးစိတ် အကြံပြုချက်များကို အောက်တွင်ဖော်ပြထားပါသည်။

### မြန်မာအာဏာပိုင်များအတွက် အကြံပြုချက်

- မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးမှု ပြုရုံဖြင့် ဖမ်းဆီးခံထားရသော လူအားလုံးကို ချက်ခြင်း ခြွင်းချက်မရှိပြန်လွှတ်ပေးရန်၊ မိမိတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံဖြင့် ထောင်ဒဏ်အပြစ်ပေးခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသူများအတွက် ၎င်းတို့အပေါ် စွဲဆိုထားသော စွဲချက်များအား ရုပ်သိမ်းပေးရန်၊ မိမိတို့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးခဲ့မှုဖြင့် တရားစွဲဆိုအရေးယူခံခဲ့ရသူများ၏ ပြစ်မှု မှတ်တမ်းများကို ပယ်ဖျက်ရန်။

- အထက်တွင်ဖော်ပြခဲ့သော အမျိုးအစားတွင်မပါဝင်သော်လည်း နိုင်ငံရေးအရ တရားစွဲဆို အရေးယူပြီး မျှတသောတရားစီရင်မှု မရခဲ့သည့် အမှုများအားလုံးကိုလည်း ပြန်လည်သုံးသပ်ပြီး ပြန်လွှတ်ပေးသင့်သလား၊ သို့မဟုတ် နိုင်ငံတကာ မျှတသောတရားစီရင်မှု စံနှုန်းများနှင့် ညီညွတ်သော တရားမျှတသည့် စီရင်မှု ချက်ခြင်း ပြန်လုပ်သင့်သလား ဆိုသည်ကို ဆုံးဖြတ်ပေးရန်

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့် အခွင့်အရေးများကို ချိုးဖောက်သော ဥပဒေများ အားလုံးကို ဖျက်သိမ်းရန် သို့မဟုတ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန်၊ ယင်းဥပဒေများအထဲတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ဥပဒေ၊ ၁၉၀၈ တရားမဝင်အသင်းများ ဥပဒေ၊ ၂၀၁၃ ဆက်သွယ်ရေး ဥပဒေ နှင့် ၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေ နှင့် အခြားဥပဒေ များသည်လည်း နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် ပြုလုပ်ရန်၊ ယင်းဥပဒေများကို နိုင်ငံတကာ စံညွှန်းများနှင့် ညီညွတ်အောင် မပြင်ဆင်ရသေးမီ အချိန်တွင် မည်သူတစ်ဦးတစ်ယောက် ကိုမျှ ယင်းဥပဒေ ပြဋ္ဌာန်းချက်များဖြင့် အရေးယူ ဖမ်းဆီးခြင်းမပြုလုပ်ရန်

- ဖိနှိပ်ချုပ်ချယ်သော ဥပဒေများကို အသုံးပြု၍ လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှား သူများအား အနှောက်အယှက်ပေးခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ပြစ်မှုစွဲချက်ဖြင့်

ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန်၊ ၎င်းတို့၏ အရေးပါသော တရားဝင်လုပ်ငန်းများကို အန္တရာယ်ကင်းကင်းနှင့် လုပ်ဆောင်နိုင်ခွင့်ရစေရန်

- ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများ၊ ၎င်းတို့၏ မိသားစုများ အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ လိုအပ်သလို ခန္ဓာကိုယ်အပိုင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဆေးဘက်အကူအညီနှင့် ဆေးဝါးကုသမှုများ၊ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ ထောက်ပံ့မှုများကို ပေးနိုင်ရန်အတွက် ချက်ခြင်းစတင် ဆောင်ရွက်ရန်၊ ယင်းအစီအစဉ်များကို ယုံကြည်ချက် အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသား ဟောင်းများ၊ ၎င်းတို့ကို ကိုယ်စားပြုသူများ၊ မိသားစုဝင်များနှင့် အပြည့်အဝ တိုင်ပင်ပြီးမှ စီစဉ်ရေးဆွဲရန်

- ၎င်းတို့ နှိပ်စက်ညှင်းပမ်းခံရသည်ဟူ၍ အကျဉ်းကျ ခံနေရသူများ၊ အကျဉ်းသားဟောင်းများ၊ ထိန်းသိမ်းခံခဲ့ရသူများက တိုင်ကြားမှုများ ရှိလာလျှင် ယင်းတိုင်ကြားမှုများ အားလုံးကို လွတ်လပ်၍ ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုများ ချက်ခြင်း ပြုလုပ်ရန်၊ သေဒဏ် ပြစ်ဒဏ်ချခံထားရသူများ အပါအဝင် ချုပ်နှောင်ဖမ်းဆီးခံနေရသူများ၊ အကျဉ်းကျခံနေရသူများ အားလုံးကို အကျဉ်းသားများကို ဆက်ဆံရေးဆိုင်ရာ နယ်လဆင်မန်ဒဲလား စည်းမျဉ်းများ နှင့် အညီ ဆက်ဆံရန်

- အနာဂတ်တွင် တရားစီရင်မှုအားလုံး နိုင်ငံတကာစံချိန်အတိုင်း မျှတမှုရှိစေရေးအတွက် တရားသူကြီးများ၊ ဥပဒေအရာရှိများ နှင့် အခြားအရာရှိများကို လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်လေ့ကျင့် သင်တန်းပေးခြင်း အပါအဝင် လိုအပ်သော ဥပဒေဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် အခြား လုပ်ငန်းများကို ဆောင်ရွက်ရန်

- လူမှုရေးနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ညှင်းပမ်းနှိပ်စက်ခြင်း နှင့်အခြား ရက်စက်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသော ဆက်ဆံခြင်း၊ ပြစ်ဒဏ်ပေးခြင်းများကို ဆန့်ကျင်သော ကုလသမဂ္ဂပဋိညာဉ်များနှင့် အခြားဆက်နွယ်ရာ စာချုပ်များကို မြန်မာက အဘတ်နိုင်ဆုံး အစောဆုံး အချိန်တွင် ခြွင်းချက်မရှိ ပါဝင်လက်မှတ် ထိုးရန်

- ကုလသမဂ္ဂ၏ လွတ်လပ်သော အတွေးအခေါ်နှင့် ထုတ်ဖော်ပြောဆိုခွင့်များဆိုင်ရာ အထူး ကိုယ်စားလှယ်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တို့ကို မြန်မာနိုင်ငံသို့ အချက်အလက်ရှာဖွေရေး ခရီးစဉ်များ လာရောက်နိုင်ရေးအတွက် ဖိတ်ခေါ်ရန်၊ ၎င်းတို့အား အတားအဆီးမရှိ တစ်နိုင်ငံလုံးသို့ သွားခွင့်ပေးပြီး အစိုးရအရာရှိများ၊ ဥပဒေထိန်းသိမ်းရေးအရာရှိများနှင့်

တရားရေးအရာရှိများနှင့်သာမက နိုင်ငံရေးအရ ဖမ်းဆီး ထိန်းသိမ်းခံနေရသူများ၊ ထောင်ချခံထား ရသူများ၊ ၎င်းတို့၏ မိသားစုများ၊ ၎င်းတို့ကို ကိုယ်စားပြုသူများ စသော သက်ဆိုင်သူများ အားလုံးနှင့် လွတ်လပ်စွာတွေ့ဆုံခွင့် ပေးရန်

- လူ့အခွင့်အရေး မဟာမင်းကြီး ရုံးတစ်ရုံး မြန်မာနိုင်ငံတွင်ဖွင့်လှစ်ရေးကို ဆောလျင်စွာ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပြီး လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ် နိုင်ရေး အတွက် အပြည့်အဝပေးအပ်ထားသော လုပ်ပိုင်ခွင့်ဖြင့် တစ်နိုင်ငံလုံးတွင် လုပ်ငန်းများ ဆောင်ရွက်ခွင့် ပြုရန်

## ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူများရေးရာ ကော်မီတီနှင့် ဆိုင်သော အကြံပြုချက်များ

နိုင်ငံရေးအရ ရည်ရွယ်ချက်များနှင့် ဥပဒေနှင့်မညီ စိတ်ထင်သလို ဖမ်းဆီး ထောင်ချမှုများ အဆုံးသတ်သွားစေရေးအတွက် ရေရှည် စနစ်တကျအပြောင်းအလဲများလုပ်ဆောင်နိုင်ရန် မြန်မာအစိုးရသည် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံ ရသူများရေးရာ ကော်မီတီကို ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ကော်မီတီအသစ်တစ်ရပ်ဖွဲ့စည်းခြင်း ပြုလုပ်ပြီး အောက်ပါလုပ်ပိုင်ခွင့် တာဝန်များ အပ်နှင်းသင့်ပါသည်

- မိမိတို့၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးမှု ပြုရုံဖြင့် လွတ်လပ်မှုဆုံးရှုံးခံနေရသော သူများအားလုံးကို ပြန်လွှတ်ပေးပြီး ၎င်းတို့အပေါ် စွဲဆိုထားသော အမှုများ ရုပ်သိမ်း ပေးနိုင်စေရေး အတွက် ၎င်းတို့၏ အမှုများကို ပြန်လည်စိစစ် သုံးသပ်ရန်
- အထက်တွင်ဖော်ပြခဲ့သော အမျိုးအစားတွင် မပါဝင်သော်လည်း နိုင်ငံရေးအရ တရားစွဲဆို အရေးယူပြီး မျှတသောတရားစီရင်မှု မရခဲ့သည့် အမှုများအားလုံးကိုလည်း ပြန်လည်သုံးသပ်ပြီး ပြန်လွှတ်ပေးသင့်သလား၊ သို့မဟုတ် နိုင်ငံတကာ မျှတသောတရားစီရင်မှု စံနှုန်းများနှင့်
- ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများကို ဖမ်းဆီးတရားစွဲဆိုရာတွင် အသုံးပြုသော ဥပဒေများကို ပြန်လည်သုံးသပ်၍ ယင်းဥပဒေများကို ပယ်ဖျက်သင့်သလား၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများနှင့် ညီအောင် ပြင်ဆင် သင့်သလားဆိုသည်ကို လွှတ်တော်သို့ အကြံပြု တင်ပြရန်
- နိုင်ငံရေးအရ ရည်ရွယ်ချက်ဖြင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသုံးချကာ လူအများအား ပြစ်မှုမြောက်သည့် စွဲချက်များတင်နေခြင်း အဆုံးသတ်သွားစေရေးအတွက် အကြံပြုချက်များကို ရေးဆွဲကာ သက်ဆိုင်ရာ အာဏာပိုင်များထံ တင်ပြရန်

- ယုံကြည်ချက်ကြောင့်အကျဉ်းချခံနေရသူများအား ပြန်လွှတ်သည့်အခါ ထားရှိသည့် ခြွင်းချက်များ အားလုံးကို ဖယ်ရှားရန်

- ကော်မီတီအနေနှင့် လွတ်လပ်စွာ၊ ထိရောက်စွာ၊ ပွင့်လင်းမြင်သာစွာ အလုပ်လုပ်နိုင်ရေးအတွက် မြန်မာအစိုးရအနေနှင့်

- ကော်မီတီသည် ၎င်း၏တာဝန်၊ ရည်ညွှန်းကိုးကားရာ နှင့် လုပ်ငန်းစဉ်များကို အများပြည်သူသိအောင် ထုတ်ပြန် ထားပြီး ကော်မီတီ၏ လုပ်ငန်း ဆောင်ရွက် မှုများ အကြောင်း ပုံမှန်အစီရင်ခံစာ ထုတ်ပြန်စေရန်

- ကော်မီတီအား လုံလောက်သော ထောက်ပံ့မှု ပေးထားပြီး၊ အစိုးရအဖွဲ့အစည်း အသီးသီးမှလည်း သင့်တော်သလို အကူအညီပေးရန်၊ အကျဉ်းထောင်များကို သွားရောက်ခွင့်၊ အကျဉ်းထောင်မှတ်တမ်းများကို ကြည့်ရှုခွင့်၊ အကျဉ်းသားများနှင့်တွေ့ဆုံခွင့်များ ပေးထားပြီး အစိုးရအရာရှိများကိုလည်း မေးမြန်းနိုင်သော အခွင့်အာဏာများ ပေးထားရန်

- ကော်မီတီတွင် အဖွဲ့ဝင်အဖြစ် လုံလောက်သော အရေအတွက် ပါဝင်နိုင်ရေးအတွက် ဖိတ်ခေါ်ရန်၊ ကော်မီတီဝင်များကို သင့်တော်သည့် စံသတ်မှတ်ချက် များနှင့်အညီရွေးချယ်ရန်၊ ကော်မီတီဝင်များ အဖြစ် လွတ်လပ်မှု၊ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုတို့ကို မူတည်ပြီး ရွေးချယ်သလို ကော်မီတီတွင် ကျားမ အရေအတွက်မျှတစွာပါဝင်ရန်၊ လူမျိုးစု ကိုယ်စားပြု သူများပါဝင်ရန်နှင့် ကလေးသူငယ်နှင့် ကျားမအခွင့်အရေး ဆိုင်ရာ ကျွမ်းကျင်သူများလည်း ပါဝင်စေရေး ဆောင်ရွက်ပေးရန်၊ ကော်မီတီတွင် ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် ၎င်းတို့ကို ကိုယ်စားပြု သူများ အပါအဝင် နယ်ပယ်အသီးသီးမှ လူများ ပါဝင်စေသင့် ပါသည်။

- ကော်မီတီအဖွဲ့ဝင်များ၏ လူ့အခွင့်အရေး နားလည် ကျွမ်းကျင်မှု အရည်အသွေးတိုးတက် လာစေရေး အတွက် လိုအပ်သော ပံ့ပိုးမှုများပေးပြီး ပြင်ပကျွမ်းကျင်သူများထံမှ

- ကော်မီတီ၏ လုပ်ငန်းစဉ်များကို ရေးဆွဲရာတွင် ယုံကြည်ချက်အကျဉ်းသားဟောင်းများနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများ၊ ၎င်းတို့၏ မိသားစုများ၊ ၎င်းတို့ကို ကိုယ်စားပြုသူများနှင့် တိုင်ပင်ရေးဆွဲရန်နှင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ မတူညီသော အတွေ့အကြုံများကိုလည်း ထည့်သွင်းစဉ်းစားရန်

**နိုင်ငံတကာ အသိုင်းအဝိုင်း အထူးသဖြင့် အမေရိကန် အစိုးရ၊ ဥရောပသမဂ္ဂ နှင့် အာဆီယံနိုင်ငံ အစိုးရများ အတွက် အကြံပြုချက်များ**

- မိမိတို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံး ခဲ့ရုံဖြင့် ဖမ်းဆီးခံခဲ့ရသောသူများကို ချက်ခြင်း ခြွင်းချက်မရှိပြန်လွှတ်ပေးပြီး ထောင်ဒဏ်ပြစ်ဒဏ် ချခံရနိုင်သည့် စွဲချက်များရင်ဆိုင်နေရသူများအပေါ် စွဲဆိုထားချက်များကို ပယ်ဖျက်ပေးဖို့ မြန်မာအစိုးရအား အတိအလင်းတောင်းဆိုကြရန်

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့် အခွင့်အရေးများကို ချိုးဖောက်သော ဥပဒေများ အားလုံးကို ဖျက်သိမ်းရန် သို့မဟုတ် ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန်၊ ယင်းဥပဒေများအထဲတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မများ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်း လှည့်လည်ခြင်း ဥပဒေ၊ ၁၉၀၈ တရားမဝင်အသင်းများ ဥပဒေ၊ ၂၀၁၃ ဆက်သွယ်ရေး ဥပဒေ နှင့် ၁၉၂၃ နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေ နှင့် အခြားဥပဒေ များသည်လည်း နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် ပြုလုပ်ဖို့ မြန်မာအစိုးရကို တိုက်တွန်းရန်

- အထက်တွင်ဖော်ပြခဲ့သည့် အကြံပြုချက်များအတိုင်း ယုံကြည်ချက်ကြောင့် အကျဉ်းကျခံ ရသူများရေးရာ ကော်မီတီကို ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ကော်မီတီအသစ်တစ်ရပ်ဖွဲ့စည်းခြင်းပြုလုပ်ရန် မြန်မာအစိုးရကို တိုက်တွန်းရန်

- ဤကဲ့သို့လုပ်ဆောင်များများအတွက် မြန်မာအစိုးရက လိုအပ်သော အထောက်အပံ့များနှင့် နည်းပညာအကူအညီများ တောင်းခံလာလျှင် အပြုသဘော စဉ်းစားပေးကြရန်

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည်

လူ့အခွင့်အရေးများအတွက် ကမ္ဘာတဝန်း

လှုပ်ရှားမှုကြီး တစ်ခုဖြစ်သည်။

လူတစ်ဦး မတရားပြုကျင့်ခံရခြင်းသည်

လူတိုင်းကို ထိခိုက်စေခြင်း ဖြစ်သည်။


CONTACT US

info@amnesty.org

+44 (0)20 7413 5500

JOIN THE CONVERSATION

www.facebook.com/AmnestyGlobal

@AmnestyOnline

# ထုတ်ဖော်မှုအသစ်များနှင့်

# ဖိနှိပ်မှုအဟောင်းများ

## မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ဖမ်းဆီး

## ထောင်ချနေမှု သံသရာအဆုံးသတ်ရေး

၂၀၁၁ခု မတ်လတွင် တက်လာသော အစိုးရသည် ဆယ်စုနှစ်ငါးခုကြာ စစ်အုပ်ချုပ်ရေးမှ ပို၍လွတ်လပ်ပွင့်လင်းသောနိုင်ငံရေးစနစ်တစ်ခုသို့ ပြောင်းလဲရန် ပြုပြင်ပြောင်းလဲမှုကြီးများကို စတင်ပြုလုပ်ခဲ့သည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအပြောင်းအလဲများထဲတွင် ကြိုဆိုဖွယ်ရာတစ်ခုအဖြစ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့်ငြိမ်းချမ်းစွာ စုဝေးခွင့်များ အပေါ် ကန့်သတ်ချက်များကိုလည်း ဖြေလျော့ခဲ့ပြီး ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသူများကိုလည်း ရာနှင့်ချီပြီး ပြန်လွှတ်ပေးခဲ့သည်။

သို့ရာတွင် ဤပြုပြင်ပြောင်းလဲမှုများကြားတွင်ပင် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ငြိမ်းချမ်းသော လှုပ်ရှားမှုများအတွက် ဖမ်းဆီး တရားစွဲဆိုထောင်ချမှုများနှင့် ရင်ဆိုင်နေရပါသေးသည်။ လူထုက သူတို့၏အခွင့်အရေးများကို ပိုမိုတောင်းဆို လာသည်နှင့် အမျှ အာဏာပိုင်များကလည်း လူ့အခွင့်အရေးကာကွယ်သူများ တက်ကြွလှုပ်ရှားသူများကို အကျဉ်းချထားရန် နည်းမျိုးစုံကို အသုံးပြုခဲ့သည်။ ဖိနှိပ်သော ဥပဒေများကို အသုံးပြုမှုများ စိတ်ပူပင်စရာ ပြန်တွေ့လာရပြီး လူ့အခွင့်အရေးအတွက်တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ လှုပ်ရှားမှုအတွက် အဖမ်းခံရမည့် အန္တရာယ် အမြဲရှိလာနေပါသည်။

၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲတွင် အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ် အနိုင်ရခဲ့ခြင်းက နောက်ထပ်ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နိုင်ရန် အခွင့်ကောင်းတစ်ခု ပေးနေပါသည်။ ထုတ်ဖော်မှုအသစ်များနှင့် ဖိနှိပ်မှုအဟောင်းများ - မြန်မာနိုင်ငံတွင် နိုင်ငံရေးအရဖမ်းဆီး အကျဉ်းချနေမှု သံသရာ အဆုံးသတ်ရေး ဟု အမည်ပေးထားသော ယခုအစီရင်ခံစာတွင် ၂၀၁၄ ခုနှစ် အစမှစ၍ နိုင်ငံရေးအရ ဖမ်းဆီးအကျဉ်းချမှု ဖြစ်စဉ်များကို မီးမောင်းထိုးပြထားပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို လေးစားရန်နှင့် ဥပဒေနှင့်မညီပဲ ထင်သလိုဖမ်းဆီး အကျဉ်းချသော လုပ်ရပ်များ အဆုံးသတ်သွားစေရေးအတွက် အစိုးရသစ်ကို တိကျသော အကြံပြုချက်များလည်း ဖော်ပြထားပါသည်။

**Index: ASA 16/3430/2016**
**Date: March 2016**

**amnesty.org**

AMNESTY INTERNATIONAL

## *ကိုးကားချက်များ*

(၁) ၁၃-၈-၂၀၁၅ က Global New Light of Myanmar တွင်ဖော်ပြခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

(၂) ဇူလိုင် ၂၀၁၅ က ပြုလုပ်ခဲ့သော Amnesty International ၏ အင်တာဗျူးမှ

၃ လူ့အခွင့်အရေးကာကွယ်သူများ ဆိုသည်မှာ အကြမ်းမဖက်သောနည်းလမ်းများကို သုံး၍ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းသူများ ဖြစ်သည်။ ၎င်းတို့သည် သတင်းသမားများ၊ ရှေ့နေများ၊ လူ့အခွင့်အရေးအဖွဲ့များမှ အဖွဲ့ဝင်များ၊ အလုပ်သမား သမဂ္ဂများ၊ ဆရာဝန်များ နှင့်အခြားဆေးဖက်နှင့် အသိပညာပေးမှုများပြုလုပ်ပေးသူများ ဖြစ်သည်။ နိုင်ငံရေးသမားများအထဲမှ လူ့အခွင့်အရေး မြှင့်တင်ပေးသူများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထုတ်ဖော်ကန့်ကွက်သူများလည်း ပါဝင်သည်။ ၎င်းတို့သည် လူ့အခွင့်အရေးချိုးဖောက်ခံရသူ၏ မိတ်ဆွေများ၊ ဆွေမျိုးများလည်း ဖြစ်နိုင်ပြီး ခြိမ်းခြောက်မှုများ ရှိသည့်ကြားမှ ၎င်းတို့၏ မိတ်ဆွေဖက်မှ ရပ်တည်ပေးသူများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေက လူတစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ ဖြစ်စေ လူ့အခွင့်အရေးများကို ကာကွယ်နိုင်ခွင့်ကို ပြဌာန်းပေးထားပြီး လူ့အခွင့်အရေးများကို ကာကွယ်ပိုင်ခွင့်အား အခြားသော လူ့အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးအတွက် အခြေခံကျသော လုပ်ရပ်တစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။ အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ခြင်းဆိုင်ရာ လူတစ်ဦးချင်းစီ၊ အစုအဖွဲ့လိုက်နှင့် လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းများ၏ အခွင့်အရေးနှင့်တာဝန်များဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင်ရှု - UN Doc. A/RES/53/144, 8 March 1999 (လူ့အခွင့်အရေး ကာကွယ်သူများဆိုင်ရာ ကြေညာစာတမ်း)

၄ မြန်မာနိုင်ငံတွင် ဤအသုံးအနှုန်းကို အဓိပ္ပါယ်ဖွင့်ဆိုရန် ကြိုးပမ်းခဲ့သော်လည်း အားလုံးသဘောတူညီချက် မရခဲ့ပါ။ ဥပမာအားဖြင့် AAPP နှင့် FPPS တို့က ၂၀၁၄ စက်တင်ဘာ ၂ ရက်နေ့က ထုတ်ပြန်သော နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက် ကို ဒီနေရာမှာ ရယူကြည့်ရှုနိုင်ပါသည်။http://aappb.org/2014/09/aapp-fpps-press-release-about-the-definition-of-a-political-prisoner/

၅ ဥပဒေနှင့်မညီသော ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းတို့ ဖြစ်နိုင်သော အခြေအနေ သုံးမျိုး ရှိပါသည်။ ဥပဒေပါပြဌာန်းချက် ရှင်းရှင်းလင်းလင်းမရှိပဲ လူတစ်ဦး၏ လွတ်လပ်ခွင့်ကို ကန့်သတ်ထိန်းချုပ်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ငြိမ်းချမ်းစွာကျင့်သုံးရုံဖြင့် ထိန်းသိမ်းခံရခြင်း နှင့် တရားမျှတသော စီရင်မှုကို ကြီးကြီးမားမားချိုးဖောက်ခံရခြင်းတို့ ဖြစ်သည်။ ဥပဒေနှင့်မညီပဲ ဖမ်းဆီးထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းအဖွဲ့၏
အချက်အလက်စာတန်း အမှတ် ၂၆ ပါ အပိုဒ် ၄ (က)-(ခ) ကိုကြည့်ပါ။ ဤနေရာတွင် ရနိုင်ပါသည်။
http://www.ohchr.org/Documents/Publications/FactSheet26en.pdf
ဥပဒေနှင့်မညီသော ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်းတို့ကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေက တားမြစ်ထားပါသည်။ ဥပမာ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်၉ နှင့် အပြည်ပြည်ဆိုင်ရာလူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ ပဋိညာဉ် အပိုဒ် ၉(၁)။ ထို့အပြင် မြန်မာနိုင်ငံက ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ပါဝင်လက်မှတ်ထိုးထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် ပုဒ်မ ၃၇(ခ)တွင်လည်း ဤကဲ့သို့တားမြစ်ချက် ပါရှိပါသည်။

၆ မြန်မာနိုင်ငံကို ၂၀၁၄ မတ်လနှင့် ထိုင်းနိုင်ငံကို ၂၀၁၄ ဒီဇင်ဘာလတွင်သွားရောက်၍ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အဖွဲ့ဝင်များက ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ ရှေ့နေများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အခြားပုဂ္ဂိုလ်များနှင့်တွေ့ဆုံခဲ့သည်။

၇ ရုံးတွင်းစာများ၊ ရည်ညွှန်းအမှတ် TG ASA 16/2015.029; TG ASA 16/2015.030; TG ASA 16/2015.031; TG ASA 16/2015.032; TG ASA 16/2015.033; TG ASA 16/2015.034; TG ASA 16/2015.035.

၈ ရာ့ချ်ဆူမာ လာလား၊ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၊ (*မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ - အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ*) UN Doc. E/CN.4/1997/64 ၁၉၉၇ ဖေဖော်ဝါရီ ၆၊ အပိုဒ် ၁၀၆

၉ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ထုတ်ပြန်ခဲ့သော အစီရင်ခံစာများတွင်ကြည့်ရန်၊ *မြန်မာနိုင်ငံအရှေ့ပိုင်းမှ လူအမြောက်အများအပေါ်ကျူးလွန် ခဲ့သောရာဇဝတ်မှု* (Index; ASA 16/011/2008) ၅ ဇွန် ၂၀၀၈၊ *အိမ်ကိုစွန့်ခွာ၍* (Index: ASA 16/023/2005) ၇ စက်တင်ဘာ ၂၀၀၅၊ *အခြေခံအခွင့်အရေးများ ငြင်းပယ်ခံနေရသော ရိုဟင်ဂျာလူနည်းစု* (Index: ASA 16/005/2004) ၁၈ မေ ၂၀၀၄၊ *ပစ်မှတ်ထားဖိနှိပ်ခံနေရသော တိုင်းရင်းသားလူမျိုးများ* (Index: ASA 16/014/2001) ၁၂ ဇွန် ၂၀၀၁၊ *ရှမ်းပြည်နယ်မှ အစုလိုက်ထွက်ပြေးနေရခြင်း* (Index: ASA 16/011/2000) ၉ ဇူလိုင် ၂၀၀၀၊ *လူနည်းစုအခွင့်အရေးများ တိုက်ခိုက်ခံနေရ* (Index: ASA 16/020/1997) ၂၁ ဇူလိုင် ၁၉၉၇၊ *ပုန်းစရာမြေမရှိ - သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် အခြားကျူးလွန်မှုများခံနေရသော ကရင်ရွာသားများနှင့် ဒုက္ခသည်များ*(Index: ASA 16/013/1995) ၅ ဇွန် ၁၉၉၅၊ *ရခိုင်ပြည်နယ်မှ မူဆလင်များအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု* (Index: ASA 16/006/1992) ၃၀ ဧပြီ ၁၉၉၂။

၁၀ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ထုတ်ပြန်ခဲ့သော အစီရင်ခံစာများတွင်ကြည့်ရန်၊ *မြန်မာနိုင်ငံတွင် နိုင်ငံရေးအရဖမ်းဆီးမှုများနှင့် တရားစွဲဆိုမှုများ အကြောင်းထပ်မံသိရသော အချက်များ* (Index: ASA 16/046/1996) ၃၁ ဩဂုတ် ၁၉၉၆၊ *မြန်မာနိုင်ငံမှ နိုင်ငံရေးဖိနှိပ်မှု၏ အကျဉ်းသားများ* (Index: ASA 16/006/2001) ၁၇ ဧပြီ ၂၀၀၁၊ *မြန်မာနိုင်ငံမှနိုင်ငံရေးအကျဉ်းသားများ - များပြားလာနေသော တရားမမျှတမှု၏ ဆိုးမွေ* (Index: ASA 16/019/2005) ၁၅ ဇွန် ၂၀၀၅၊ *ပုံမှန်ပြန်မရောက်သေးသော မြန်မာနိုင်ငံ* (Index: ASA 16/037/2007) နိုဝင်ဘာ ၂၀၀၇။

၁၁ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ထုတ်ပြန်ခဲ့သော အစီရင်ခံစာများတွင်ကြည့်ရန်၊ *နိုင်ငံတော်အကျိုးအတွက် ဆိုကာ စစ်အုပ်ချုပ်ရေးအောက်မှ အဖမ်းဆီး၊ အနှိပ်စက်ခံ၊ အကျဉ်းရုံးစစ်ဆေးစီရင်ခံနေရသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ* (Index: ASA 16/010/1990) ၇ နိုဝင်ဘာ ၁၉၉၀၊ *မြန်မာနိုင်ငံမှ တရားမျှတမှုမရှိသော နိုင်ငံရေးအရ*

*တရားစီရင်မှုများ* (Index: ASA 16/06/91) စက်တင်ဘာ ၁၉၉၁၊ *ဥပဒေလုံးဝမရှိသော မြန်မာနိုင်ငံ - စစ်အုပ်ချုပ်ရေးအောက်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများ* (Index: ASA 16/011/1992) ၃၀ စက်တင်ဘာ ၁၉၉၂၊ *စစ်အုပ်ချုပ်ရေး ၇နှစ်အကြာ မြန်မာ့လူ့အခွင့်အရေး အခြေအနေ*(Index: ASA 16/23/95) အောက်တိုဘာ ၁၉၉၅၊ *တရားစီရင်ခံနေရသော တရားမျှတမှု* (Index ASA 16/019/2003) ၃၀ ဇူလိုင် ၂၀၀၃။

၁၂ မြန်မာအမျိုးသမီးများသမဂ္ဂနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) တို့ ပူးတွဲထုတ်ဝေသော *မြန်မာနိုင်ငံမှ အမျိုးသမီး နိုင်ငံရေး အကျဉ်းသူများ* (စက်တင်ဘာ ၂၀၁၄) နှင့် အာရှတရားမျှတမှုနှင့်အခွင့်အရေးများ အဖွဲ့မှ ထုတ်ဝေသော *သေတ္တာကိုဖွင့်ကြည့်ခြင်း - စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ဥပဒေအရ အရေးယူခံရခြင်းမရှိပဲ လွတ်နေသူများအကြောင်း မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ အတွေ့အကြုံ* (စက်တင်ဘာ ၂၀၁၅)

